ပဋိညာဉ်ဗှဲတ်ဒရဲရ် ဒီမိုကရေဆီ

ဒေါန်(1)

ပ္လွ်ဘောဲ့စေညာ ကုင်ကပိုမ်ဗှဲတ်ဒရဲရ်ဒီမိုကရေဆီ

2021

Federal Democracy Charter

Part-1

Declaration of Federal Democratic Union 2021

ခေင်ဆန့်မ် 2021 ကျံရ်အိုည်၊ ဆငည်း(31)ပေါ်ာည့်ရှိုရ်းစေညာပ္လိုရ်ုဒဒေဲ့ ။ ခေင်ဆန့်မ် 2022 ကျံရ်အူ ၊ ဇူးဆငည်း (27) ရောတ်ဆငည်း(29) စီရ်ဍွံက်ဒေဲ့ ဒါပ်ုနစီရ်ဩဲဆားပနိုက် ပ်ုန်ရေဲန်ဒေဲ့ တပါင်မိုန်ဒါင်းကုင် လှိုဝ်ဲ့(1) ။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်
အစိတ်အပိုင်း (၁)
ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြေညာစာတမ်း
၂၀၂၁ ခုနှစ်

Federal Democracy Charter

Part – I

Declaration of Federal Democratic Union

2021

၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ်ပြည်သူ့ညီလာခံတွင် ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် အတည်ပြုခဲ့သည်။

မာတိကာ

ဍုးဘံင်

ဗှ်ပင်း(1) ပ်ုန်ကကာမ်း ၊ ပ်ုန်ကယေင်

ဗှ်ပင်း(2) ဖုင်ဂဲအီလီပ်တောပ် ခေါင်ပဋိညာဉ် (Members of the Charter)

ဗှ်ပင်း(3) ကခံပ်ကယည်ဇိုင်းကာန်ပ်ုန်နံင်ရေန်(ဆဝ်အာဝ်မိုဟ်) ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင်

ဗှ်ပင်း(4) ဘည်ကိက်ကီရ် ဘည်ခမိုတံင်ရျု်ရ်ုဟ်ဥပဒေ ကုင်ကပိုမ်ဗှ်တ်ဒရဲရ်ဒီမိုကရေဆီ

ဒေါန်(1) ပ်ုန်ကယေင် ကာည်း ငေါဟ်ခံန်(စံတန်ဖိုး) ကုင်ကပိုမ်

ဒေါန်(2) ယိုဝ်နှ်ဒေင် တံင်ဍုးမူဂဲ ကဒါ့လံပ်ရေန် ကုင်ကပိုမ်ဗှ်တ်ဒရဲရ်ဒီမိုကရေဆီ

ဒေါန်(3) ယိုဝ်နှ်ဒေင် တံင်ဍုးမူဝါဒဂဲ ကဒါ့လံပ်ရေန် ကုင်ကပိုမ်ဗှ်တ်ဒရဲရ်ဒီမိုကရေဆီ

ဗှ်ပင်း(5) ဆေတ်စာပ်ုန်ခါမ်

ထောည့်

မာတိကာ

နိဒါန်း
အခန်း (၁) ဦးတည်ချက်၊ ရည်ရွယ်ချက်
အခန်း (၂) ပဋိညာဉ်တွင် ပါဝင်သည့်အဖွဲ့အစည်းများ (Members of the Charter)
အခန်း (၃) အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ
အခန်း (၄) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း
အပိုင်း (၁) ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး၊
အပိုင်း (၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ
လမ်းညွှန်အခြေခံမူများ
အပိုင်း (၃) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူဝါဒများ
အခန်း (၅) ဝန်ခံကတိပြုချက်
နိဂုံး

ပၚ်ညာဥ် ဗဟ်ဒရဲရ်ဒီမိုကရေဆီ

Federal Democracy Charter

ဖျုးဘၚ်

အိုရ်ဆိုင်အာညိ,နီန် ဆမ်င်ဆိုပ်တာမ် အီဂေါ်ညိဒေဲ့လောတ်လာပ်ကဒညိရာင်ဒေ ဘိုုန်းဂေါ်ညိဒေဲ့လလမျိုမ်မျိုမ် ဘညိခြိုဝ်းကောန်တိုင်ကုင်ဂဲဒီန် ဘိုုန်းဒေဲ့လံပ်လောတ်လာပ်ရှုမ်ရှုမ်ရား့ရား့ ၊ ရီန်းရဲတ်ဒေဲ့ ကနာညိကရောမ်ပျိုဝ်, ကုင်ကပိုမ်ဗဟ်ဒရဲရ်ဒီမိုကရေဆီ ။ ဘိုုညိဒါ့လိုုညိမဝ် ဖျုး့ပွံတ်ဘံန်ဟောညိ,ဘိုုန်း လံပ်လောတ်လာပ် ဘိုုန်းဂေါ်ညိမျိုမ် အီမိုး့ပုန်ကိက်ဒါပျဍာန်းယိဝ်နဲ့ဒေဲ့ ဘညိခမိုတံင်ရျံရ်ုဥပဒေ 1947 ၊ ဘညိခမိုတံင်ရျံရ်ုဥပဒေ 1974 ကာညိး ဘညိခမိုတံင်ရျံရ်ုဥပဒေ 2008 ဂဲဒီန် ဂေါ်,မိုး့အာဝ်ဘယ်ရေဲန်နိုက် ဘညိအီမိုး့ပုန်ဖြောမ်ဆဖောရှုမ်ဆဖောရား့ တဘော်,ဖြောမ်ပါင်လိုင် ၊ လံပ်ဒီမိုကရေဆီ ၊ လံပ်ကဒိုဝ်းအိမ်ဘံန်းခြိုဝ်းကာညိး အခွါင်းအရေးဘိုုန်းဩောင်ချာင်ပျဍာန်း ရာင်ဆေရာင်အ်ုန်၊ ကုင်ဒါင်းအယ်နီန်ဆဲ့ဒါ,ကတူး့ဖေးဆိုက်ဖေးနာန်းခေဲင်ကုင် (70)ဆနုံမ်လေ့ ကတူး့ဘိုးထဲင် ဆိုက်ဩာန်ကဖါ,ဆီမ်းအာဏာကုင် လညိလိုုဝ့်ဂညိလိုုဝ့် ။ ဘညိဗိုဇဖေဝ်ဇာဝ်း ဆနီတ်ကညာအာဏာဆိုက်ဖေဝ် ကာညိး ဆနီတ်ကညာအာဏာဖေဝ်အူပါတီဒီန် တိုအီးကုင်ပါဒိုး,ဒိုညိ, ကတူး့ဘုံပ်ခါမ်တာမ်အ်ုန်။

ပုန်ကိက်ပျဍာန်းဒေဲ့ ဖုင်ဆိုက်ဩာန်ကဲ ဘညိခမိုတံင်ရျံရ်ုဥပဒေ 1974 ကနာညိနံင်ပျိုဝ်, ပြိုဝ့်ပျေဲ့ဒါဆနီတ်ဒေင်အူပါတီကညာအာဏာဖေဝ်ဒီန် တိုအီးကုင်ပါဒိုး,ဒိုညိ, ဟာညိဘယ်ဒေ ပွေဲဝ်ယာ့စီန် ဇိုယာမ်စိုုန်းဒါင်း တာရ်ဖိုန်တို(8888) ၊ ကနာညိပျိုဝ်,ပြိုဝ့်ပျေဲ့ဆနီတ်ဒေင်ကညာအာဏာဆိုက်ဖေဝ် ပုန်ကိက်ပျိုရ်ု့ပျဍာန်းဒေဲ့ အဓမ္မတကုံတ် အာဝ်တောပ်ဆန္ဒနေား့ဖိုမ် တိုအီးကုင်အီရဝ် ဘညိခမိုတံင်ရျံရ်ုဥပဒေ 2008 ဒီန်မဝ် ဟာညိဘယ်ပွေဲဝ်ယာ့စီန် ဒါဘညိရညိးဘညိစိုုန်း တိုအီးကုင်အီရဝ် အီဆံင်ခံတ် ဘညိဆိုက်ဩာန် ကဖါ,(ဆီမ်း)အာဏာကုင် ဆနုံမ် 2021 ကျံရ်အာရ် ၊ ဆငညိး(1) ။ ဂေါ်,ကောင်ဆံရ်ဆိုက်ဩာန်(စကစ)ကဲကဖါ,(ဆီမ်း)အာဏာကုင် စီရ်ဆံင်ခံတ်ပုန်ကိက်ပျဍာန်းဒေဲ့ကဲ ဘညိခမိုတံင်ရျံရ်ုဥပဒေ ၊ ဘညိကဖါ,ကဲတအာဏာကုင်ဒီန် အ်ုန်ပွေဲဝ်ပျံတ်စီန်းလိုုညိ ဘညိခမိုတံင်ရျံရ်ုဥပဒေ 2008 ။

မိုုဝ့်ပုန်ကွာင်းဒါ့စြာင်းမဲ(ဆလာက်)ကလူညိ, တပ္လေါ်ညိရံရ်ု့ပုန်ရေဲန်ဒေဲ့ ခေဲင်ဆနုံမ် 2020 ကျံရ်ကိုုရ်အူ အီပဲန်ဆံင်ခံတ် ဆိုက်ဩာန်ကဖါ,အာဏာကုင် ၊ တိုအီးကုင်အီရဝ် ယိုုဝ်,စိုုန်းရိုုရ်ု့နဲ့ဆန္ဒ ယေန်ယေန်ငံင်ငံင် အာဝ်တောပ်ဘညိကယာင်ဖေဝ် ဘညိရညိး CDM ၊ တောပ်ပညိ ဘညိပြိုဝ့်ပျေဲ့ ကဝ်မ်မတီကနာညိးကုံန်ရံရ်ကုင်ကပိုမ် ဖျုး့ပွံတ် ကောန်တဘိုက်၊

ကောန်အီပုံန် ၊ ကဲအီရံပ်ဇိုင်းကပ္လိုင် ၊ အီရေန်ဇိုင်းကာန် ကာည်း သမဂ္ဂဂဲ ၊ တောပ်ပည် ဖုင်ကပါင်းကောန်အီပုံန် ဖုင်ကပါင်းတိုအီးအယာတ်ဂဲ ၊ ကာ်မ်မတီအီယှိုဝ်,ဗိုုန်းဂဲ ၊ ကောန်တိုင် ကုင်ဂဲတောန်ဗံရ်ခြိုဝ်း ၊ တိုအီးကုင်အီရဝ်ဂည်ချုံန်လည်နဲ ၊ ပါတီအရေးတိုင်ကုင် ကဲအီအာဝ် ရံပ်ခါမ် ဘည်ဆိုက်ဘြာန်ကဖါ,အာဏာကုင် ကဲဂဲဒီန် ကရောမ်ရေန် ကဖြောမ်ယှိုဝ်,တိုက်ဗိုုန်း ကလွဲ့ဒို,ပါ်ကုင်ကပိုမ်နီန်။ ဘည်ရည်းလံပ်ဆံင်ခံတ် ဆိုက်ဘြာန်ကဖါ,အာဏာကုင်ဒီန် ကဲအီကရောမ်ကဖြောမ်ဒေလီပ်(Stakeholders) အယ်ကိုန်ဘယ်ပြိုဝ်; ပျိုဝ်,ဒါပုံန် ကရောမ်အွံရ် တရဲင်ဘွှောမ်ခမိုဒါင်းအူလှေဒီန် အယ်ညှူမ်အေ့ နံင်ဘယ်ကယာင်မိုင်း တိုက် ယာ့ပွဲ့ဝ် ထောည်,ဗိုန် ဆနီတ်ကညာအာဏာဆိုက်ဖေဝ်ကဲ ။ ကိုန်ဘယ်တိုက်ယာ့ ပွဲ့ဝ်ဗိုန် ကညာအာဏာဆိုက်ဖေဝ် ကာည်း ဘိူရ်(ဂါဆိင်မို့) ဆနီတ်ရဒေင်ကညာအာဏာဖေဝ်ဂဲ မောရျံရ်း့အိုန်ကံပ်ကတုံတ်ကဘြိုရ်း၊ စီနံင်ဘိူန်း လံပ်ဒီမိုကရေဆီ ၊ လံပ်ကဒိူဝ်း့အိုမ်ဘံန်းခြိုဝ်း ကာည်း အခွါင်းအရေးဘိူန်းဘြောင်ချှာင်ရာင်ဆေရာင်အုံန်။ စီနံင်ဘိူန်း ကိကပ္လိုရ်း့ပျဌာန်း ဘည်ခမိုတံင်ရျံရ်း့ဥပဒေ အီဘယ်ဒေအာမခါမ်နိုက်နိုက် ၊ ညှူမ်အေ့ နံင်ဘယ်ပျိုဝ်, ကုင်ကပိုမ် ဓဲ့တ်ဒရဲရ် ဒီမိုကရေဆီအီရီတ်မံင် ။

ဖုင်ကပါင်းဂဲ အီဖြောမ်ဆဖောရံပ်ခါမ် “ပဋ္ဌိညာဉ်”နီန် ဘားအူန်းငေါ့ခံန်(စံတန်ဖိုး) ပုံန်ပ္လိုရ်း့အူန်း ၊ နံင်ရေန်ဟာဝ်း မောဆနီတ်ကညာအာဏာဖေဝ်ကံပ်ကမာ်ဟြာည် ကာည်း မောကံပ်ဘယ်ပျိုဝ်, ကုင်ကပိုမ် ဓဲ့တ်ဒရဲရ် ဒီမိုကရေဆီ ချုံန်မှောချုံန်အုံန် ။ ဇိုယာမ်ရေန်ဒီန် ဒါဘည်ရေန်တောပ်လံပ်ရဒေင်အရေးတိုင်ကုင် ၊ ဒါဘည်နံင်လိုတောပ် တံင်ဇူး့ မူရဒေင် ဓဲ့တ်ဒရဲရ် ဒီမိုကရေဆီ ၊ တံင်ဇူး့မူဝါဒဂဲဒီန် စီဘွံက်ပွေ့သန္နိဋ္ဌာန် နံင်ရိန်းရဲတ်ပျိုဝ်, ဟာဝ်းပွံတ် ကုင်ကပိုမ်ဓဲ့တ်ဒရဲရ် ဒီမိုကရေဆီနီန်။ ကဲအီရံပ်ခါမ်ဆဖော ပဋ္ဌိညာဉ် နီန် ဇူး့ချုံန်ဘည် ကရောမ်အွံရ် ကရောမ်ရေန်ဒဲ့အုံန်ပဲန်ဒီန် နံင်ပဲန်ရဲင်ဘွှောမ် အီနံင်ရောတ်စာ်မ်း ဒီလိုအယ် တပုံန်ကကာမ်းအယ်။ ဒါပုံန်ညှူမ်အီရီတ်မံင် ဘွံက်ပွေ့ပ္လိုရ်း့ ပျဌာန်းအူန်း တ ပဋ္ဌိညာဉ် ဒါင်းနီန်ဟာ်,။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်
Federal Democracy Charter

နိဒါန်း

သမိုင်းစဉ်ဆက် သီးခြားလွတ်လပ်စွာနေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် လွတ်လပ်ရေးကို အတူတကွရယူပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ပူးပေါင်း ထူထောင်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် လွတ်လပ်ရေးရရှိသည့် အချိန်မှစ၍ ရေးဆွဲ ပြဋ္ဌာန်းကျင့်သုံးခဲ့ကြသော ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် ပင်လုံစာချုပ်တွင် သဘောတူညီထားခဲ့ကြသော ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့် အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသောကြောင့် ဤတိုင်းပြည်တွင် နှစ်ပေါင်း (၇၀) ကျော် ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရသည့်အပြင် စစ်အာဏာသိမ်းမှု အကြိမ်ကြိမ် ဖြစ်ပွားပြီး စစ်အာဏာရှင်စနစ်နှင့် တစ်ပါတီအာဏာရှင်စနစ်တို့၏ ဆိုးကျိုးများကို ပြည်သူလူထု တစ်ရပ်လုံး ခါးစည်းခံနေကြရသည်။

စစ်အုပ်စုက တစ်ပါတီအာဏာရှင်စနစ် ထူထောင်နိုင်ရေးအတွက် ရေးဆွဲပြဋ္ဌာန်းခဲ့သော ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရှစ်လေးလုံးအရေးတော်ပုံကြီးဖြင့် ပြည်သူလူထု တစ်ရပ်လုံးက ဖျက်သိမ်းနိုင်ခဲ့ပြီး စစ်အာဏာရှင်စနစ် ထူထောင်ရေးအတွက် လူထုဆန္ဒ မပါဘဲ အတင်းအဓမ္မ ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုကြီးဖြင့် ဖျက်သိမ်းနိုင်ခဲ့ပါသည်။ စစ်ကောင်စီသည် သူတို့ကိုယ်တိုင် ရေးဆွဲ ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်၍ အာဏာသိမ်းခဲ့သောကြောင့် ထိုအာဏာသိမ်းမှုသည်ပင်လျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပျက်ပြယ်သွားစေခဲ့သည်။

၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းသည် ဟု အကြောင်းပြ၍ ဖြစ်ပွားသော စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး အကြမ်းမဖက် ငြိမ်းချမ်း စွာဖြင့် ဆန္ဒဖော်ထုတ်သည့် လူထုလှုပ်ရှားမှုများကို CDM လှုပ်ရှားမှု၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းခြင်း အပါအဝင် လူငယ်၊ အမျိုးသမီး၊ ဝန်ထမ်း၊ အလုပ်သမားနှင့် သမဂ္ဂများက အစပြု၍ အမျိုးသမီး အဖွဲ့အစည်းများအပါအဝင် အရပ်ဖက် လူထုအဖွဲ့အစည်းများ၊ သပိတ်ကော်မတီများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစား အလွှာအသီးသီး၊ စစ်အာဏာသိမ်းမှုကို လက်မခံသော နိုင်ငံရေးပါတီများ ပူးပေါင်း

ဆောင်ရွက် သော လူထုလှုပ်ရှားမှုသပိတ်တိုက်ပွဲများ ပြည်ထောင်စုတဝှမ်းလုံးတွင် ပြုလုပ်နေကြသည်။ ထိုအာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်သော သက်ဆိုင်

သူများ (Stakeholders) ၏ စုပေါင်း ခေါင်းဆောင်မှုဖြင့် တစ်ခုတည်းသော အင်အားစုကို ဖွဲ့စည်းထူထောင်နိုင်မှသာ စစ်အာဏာရှင် စနစ်ကို အပြီးသတ် တိုက်ဖျက် ချေမှုန်းသွားနိုင်မည်ဟု ယုံကြည်သည်။ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင် စနစ်မှန်သမျှကို အမြစ်ပြုတ်တိုက်ဖျက်နိုင်မှသာ ဒီမိုကရေစီရေး၊ အမျိုးသားတန်း တူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံချက် ပေးနိုင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး ခိုင်မာသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို ထူထောင်နိုင်မည်ဟု ယုံကြည်သည်။

ဤ"ပဋိညာဉ်"အား လက်ခံသဘောတူညီကြသည့် အဖွဲ့အစည်းများသည် ဖော်ပြပါ စံတန်ဖိုးများကို ကိုင်စွဲပြီး အာဏာရှင်စနစ်ပပျောက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ပေါက်ရေးတို့အတွက် အဆင့်လိုက်ဆောင်ရွက်သွားမည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံရေးလမ်းပြမြေပုံ၊ ဖွဲ့စည်းပုံအခြခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ၊ အခြေခံမူဝါဒများဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချအပ်ပါသည်။ ပဋိညာဉ်ကို လက်ခံသဘောတူညီကြသူများ၏ စုပေါင်းခေါင်းဆောင်မှုမှတဆင့် စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက် မှုများသည် လိုရာပန်းတိုင်သို့ တွန်းပို့ရောက်ရှိနိုင်မည့် စုပေါင်းအင်အားကို ဖြစ်ပေါ် စေမည်ဖြစ်ကြောင်း ခိုင်မာသော ယုံကြည်ချက်ဖြင့် ဤပဋိညာဉ်ကြီးအား အတည်ပြုပြဋ္ဌာန်းလိုက်သည်။

ဓါင်း(1)
ပိုန်ကကာမ်း ၊ ပိုန်ကယေင်

ကောင်ဆံရ်ဆိုက်ဘြာန်အီကဖါ့အာဏာကုင်ဒီန် ကဲလှိုင်ဗိုန် နေႏဖြုမ်ဆန္ဒကဒါ့ဓဲ့တ် ဒရဲရ် ကာည်းဒီမိုကရေဆီ တိုအီးကုင်အီရဝ်၊ ကဲဂိုည်ဒ့ါကယာင်ဖေဝ် ကလဲ့ဒို့ပါကုင်။ တဝေင်ဘည်မိုႏဘည်ဘာည်းလှေနီန် နံင်ဘုံပ်ရေန် ပါင်မိုန်ဒါင်း(Assembly) အီဒဲႏအခွါင်းအာဏာ တဖုင်ကပါင်း အီကနာည်းကိုန်ရံရ်ဒဲႏတိုအီးကုင်အီရဝ်အူလှေ ကာည်း နံင်ဘုံပ်ပြိူဝ်ႏပျိူဝ့် **ဖုင်ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း**(National Unity Government)ဒီန်ဟာ်ႇ။

တဝေင်ဘည်မိုႏဘည်ဘာည်းနီန် ဖုင်ကပါင်းဂဲ အီကနာည်းကိုန်ရံရ်ဒဲႏတိုအီးကုင်အီရဝ် အီဆံင်ခံတ် ကညာအာဏာဖေဝ် စီအွံရ်ဟာဝ်း ပိုန်ကိုက်ပ္လေႏအူန်းခေါင်ဓါင်း(3) တောပ်ဘည် ဇိုင်းကာန်ယီဝ်ဒေင်အရေးတိုင်ကုင် မောကုင်ကံပ်ဇီရ်တခူည်းယေန်ငံင်၊ ကနာည်နံင်လေႏဒေဲႏ ဘည်ခမိုတံင်ချံရ်ႏဥပဒေကုင်ကပိုမ် ကမာည်းအူလှေ၊ အနာဂံတ်အီနံင်ရောတ်ဒေဲႏ အီကျအီပဲန် တကုင် ကာည်း ဘည်ခမိုတံင်ချံရ်ႏဥပဒေဒီန် မိုႏကနာည်နံင်ပြိူဝ်ႏလေႏဘြောင်ချာင် ကုင်(အစိုးရ) တိုအီးကုင်/ရဝ်(အယာတ်)အီမိုႏအီစဲတ်။ ဖုင်ကပါင်းဂဲ အီခါမ်ကဒိဆေတ်စာ တပ္လါ့ဘေဲ့စေညာပဋိညာဉ် ပိုန်ဖြောမ်ဆဖောရူမ်နီန် ကယေင်ကရောမ်ရေန်ဟာဝ်း ရူမ်ရူမ်ရာႏရာႏ စီဘ္လံက်ပ္လေႏ သန္နိဌာန် အံ့န်ဟာ်ႇ။

ဆဲႏဒီန် အမအံ့န်အီအရေးဒါင်း ကနာည်နံင်ပျံတ်ပိုန်ဟောည့်ထောည့်ဗိုန် တံင်ချံရ်ႏ ပျဆနာပဋိပက္ခ အီပဲန်ဒေဲႏခေါင်ကုင်ကပိုမ်အူနဲ ၊ ကနာည်တိုအီးကုင် ကောန်တိုင်ကုင်ဂဲ ပါဒို့ဒိုည့် လည်ကဘားတည်းကရောမ်တောပ်အူနဲ ၊ ဒါဆနီတ်ရဒေင်ဒီမိုကရေဆီ တကုင်ကပိုမ်ဓဲ့တ်ဒရဲရ် ဒီမိုကရေဆီ အီမူဝ်ႏဒေ အာမခါမ် လံပ်ကဒိူဝ်ႏအီမ်ဘံန်း ကာည်း လံပ်ဘူန်းဘြောင်ချာင် ရာင်ဆေရာင်အံ့န်ဒီန် ဘူရ်ခြိုဝ်းအီလီပ်ခေါင်ကုင်ကပိုမ် ၊ ကောန်တိုင် ကုင်ပါဒို့ဒိုည့် ကနာည် ဘူန်းဂေါည်မူမ်လောတ်လာပ်၊ ကဒိူဝ်ႏအီမ်ဘံန်း၊ ဘြားဖြေင်ကဒိူဝ်ႏ စီလည်တူဝ်ႏကနေ့ႏ လည်ရိုဆော၊ လည်ကရံက်၊ လည်ကဇိုင်ကဖောည်၊ လည်ကဖြောမ် ကရောမ် ၊ ဒဲႏယေန်ယေန်ငံင်ငံင် ကိုက်အူကဒါ့တာတ်အူဒီ ဂေါည်ရူမ်ရူမ်ရာႏရာႏ ကနာည်ပျိူဝ့် ကုင်ကပိုမ် ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ အီတခူည်းပျော်ဝဆာယာအူနဲ ၊ တဝေင်ဘည်ဘာည်းဂဲဒီန် ကယေင်နံင် ရေန်ဟာဝ်းပွံတ် တောပ်ဘည်ကခံပ်ကယည် ရခြူမ်နီန်ဟာ်ႇ ။

1. ဆနီတ်ဒေင်ကညာအာဏာဆိုက်ဘြာန်ဖေဝ် ကာည်း ဘူရ်(ဂါဂါဆိင်မိုႏ)ကညာအာဏာဖေဝ်ဂဲ ပါဒို့ဒိုည့် မောကံပ်ကမာ်ႏဟြာည် ။
2. မောကံပ်ဘူန်းပျံတ်တကြျံတ်ပိုန်ဟောည့်ထောည့်ဗိုန်ဘည်ခမိုတံင်ချံရ်ႏဥပဒေ(2008)။
3. မောကံပ်ဘူန်းပျိူဝ့် ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ။
4. မောကံပ်ဘူန်းပျိူဝ့် ဘြောင်ချာင်ကုင်တိုအီးကုင်အီရဝ်။ (အစိုးရအယာတ်)

အခန်း (၁)

ဦးတည်ချက်၊ ရည်ရွယ်ချက်

အာဏာသိမ်းစစ်ကောင်စီသည် ပြည်သူလူထု၏ ဖက်ဒရယ်နှင့် ဒီမိုကရေစီ အခွင့်အရေးဆိုင်ရာ ဆန္ဒသဘောထားများကို လျစ်လျူရှုကာ နိုင်ငံအဆင့် အကြမ်းဖက်မှုလုပ်ရပ်များ ဆောင်ရွက်နေသည်။ ဤအခြေအနေတွင် ပြည်သူလူထု ကိုယ်စားပြုမှုရှိသော အဖွဲ့အစည်းများ၏ အခွင့်အာဏာပေးအပ်ထားသည့် ညီလာခံ (Assembly) တစ်ရပ်နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government) ကို ဖွဲ့စည်းရန် လိုအပ်ပါသည်။

ဤအခြေအနေတွင် အာဏာရှင်ကို ဆန့်ကျင်သည့် ပြည်သူလူထုကိုယ်စားပြုမှုရှိသော အဖွဲ့အစည်းများက ဦးဆောင်၍ အခန်း (၃) တွင် ဖော်ပြထားသော နိုင်ငံရေးလမ်းပြမြေပုံနှင့်အညီ တိုင်းပြည် ပြန်လည်တည်ငြိမ် အေးချမ်းသာယာစေရန်၊ ပိုမိုကောင်းမွန်သော အနာဂတ်တိုင်းပြည်အတွက် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခု ပေါ်ထွက်လာရန်နှင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် စစ်မှန်သော အရပ်သား အစိုးရများ ပေါ်ထွက်လာရန်အတွက် ဤသဘောတူ ပဋိညာဉ်ကြေညာစာတမ်းကို ကတိကဝတ်ပြုသည့် အဖွဲ့အစည်းများသည် အတူတကွ စုပေါင်းသန္နိဋ္ဌာန်ပြု၍ ဆောင်ရွက်သွားရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထို့အပြင် အဓိကအရေးကြီးသည့် ပြည်ထောင်စုအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ အရင်းခံပြဿနာများကို အပြီးသတ်ချုပ်ငြိမ်းစေနိုင်ရန် အတွက်လည်းကောင်း၊ တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင် လက်တွဲနိုင်ရန်အတွက်လည်းကောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွင် ပြည်ထောင်စုဝင်လူမျိုးများအားလုံး၊ နိုင်ငံသားများ အားလုံး လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းတို့ကို အခြေခံကာ အပြန်အလှန် အသိအမှတ်ပြုလေးစားမှု၊ ချစ်ကြည်ရိုင်းပင်းမှု၊ သွေးစည်းညီညွတ်မှုတို့ကို တည်ဆောက်ပြီး ငြိမ်းချမ်းစွာ အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်နိုင်သော သာယာဝပြောသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုအား တည်ဆောက်ရန် လည်းကောင်း အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်ရွယ်သည်။

၁။ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ် မှန်သမျှ ပပျောက်ရေး။

၂။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ် ဖျက်သိမ်းရေး။

၃။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး။

၄။ အရပ်သား ပြည်သူ့အစိုးရ ပေါ်ထွန်းရေး။

ဗါင်း(2)
ဖုင်ဂဲအီလီပ်တောပ် ခဲင်ပဋ္ဍိညာဥ် (Members of the Charter)

ကနာည်နံင်ရေန်ဟာဝ်း ပိုန်ကကာမ်း ပိုန်ကယေင် ပိုန်ကိက်ပ္လေးအူန်း တပဋ္ဍိညာဥ်နီန် မောကံပ်ပဲန်ဒီန် ဇိုဝ်ဖုင်ဂဲ ရခြူမ်နီန် နံင်ကရောမ်လီပ်တောပ်ရေန်ဟာဝ်း ။

(1) တောပ်ပည်ကာ်မ်မတီကနာည်းကုိန်ရံရ် ကုင်ကပိုမ် ၊ ဆဲ့ဒီန် ကနာည်းကုိန်ရံရ်ဂဲ အီကတူးရံရ်း

(2) ပါတီလံပ်အရေးတိုင်ကုင်ဂဲ

(3) တောပ်ပည် သမဂ္ဂဂဲ ၊ ကောန်အီပိုန်ဂဲ ၊ ကောန်တဘိုက်ကာည်း ဖုင်ကပါင်းခြိူဝ်း ဘြောဂဲ ၊ ဆဲ့ဒီန် ဖုင်ကပါင်းတိုအီးအယာတ်ဂဲ ၊ ဖုင်ကပါင်း CDM အီဆံင်ခံတ် ဆနီတ်ဒေင် ကညာအာဏာဖေဝ်ဂဲ ၊ ဖုင်ကပါင်း အီယှိုဝ်ႇမှိုန်းဂဲ

(4) ဖုင်ကပါင်းကောန်တိုင်ကုင်အီယှိုဝ်ႇတိုက်မှိုန်းဂဲ (Ethnic Resistance Organizations)

(5) ကနာည်းကုိန်ရံရ် ကာည်း ဖုင်ကပါင်းခြိူဝ်း/ကောင်ဆံရ်၊ ကပိုန်/ဗဲ့တ်ဒရဲရ် ယူနီတ်ဂဲ ခနားဇိုချိုင်(အူဒံင်ဇိုချိုင်ကဗှည်းကုင်) ။

အခန်း (၂)
ပဋိညာဉ်တွင် ပါဝင်သည့် အစုအဖွဲ့များ (Members of the Charter)

ဤပဋိညာဉ်တွင် ဖော်ပြပါ ဦးတည်ချက်၊ ရည်ရွယ်ချက်တို့ကို စုပေါင်း အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် အောက်ပါနယ်ပယ်များမှ အစုအဖွဲ့များ ပူးပေါင်းပါဝင်ကြသည်။

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ

၂။ နိုင်ငံရေးပါတီများ

၃။ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်လူထုအဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေး CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

၄။ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ (Ethnic Resistance Organizations)

၅။ ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ် ကိုယ်စားပြုနှင့် လူမျိုးအခြေပြု အဖွဲ့အစည်း/ကောင်စီများ

ဓါင်း(3)

ကခံပ်ကယည်ဇိုင်းကာန် ပ်ုန်နံင်ရေန်(ဆာ်အာဝ်မို့) ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင်

1. မောကံပ်ဘယ်ထောည့်,ဇိုန် ဘည်ဆိုက်ဘြာန်ကဖါ,ဆိမ်းအာဏာကုင် ကာည်း ကနာည် ပျိုဝ်, ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ တောပ်ပည်ကညာအာဏာဆိုက်ဘြာန်ဇေဝ် ဆနီတ်ဒေင်ကညာအာဏာဇေဝ်ပါဒို့,ဒိုည့်, မောကံပ်ရာရ်ုးဇော့ချူမ်ဟာဝ်း ၊ မောကံပ် အာဝ်ကတ့်တ်ကဘြိုရ်ုး ဘယ်ရေန်ဘည်ရည်း ကတံက်ကဘား ကဲအီရံပ်ဇိုင်းကပ္လိုင် အီလီပ်CDM ၊ ဘည်တိုအီးကုင် ရည်းဗိုန်းတောန်နဲဒီန် ဘုံပ်ဆာ်နော့ဖိုမ် ၊ ဒဲ့ရဲင်ထီဝ်း ဘွ္လာမ် ၊ ကဇိုင်ကဇောည်ဒဲ့တကဲ ။
2. ဒါကနာည်းက့်န်ရံရ်ပ်ုန်ရံရ်ုး စီပြိုဝ်ပျေ့ကာ်မ်မတီကနာည်းက့်န်ရံရ် တောပ်ဘည်ကဏ္ဍာ အီမှောအီအ့်န် ကရောမ်ရေန်ဟာဝ်းဇိုင်းကာန် ။
3. မောကံပ်ဘိုန်းကမိုန်ဘ္လ ပ်ုန်ဘ္လဆဖောရှုမ် လံပ်အရေးတိုင်ကုင် ကာည်း ကနာည်နံင် ဘယ်ရေန် ကခံပ်ကယည်ဇိုင်းကာန်ဒဲ့အ့်န်ပဲန်ဒီန် နံင်ကဘားတည်းရေန် တောပ် ဘဝ်ကိုက် ပါတီအရေးတိုင်ကုင်ဂဲ၊ ဖုင်ကောန်တိုင်ကုင်အီတိုက်ဗိုန်းဂဲ ကာည်း သမဂ္ဂဂဲ၊ ကောန်အီပ်ုန်ဂဲ၊ ကောန်တဘိုက်ဂဲ ၊ ဖုင်ကပါင်းခြိုဝ်းဘြေဂဲ ကာည်း ဖုင်ကပါင်းတိုအီး အယာတ်ဂဲ ။
4. ကိက်ဘ္လပ္လေ့ ပဋိညာဉ် ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ။
5. တောပ်ဘည် ပဋိညာဉ်နီန် ပြိုဝ်ပျေ့ဖုင် ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇို ချိုင် (အူဒံင်ဇိုခိင်ကဗုည်း) (Interim National Unity Government) ၊ ပြိုဝ်ဖုင်ကပါင်း ကဒါ,မဏ္ဍိုင် လံပ်ဘ္လံက်ချာင်ဘြား ကာည်း ကိက်ပ္လဉပဒေ ။
6. ဆနီတ်ဒေင်ကညာအာဏာဇေဝ် မောကံပ်ဇေါတ်ပြာည်ကာည်း ဘိုန်းပျိုဝ်, ကုင်ကပိုမ် ဓဲ့တ်ဒရဲရ် ဒီမိုကရေဆီဒီန် နံင်တော,ရေန် ပါင်မိုန်ဒါင်းကုင် အီတောပ်ဒို့,ရဲင်ဘွ္လာမ် ပ်ုန်ကယေင်ကနေ့ရ်ဂဲဒိုန်း ။
7. ကနာည် လံပ်ပ်ုန်ဇေါတ်ပြာည် ဆနီတ်ဒေင်ကညာအာဏာဇေဝ် ၊ လံပ်ပျံတ် တကြျံတ် ဇိုန် ဘည်ခမိုတံင်ရျံရ်ုးဥပဒေ(2008) ကာည်း လံပ်ပျိုဝ်,ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ဒီန် နံင်ဒါမဟာဗျူဟာ ရေန်ဒဲ့အ့်န်ပဲန်။

8. အူဒံင်ရာင်ပိုင်ခွ်ါည်း အရေးတိုင်ကုင် ကိက် ဘည်ခမိုတံင်ရျံရုံးဥပဒေ ။
9. အူဒံင်ရာင်ပိုင်ခွ်ါည်း အရေးတိုင်ကုင် ပြိုဝ်ႏဖုင် ဘြောင်ချာင်ကုင် ။
10. တောၲရေ်န် ပါင်မိုန်ဒါင်း ကနာည်းကုင်(Constitutional Assembly) ၊ ကိက်ဘွလွေး ဘည်ခမိုတံင်ရျံရုံးဥပဒေ ကုင်ကပိုမ်ခဲ့တ်ဒရဲ်ရှိဒီမိုကရေဆီ ။
11. ပါင်မိုန်ဒါင်းကနာည်းကုင်ဒိန် ရေ်န်ပ္လေါ်ည်တူဝ်ႏလာည်းနေ့ဖွံမ်ဆန္ဒတိုအီးကုင် တပုံန် ဟောည်ၲကိက်ပ္လေး ဘည်ခမိုတံင်ရျံရုံးဥပဒေ ၊ စီပ္လရီတ်မံင်ပ္လိုရှ်ႏ ပျင့ာန်းအံ့န် ၊ ရေ်န်ပ္လေါ်ည် ရံရှုံးအံ့န် ။
12. တောပ်ဘည်ပုံန်ဟည်ပ္လရီတ်ပျင့ာန်း ဘည်ခမိုတံင်ရျံရုံးဥပဒေ ခဲ့တ်ဒရဲ်ရှိဒီမိုကရေဆီ စီပြိုဝ်ႏလေႏမဏ္ဍိုင် လံပ်ကိက်ပ္လဥပဒေ၊ လံပ်ဘြောင်ချာင် ကာည်း လံပ်ဘွံ့က် ချာင်တြား။ လျှုံင်ဒါတောပ် ဘည်ဆနီတ်ဒေင် ဘည်ခမိုတံင်ရျံရုံးဥပဒေ (Constitution alism)။

အခန်း (၃)

အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်(သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ

၁။ စစ်အာဏာသိမ်းမှု အဆုံးသတ်နိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးအတွက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပြုတ်ကျသည်အထိ ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများ အပါအဝင် လူထု အထွေထွေသပိတ်လှုပ်ရှားမှုများကို အဆက်မပြတ် ဆက်လက်လှုပ်ရှား ဆောင်ရွက် နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း။

၂။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားပြုကော်မတီ များ ဖွဲ့စည်း၍ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်း စဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက် နိုင်ငံရေးပါတီ များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာအဖွဲ့အစည်းများအပါအဝင် အရပ်ဖက်လူထုအဖွဲ့အစည်း များ လက်တွဲ ဆောင်ရွက်နိုင်သည့် အခင်းအကျင်း ဖော်ဆောင်ခြင်း။

၄။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို ရေးဆွဲအတည်ပြုခြင်း။

၅။ ဤပဋိညာဉ်နှင့်အညီ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ (Interim National Unity Government) ဖွဲ့စည်းခြင်း၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း။

၆။ အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေး နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံးပါဝင်သော ပြည်သူ့ ညီလာခံတစ်ရပ် ခေါ်ယူကျင်းပခြင်း။

၇။ အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၈။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း။

၉။ အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်း။

၁၀။ တိုင်းပြုပြည်ပြုညီလာခံ (Constitutional Assembly) ခေါ်ယူကျင်းပပြီး ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း။

၁၁။ တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲကျင်းပခြင်း။

၁၂။ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေစနစ် (Constitutionalism) အရ လိုက်နာကျင့်သုံးခြင်း။

ၵႅပ်ႈ (4)
ဘၣ်ကိၵ်ကီၡ် ဘၣ်ခမိတံၢ်ရျၢ်ၡံႉဥပဒေၶဲတ်ဒၡဲၡ်ဒီမိုကရေဆီကုင်ကပိမ်

ယွံတ်ဒါတ ပဋိညာဉ် နီန် စီဘွံက်ပွေ့ "ယီဝ်ရဒေင်တံၢ်ဖူးမူဂဲ" ပိုန်ကိက်ရခြုမ်နီန် ၊ နံင်ဘုပ်ကိက် (ပံပ်ပြုမ်)ဘၣ်ခမိတံၢ်ရျၢ်ၡံႉဥပဒေ ကနာည်ပျိုဝ်, အနာဂံတ်အီနံင်ပဲန်ဒဲ့ ကုင်ကပိမ်ၶဲတ်ဒၡဲၡ်ဒီမိုကရေဆီ ။

ဒေါန်(1) ပိုန်ကယေင် ကာည်း ငေါ့ခံန်(စံတန်ဖိုး) ကုင်ကပိမ်
ဒေါန်(2) ယီဝ်ရဒေင် တံၢ်ဖူးမူဂဲ ကဒါ့လံပ်ပျိုဝ်, ကုင်ကပိမ်ၶဲတ်ဒၡဲၡ်ဒီမိုကရေဆီ
ဒေါန်(3) ယီဝ်ရဒေင် တံၢ်ဖူးမူဝါဒဂဲ ကဒါ့လံပ်ပျိုဝ်, ကုင်ကပိမ်ၶဲတ်ဒၡဲၡ်ဒီမိုကရေဆီ

ဒေါန်(1)
ပိုန်ကယေင် ကာည်း ငေါ့ခံန်(စံ) ကုင်ကပိမ်

ပိုန်ကယေင် ကကာမ်း ကုင်ကပိမ် (Union Vision)

နံင်ပျိုဝ်, ကုင်ကပိမ်ၶဲတ်ဒၡဲၡ်ဒီမိုကရေဆီ အီယေန်ငံင် အီအာမခါမ် ဘၣ်ဘူန်းဂေါည် မှိမ်လောတ်လာပ်၊ တြားဖြေင်ကဒူဝ်ႉ ကာည်း ဘၣ်ကဒူဝ်ႉ အီမ်ဘံန်းဒီန် ။

ငေါ့ခံန်(စံ) ကုင်ကပိမ် (Union Values)

ကနာည်နံင်ပျိုဝ်,ကုင်ကပိမ်ဒါင်းနီန် ရံပ်ရိုႉ ညှုမ်အေ့ ဘၣ်ငေါ့ခံန်(စံ)ရခြုမ်ဂဲနီန် ။

1. တံၢ်ဖူးအခွါင်းအရေးတိုအီး (Fundamental Human Rights)
2. အခွါင်းအရေးဒီမိုကရေဆီ (Democratic Rights)
3. အခွါင်းအရေးခြိုဝ်းဘြေ (Minority Rights)
4. လံပ်ကဒူဝ်,အီမ်ဘံန်း ကာည်း ဘူန်းဘြောင်ချာင်ရာင်ဆေ/အံန် (Equality and Self-Determination)
5. ဘၣ်ကရောမ်အွံၡ် (Collective Leadership)
6. လည်တိူဝ်ႉကနေ့ လည်ရိုဆေ တေါင်ဘၣ်အာဝ်ကနေ့ၡ်ဂည်နဲ(စုင်လာင်) (Pluralism, Mutual Respect and Mutual Recognition)
7. ကရောမ်ရံပ်ခါမ် အီအာဝ်ကနေ့ၡ် ပဲန်သဟဇာတ (Unity in Diversity)

8. လံပ်အူန်းကနေ့ရ် ဘည်မိုးအီပ်ုန်အီမာည်း (Gender Equality)
9. အာဝ်မိူဝ်းကကား့ငါည်ဒဲ့,ငါည်ဒါင်း(ခြိူဝ်း၊ပုန်ဂြူမ်ညှူမ်၊ ကြေား့ဖာဆာ၊ ဘေဲ့, ကာည်း ထုင်မ္ဘိူမ် ၊ အီပ်ုန်အီမာည်း၊ ဘည်အာဝ်ရဲင်အာဝ်ဘ္လောမ်၊ ဘည်မိူဝ်းနော့ လိင်) (Non-Discrimination)

ဒေါန်(2)

ယိုဝ်ရဒေင် တံင်ဗူ့မူဂဲ ကဒါ့,လံပ်ပျိူဝ်, ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ

1. ကပိုန်ဂဲအီလီပ်ဖုင် ခဲင်ကုင်ကပိုမ် ကာည်း တိုအီးကပိုန်(ကူန်ရဝ်မာဂါင်ကပိုန်)အီဂေါည် ခဲင်ကပိုန်ကဲဒီန် မိုးကညာကပိုန်အရာင်း အာဏာဇာရ်ဆူတ်ဟာ်,။
2. ပြိူဝ်းပျေဲ့အူန်း ကပိုန်လီပ်ဖုင်ကုင်ကပိုမ် အီမိူဝ်းနိုက် လံပ်ကဒိူဝ်းအိုမ်ဘံန်း ကာည်း ဘိူန်းကြောင်ချာင်ရာင်ဆေ/အ်ုန် ကုင်ကပိုမ်တခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ။ ကပိုန်အီလီပ်ဖုင် ကုင်ကပိုမ်ပါဒို့,ဒိုည်, (ခဲ့တ်ဒရဲရ်ယူနီတ်ပါဒို့,ဒိုည်,) တောပ်ဘည်အရေးတိုင်ကုင် အ်ုန် ကနေ့ရ်ဒို့,ဟာ်,။
3. ကပိုန်ဂဲအီလီပ်ဖုင်ကုင်ကပိုမ်ဒီန် ကဲဘိူန်း ကိက်ပ္လိူရ်း ပျဋာန်း ဘည်ခမိုတံင်ရျံရ်းဥပဒေ ကပိုန်ဆေ/အ်ုန်။
4. လျှံင်ဒါဟာဝ်း ဘည်ကဆာင်းအာဏာ(Division of Power)၊ ဘည်ကဆာင်းသယံဇာ တ(Revenue Sharing)ကာည်း လံပ်ဘဏ္ဍာ(ကြောင်ရိူန်းခြိရ်)ဆနီတ်ခဲ့တ်ဒရဲရ်။ မောကံပ် ဘယ် ဘည်ကကား့ကဆာင်းဒီန် လျှံင်ဒါဆနီတ်ဘိူန်းရေဲန်(Subsidiarity Principle) တိုအီးကပိုန်(ကူန်ရဝ်မာဂါင်) ကာည်း ချံန်ဖုင်ကြောင်ချာင်ကုင် အီကဒံတ် မှယ်ဒိုရ်အီး ။
5. လံပ်ဘိူန်းဂေါည်ကတ်ုမ် ကုင်ကပိုမ်ခဲ့တ်ဒရဲရ် ကာည်း ဖုင်တံပ်ကဒါ့,လံပ်ဒံန်ခြဲ ပါဒို့,ဒိုည်, ဒီန် နံင်တောပ်ဒေင်ဒီမိုကရေဆီ ဘ်ုပ်လျှံင်ဒါ ပုန်ဘ္လိုက်လှူပ်၊ ပုန်ပ္လချာင်အူပ်ကြောင် ကြောင်ချာင်ကုင်တိုအီးအယာတ် ပုန်ရံရ်းဖိုက်အူန်းဒီန်ဟာ်,။

အခန်း (၄)
ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း

ဤပဋိညာဉ်ကိုအခြေခံ၍ အောက်ဖော်ပြပါ လမ်းညွှန်အခြေခံမူများ ချမှတ်ကာ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (မူကြမ်း)ကို ရေးဆွဲရမည်။

အပိုင်း(၁) ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး
အပိုင်း(၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ
အပိုင်း(၃) အခြေခံမူဝါဒများ

အပိုင်း (၁)
ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး

ပြည်ထောင်စုမျှော်ရည်ချက် (Union Vision)

လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်မည်။

ပြည်ထောင်စုစံတန်ဖိုး (Union Values)

ပြည်ထောင်စုကြီးကို တည်ဆောက်ရန်အတွက် အောက်ပါတို့ကို စံတန်ဖိုးအဖြစ်ယုံကြည်လက်ခံသည်။

၁။ အခြေခံလူ့အခွင့်အရေး (Fundamental Human Rights)
၂။ ဒီမိုကရေစီအခွင့်အရေး (Democratic Rights)
၃။ လူနည်းစုအခွင့်အရေး (Minority Rights)
၄။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Equality and Self–Determination)
၅။ စုပေါင်းခေါင်းဆောင်မှု (Collective Leadership)
၆။ စုံလင်ကွဲပြားမှုကို အပြန်အလှန်လေးစား အသိအမှတ်ပြုခြင်း (Pluralism, Mutual Respect and Mutual Recognition)
၇။ သဟဇာတဖြစ်ခြင်းနှင့် မတူကွဲပြားမှုကို လက်ခံသော ညီညွတ်ခြင်း (Unity in Diversity)

၈။ ဂျန်ဒါ တန်းတူရေး (Gender Equality)

၉။ ခွဲခြားဆက်ဆံမှုမရှိခြင်း (လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကျား/မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှု) (Non–Discrimination)

အပိုင်း (၂)

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ

၁။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်သည်။

၂။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိသော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) တို့သည် နိုင်ငံရေးအရ တန်းတူသည်။

၃။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

၄။ အာဏာခွဲဝေမှု (Division of Power)၊ သယံဇာတခွဲဝေမှု (Revenue Sharing) နှင့် ဖက်ဒရယ် ဘဏ္ဍာရေးစနစ် (Fiscal Federalism) တို့ကို ကျင့်သုံးသည်။ ထိုသို့ ခွဲဝေရာတွင် ပြည်သူလူထုနှင့် အနီးကပ်ဆုံးအစိုးရအဆင့်က လုပ်ဆောင်နိုင်သည့်အထိ လုပ်ပိုင်ခွင့်ပြုသောစနစ် (Subsidiarity Principle) ကို ကျင့်သုံးသည်။

၅။ ဖက်ဒရယ် ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ ကွပ်ကဲမှု နှင့် စီမံအုပ်ချုပ်မှုအောက်တွင် ရှိရမည်။ လူသားလုံခြုံရေးကို အခြေခံသည့် မူဝါဒ ကျင့်သုံးရမည်။

ဒေါန်(3)

ယီိဝ်ရဒေင် တံင်ဇုူးမူဝါဒဂဲ ကဒါ့လံပ်ပျိုဝ်, ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ

သဏ္ဍာန်ရာင်ပိူင်ကုင်ကပိုမ်

1. နံင်ပျိုဝ်,ကုင် ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ အီနိုက်စုင်ခြိုင်အဂၢါကုင်ကပိုမ်ဓဲ့တ်ဒရဲရ် အီလျှင်ဒါနိုက် အခွါင်းအရေးဒီမိုကရေဆီ ၊ အီဘိူန်းနိုက် လံပ်ကဒိုဝ်,အီိမ်ဘံန်းကာည်း ဘိူန်းဘြောင်ချာင်ရာင်ဆေ/အုံန် ။

2. ပြျူဝ်ႏကပိုန်လီပ်ဖုင်ကုင်ကပိုမ် အီဘိူန်းနိုက် လံပ်ဒီမိုကရေဆီ၊ လံပ်ကဒိုဝ်ႏအိုမ်ဘံန်း ကာည်း ဘိူန်းဗြောင်ချာင်ရာင်ဆေ/အုန် တကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီနီန်။

3. တောန်ကပိုန်ဂဲလီပ်ဖုင်ကုင်ကပိုမ် ကဲမိုဝ်ႏအာဏာပ္လဥပဒေကဒည်ရာင်ကဲ၊ အာဏာ ဗြောင်ချာင်ကဒည်ရာင်ကဲ ၊ အာဏာဘ္လံက်ချာင်ဗြားကဒည်ရာင်ကဲ။

အပိုင်း (၃)
ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူဝါဒများ

ပြည်ထောင်စု၏အသွင်သဏ္ဍာန်

၁။ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝကျင့်သုံးသော၊ တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်း ခွင့် အပြည့်အဝရှိသော၊ ဖက်ဒရယ်ပြည်ထောင်စုအင်္ဂါရပ်များနှင့် ပြည့်စုံသော ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်မည်။

၂။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့် အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။

၃။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တိုင်းတွင် သီးခြားဥပဒေပြုရေးအာဏာ၊ သီးခြား အုပ်ချုပ်ရေး အာဏာနှင့် သီးခြားတရားစီရင်ရေးအာဏာတို့ ရှိသည်။

အာဏာဇာရ်ဆူတ် ကုင်ကပိုမ်

4. ကပိုန်ဂဲအီလီပ်ဖုင်ကုင်ကပိုမ် ၊ တိုအီးကပိုန်(ကူန်ရဝ်မာဂါင်)အီဂေါ်ည်ခဲင်ကပိုန်ဆေ ကပိုန်အုန်ဒီန် ကဲမိုႏကညာကပိုန်အရာင်း အီအာဏာဇာရ်ဆူတ် ။

5. ဘုံပ်ဘိူန်းလျှုင်ဒါလလမျှိမ်မျှိမ် ၊ ဘိူန်းဇီရ်လည်ငိူပ်မေန် အာဏာလံပ်ပ္လဥပဒေ၊ အာဏာ လံပ်ဗြောင်ချာင်၊ အာဏာလံပ်ဘ္လံက်ချာင်ဗြား အီမိုႏမဏ္ဍိုင်အာဏာဇာရ်ဆူတ်(3)နဲ ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီဒီန်။

6. ကဒည်ခနားကုင်ကပိုမ် ကာည်း ကပိုန်ဂဲလီပ်ဖုင်ကုင်ကပိုမ်၊ ဘုံပ်ကဆာင်းဒါအာဏာ ဇာရ်ဆူတ်ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီန်။ ဘည်ဘာည်းကနာည်ကကာႏကဆာင်းကရီးကတီးဒါ အာဏာကဒည်ခနားကုင်ကပိုမ် ကာည်း ကပိုန်ဂဲလီပ်ဖုင်ကုင်ကပိုမ်ဒီန် နံင်ဘုံပ်ပ္လပ္ပိုျူရ်ႏ ပျဋ္ဌာန်း အာဏာကုင်ကပိုမ်၊ အာဏာကပိုန် ကာည်း အာဏာပ္လရှုမ် ။ မိုႏလိူည်အခွါင်း အာဏာ ပုန်လိုဒါ ကနာည်အကျိုးဗြောင်ရိူန်းဒူး ကပိုန်ဂဲအီလီပ်ဖုင် ကုင်ကပိုမ်ခဲ့တ်ဒရဲရ်

ပါဒြိ,ဒိုည်, အာပ်တကုင်ကပိုမ်။ အာဏာပုံန်အာဝ်ပ္လိုရ်ုံအူန်း အီအာဝ်တောပ် ခဲင်အာဏာကုင်ကပိုမ် အာဏာကပိုန် ကာည်း အာဏာပ္လရှူမ်ဒီန် အုံန်ဂေါည် အုံန်ဟောည်,တကပိုန်ဂဲ အီလီပ်ဖုင်ကုင်ကပိုမ် ။

ပြည်ထောင်စုအချုပ်အခြာအာဏာ

၄။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် ယင်းပြည်နယ်များရှိ ပြည်သူလူထုသည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များဖြစ်ကြသည်။

၅။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအချုပ်အခြာအာဏာ၏မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို လွတ်လပ်စွာ ပိုင်းခြားကျင့်သုံးခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်း ရှိစေရမည်။

၆။ ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည် ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား ခွဲဝေကျင့်သုံးခြင်း ရှိရမည်။ ထိုကဲ့သို့ ပြည် ထောင်စုနှင့် ပြည်နယ်များအကြား စနစ်တကျ အာဏာခွဲဝေကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများကို သတ်မှတ် ပြဋ္ဌာန်းရမည်။ ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံး၏ ဘုံအကျိုး စီးပွားအတွက် ကျင့်သုံးရန် လိုအပ်သော အခွင့်အာဏာများကိုသာ ပြည်ထောင်စုသို့ အပ်နှင်းသည်။ ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများတွင် ထည့်သွင်း ဖော်ပြထားခြင်းမရှိသည့် ကြွင်းကျန်အာဏာများသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် တည်ရှိသည်။

လံပ်ပ္လဥပဒေကုင်ကပိုမ်

7. တိုဝ်ႉဒါအီအာဏာကနေ့ရ် ကုံန်ရုံရ်တေဲင် ဓုံတ်ဒရဲရ် ကာည်း ကုံန်ရုံရ်ခြူမ် ဓုံတ်ဒရဲရ် စီပြိုဝ်ႉပျေဲႉ ကုံန်ရုံရ် ဓုံတ်ဒရဲရ် ။ ဒါရဲင်ဘ္လောမ်တိုအီးကနေ့ရ် ဒါကနာည်းဂဲ အီကတူႉရုံရ်ႉတောန်ကပိုန် အီလီပ်ဖုင်ကုင်ကပိုမ်ဓုံတ်ဒရဲရ် စီပြိုဝ်ႉပျေဲႉ ကုံန်ရုံရ်တေဲင် ။ တံင်ဖူႉတေဲင်လုံင်မာ်လ ၊ တေဲင်ထာန်ဂေါည်တိုအီးမာ်လ ဒါကနာည်းဂဲ အီမိုႉပုံန်ရုံရ်ႉ ပြာင်းဟိုက် ကညာဆန္ဒမဲ ကူန်ရဝ်မာဂါင်ဂဲ စီပြိုဝ်ႉ ကုံန်ရုံရ်ခြူမ် ။ ကုံန်ရုံရ် ပါအာရ်လေ့ဂါရ်ဒီန် ဘုံပ်ကိက်ပ္လိုရ်ုံပျဋ္ဌာန်း ဥပဒေကုင်ကပိုမ် ။

ပြည်ထောင်စုဥပဒေပြုရေး

၇။ ဖက်ဒရယ်လွှတ်တော်ကို အာဏာတူသည့် ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ် အောက်လွှတ်တော်တို့ဖြင့် ဖွဲ့စည်းသည်။ အထက်လွှတ်တော်ကို ဖက်ဒရယ် ပြည်

ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက တူညီသော အရေအတွက်ဖြင့် ရွေးချယ်စေလွှတ်သည့် ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ အောက်လွှတ်တော်ကို မြို့နယ် အပေါ်တွင် အခြေခံ၍သော်လည်းကောင်း၊ လူဦးရေအပေါ်တွင် အခြေခံ၍ သော်လည်း ကောင်း ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်တင်မြှောက် လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ ယင်းလွှတ်တော်နှစ်ရပ်က ပြည် ထောင်စု ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသည်။

လံပ်ဘြောင်ချာင်ကုင်ကပိုမ်

8. ဆနီတ်ဒေင်လံပ်ဘြောင်ချာင်ကုင်ကပိုမ်ဒီန်မိုဲ့ ဆနီတ်ဘည်အွဲရ်တိုင်ကပ္လိုင် (ဆနီတ်ပါလီမာန်) (Parliamentary System) ။ ဆနီတ်ဘည်ပိုန်အွဲရ်တိုင်ကပ္လိုင်ဒီန် မိုဲ့ဆနီတ်အီအူန်းတိုအီးဒါင်းကုင်ကပိုမ်(ဆာ်အာဝ်မိုဲ့) နံင်မိုဲ့ဆနီတ်အူန်း သမ္မတ ကုင်ကပိုမ်။

ပြည်ထောင်စုအုပ်ချုပ်ရေး

၈။ ဖက်ဒရယ်ပြည်ထောင်စု၏ အုပ်ချုပ်ရေးစနစ်သည် ဝန်ကြီးချုပ်ဦးဆောင်သောစနစ် (Parliamentary System) ဖြစ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သောစနစ်တွင် ပြည်ထောင်စုဦးသျှောင် သို့မဟုတ် ပြည်ထောင်စု သမ္မတ ထားရှိသောစနစ် ဖြစ်သည်။

လံပ်ဘ္လံက်ချာင်တြားကာည်း လူမ်တြားကဒါ့ဘည်ခမိုတံင်ရျုံရ်ုံဥပဒေကုင်ကပိုမ်

9. ကနာည်ဘိုန်းလျှုံင်ဒါ အာဏာလံပ်ဘ္လံက်ချာင်တြား ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီန် ဘုံပ်ပြိုဝ်ဲ့ အူန်း တိုင်အွံရ်ကုံန်ရုံရ်တြား ကုင်ကပိုမ်ခဲ့တ်ဒရဲရ် ကာည်း လူမ်တြား ကုင်ကပိုမ်ခဲ့တ်ဒရဲရ် ချုံန်မှောချုံန်အုံန် ။ ကုံန်ရုံရ်ခဲ့တ်ဒရဲရ် ဘုံပ်စေတ်မေန်းပ္လရီတ်မံင်ဒဲ့ ပိုန်ဒါဲ့ သမ္မတ ကုင်ကပိုမ်ခဲ့တ်ဒရဲရ် အီမိုဲ့တိုင်အွဲရ်ဘ္လံက်ချာင်တြား ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီန် ။

10. ကဒည်ခနား ကုင်ကပိုမ်ခဲ့တ်ဒရဲရ် ကာည်း ကပီန် မာ်လ၊ ကဒည်ခနားကပီန်ဂဲမာ်လ ကနာည်ကဘ္လာင်း ပိုန်ကထေင်ကကံန်းကြော့ အီမိုဲ့ဘည်ဘာည်း ဘည်ခမိုတံင်ရျုံရ်ုံဥပဒေဒီန် နံင်ဘုံပ်ပြိုဝ်ဲ့ လူမ်တြားကဒါ့ဘည်ခမိုတံင်ရျုံရ်ုံဥပဒေ မ္ဂိုမ်မ္ဂိုမ်လလ။

11. ဘည်ခမိုတံင်ရျုံရ်ုံဥပဒေ ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီဒီန် မိုဲ့ဥပဒေ ဇာရ်မှယ်ဒိုရ်အီး ခဲေင်ကုင်ကပိုမ် ။

ပြည်ထောင်စုတရားစီရင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၉။ ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေးအာဏာကို ကျင့်သုံးနိုင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ဖက်ဒရယ်ပြည်ထောင်စု တရားရုံးများ အဆင့်ဆင့် ဖွဲ့စည်းထားရှိရမည်။ ဖက်ဒရယ်ပြည်ထောင်စုသမ္မတက အဆိုပြု တင်သွင်း

လာသော ဖက်ဒရယ်ပြည်ထောင်စု တရားသူကြီးချုပ်အား ဖက်ဒရယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

၁၀။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အချင်း ချင်းအကြားတွင်သော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လွတ်လပ်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးကို ဖွဲ့စည်းထူထောင်ရမည်။

၁၁။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် ပြည်ထောင်စု၏ အမြင့်ဆုံးဥပဒေဖြစ်သည်။

ဘည်ခမိုတံင်ရျံရ်ုဥပဒေကပိုန်

12. ကပိုန်ဂဲလီပ်ဖုင် ကုင်ကပိုမ်ဒီန် ဘိူန်းကိက်ပ္လိူရ်ုပျဋ္ဌာန်း ဘည်ခမိုတံင်ရျံရ်ဥပဒေ ။
13. အာဏာဘိူန်းရေဲန် ချွံန်ဒေသန္တရ ခေဲင်ကပိုန်ဒီန် ကိက်ပ္လေးကဘ္လာင်း ဘည်ခမိုတံင် ရျံရ်ုဥပဒေ ကရီးကတီး ၊ ဘုံပ်ပ္လပ္လိူရ်ု ပျဋ္ဌာန်းအူန်ကရီးကတီး စြာင်းဘဏ္ဍာပုံန်ဘိူန်း လာည်းရူရ်ု။
14. ဘုံပ်ဖိုက်ဇာရ် ဒံန်ခြဲဒဲ့ အခ္ခါင်းအရေး လံပ်အရေးတိုင်ကုင် ၊ လံပ်ငိူပ်မေန်ကဇေ့ာည် ၊ လံပ်ဘြောင်ရှိုန်းခြီရ် ၊ ထုင်မှူမ် ခြိုဝ်း ကောန်တိုင်ကုင် အီဂေါ်ည်ခေဲင်ကပိုန် ။
15. ကပိုန်မှောကပိုန်အုံန် ဘိူန်းပ္လဘည်ဆံင်တောဖာဆာကြောဲ့ဘဲ့လူမ်ပုံန်ဒါကပိုန် ။

ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၂။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲ ပြဋ္ဌာန်းခွင့်ရှိသည်။

၁၃။ ပြည်နယ်တွင်း ဒေသန္တရအဆင့် လုပ်ပိုင်ခွင့်အာဏာကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ရှင်းလင်းတိကျစွာ ဖော်ပြပြီး ၎င်း၏အခွန်ဘဏ္ဍာကောက်ယူနိုင်သည့် စာရင်းများကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားရမည်။

၁၄။ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း စသည့် ကဏ္ဍအသီးသီးနှင့် သက်ဆိုင်သော အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်း မြှင့်တင်ပေးရမည်။

၁၅။ ပြည်နယ်များ၏ ရုံးသုံးဘာသာစကားကို သက်ဆိုင်ရာပြည်နယ်က သင့်လျော်သလို သတ်မှတ်နိုင်သည်။

ကၠာ်မ်မဆ္ဍီန်ဂဲ အီလောတ်လာပ်(ဘူိန်းရေန်)

16. ဘုိပ်ပြိုဝ်; ကၠာ်မ်မဆ္ဍီန်ဂဲအီလောတ်လာပ်(ဘူိန်းရေန်) ဘည်ပုိန်ကိက်ပ္လေ့ရခြုမ်နီန် ။ ဆဲ; ဒီန် ကၠာ်မ်မဆ္ဍီန်ဂဲဟံရ်မၥ် ဘူိန်းပြိုဝ်;ပျေ; တောပ်ဘည်လိုအုိန်။

(က) ကၠာ်မ်မဆ္ဍီန် လံပ်တီုက်ယာ; ဘည်တိုအီးအချုံင်လူလေဲဝ် (Anti-Corruption Commission)

(ခ) ကၠာ်မ်မဆ္ဍီန် ပ္လေါည်ရုံရုိ;(Election Commission)

(ဂ) ကၠာ်မ်မဆ္ဍီန် လံပ်ပုိန်ပြာည်ကမၥ်; ဘည်ကကာ;ချုံန်ငါည်းဒဲ့/ဒါင်း ကာည်း အခ္ခါင်း အရေး တိုအီး ။ (Anti-Discrimination and Human Rights Commission)

(ဃ) ကၠာ်မ်မဆ္ဍီန် ဘူိန်းနံပ် တံင်ရျုံရုိ;ဆဒါင်(Right to Information Commission)

(င) ကၠာ်မ်မဆ္ဍီန် ဘည်ကယာင်ဇေဝ် တံင်ဇူ;တလိင်အီပုိန်အီမာည်း ကာည်း ကဒါ့ ကယာင် ဇေဝ်ခဲင်ရဟောမ်ရမာ (Commission on Gender-based Violence and Domestic Violence)

(စ) ကၠာ်မ်မဆ္ဍီန် ကဒါ့တြားဖြေင်ကဒူိဝ်; အီတြားအီမိုးကာည်း လံပ်စီရ်ကလီပ်ကမိုတ် အူဒံင်ခ္လါည်းရာင်ပူိင် (Transitional Justice, Truth and Reconciliation Commission)

(ဆ) ကၠာ်မ်မဆ္ဍီန် လံပ်ဖိုက်ဇာရ်ဒံန်ခြဲငူိပ်မေန်အခ္ခါင်းအရေးခြိုဝ်းဘြေ(Minority Rights Commission)

(ဇ) ကၠာ်မ်မဆ္ဍီန် လံပ်ချာင်ပ္လေ့ဒီဂေါည် ကဲအီစဲ;ဒဝ်ဒါ့ရဝ်ဂါင်ဒေ(Commission for the Resettlement of the Displaced People)

(ဈ) ကၠာ်မ်မဆ္ဍီန် အခ္ခါင်အရေးအီပုိန်(Women Rights Commission)

(ည) ကၠာ်မ်မဆ္ဍီန် အခ္ခါင်းအရေး ကညောမ်(ကောန်ဒဲ့) (Child Rights Commission)

(ဋ) ကၠာ်မ်မဆ္ဍီန် အခ္ခါင်းအရေး ကဲအီရေန်ဇီုင်းကာန် ကာည်း ကညာမာရ်ဂီုင်(Labor and Farmer Rights Commission)

(ဌ) ကၠာ်မ်မဆ္ဍီန် အခ္ခါင်အရေး ကညာမာရ်ဂီုင်ကဘူမ် ကာည်း ကဒါ့အိုမ်ဘြည်ကတာည်း (Farmer and Land Rights Commission)

(ဍ) ကာ်မ်မဆျှီန် အခ္ဒါင်းအရေး ကဲအီဍ္ဍော့ာမ်-ရဲင်ပိုန်ဟံရ် (Rights of the Differently Abled Commission)

(ဎ) ကာ်မ်မဆျှီန် ဇိုင်းကောန်တဘိုက်(Youth Affairs Commission)

(ဏ) ကာ်မ်မဆျှီန်လံပ်ကနေ့ရ်အိုမ်ဘံန်းအီပိုန်အီမာညး(Gender Equality Commission)

လွတ်လပ်သော ကော်မရှင်များ

၁၆။ ဖက်ဒရယ်ပြည်ထောင်စုတွင် အောက်ဖော်ပြပါ လွတ်လပ်သော ကော်မရှင်များကို ဖွဲ့စည်းရမည်။ ထို့အပြင် အခြားကော်မရှင်များကိုလည်း လိုအပ်သလိုတိုးချဲ့ ဖွဲ့စည်းနိုင်သည်။

(က) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင် (Anti–Corruption Commission)

(ခ) ရွေးကောက်ပွဲကော်မရှင် (Election Commission)

Human Rights Commission)

(ဂ) ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင် (Anti–Discrimination and Human Rights Commission)

(ဃ) သတင်းအချက်အလက် သိပိုင်ခွင့်ကော်မရှင် (Right to Information Commission)

(င) ဂျန်ဒါအခြေပြုအကြမ်းဖက်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ကော်မရှင် (Commission on Gender–based Violence and Domestic Violence)

(စ) အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင် (Transitional Justice, Truth and Reconciliation Commission)

(ဆ) လူနည်းစုအခွင့်အရေး ကာကွယ်စောင့်ရှောက်မြှင့်တင်ရေးကော်မရှင် (Minority Rights Commission)

(ဇ) နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးကော်မရှင် (Commission for the Resettlement of the Displaced People)

(ဈ) အမျိုးသမီးအခွင့်အရေးကော်မရှင် (Women Rights Commission)

(ည) ကလေးသူငယ်အခွင့်အရေးကော်မရှင် (Child Rights Commission)

(ဋ) အလုပ်သမားနှင့် လယ်သမားအခွင့်အရေးကော်မရှင် (Labor and Farmer Rights Commission)

(၄) တောင်သူလယ်သမားနှင့် မြေယာဆိုင်ရာအခွင့်အရေးကော်မရှင် (Farmer and Land Rights Commission)

(၃) ခြားနားစွမ်းသူများအခွင့်အရေးကော်မရှင် (Rights of the Differently Abled Commission)

(၁) လူငယ်ရေးရာကော်မရှင် (Youth Affairs Commission)

(ဏ) ဂျန်ဒါတန်းတူရေးကော်မရှင် (Gender Equality Commission)

လံပ်အရေးတိုင်ကုင် ကာည်း လံပ်ဖာဆာပ်ုန်ဂြုပ်ည္ဘူမ်

17. ကုင်ကပိုမ်ခဲ့တ်ဒရဲရ် လျှင်ဒါဆနီတ်ဒေင်လံပ်အရေးတိုင်ကုင် အီအာဝ်ကဆူရ် လံပ်အရေး တိုင်ကုင် ကာည်း လံပ်ဖာဆာပ်ုန်ဂြုပ်ည္ဘူမ် ၊ အီအာဝ်တံင်ဇူးတ လံပ်ဖာဆာ ။

နိုင်ငံရေးနှင့်ဘာသာရေး

၁၇။ ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်း မရှိသော၊ ဘာသာရေးကို အခြေမခံသော နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်။

ဆနီတ်ခဲ့တ်ဒရဲရ်လံပ်ဘဏ္ဍာရှိန်းခြိရ် (Fiscal Federalism)

18. ခနားချုံန်ဘြောင်ချာင်ကုင်ကပိုမ်ကာည်း ချုံန်ဘြောင်ချာင်ကပိုန်ဒိန် ဘုံပ်ပ္ဘိုရ်ဲ့ပျဋ္ဌာန်းအူန်း စြာင်းလာည်းရူရ်ဲ့ဘဏ္ဍာကရီးကတီး အီပျားဆနီတ်ဒေင် အီဆဇီပ်ဇဝ်ဲ့လ။ ဘုံပ်ကကာဲ့ အူန်း ယန္တရားလာည်းရူရ်ဲ့ဘဏ္ဍာ ကုင်ကပိုမ် ကာည်း ယန္တရားလာည်းရူရ်ဲ့ဘဏ္ဍာ ကပိုန်။

19. ဘုံပ်ကိုက်ပ္ဘိုရ်ဲ့ပျဋ္ဌာန်း ဥပဒေကဒါ့ ဘည်ကဆာင်းကာည်း ပ္လချာင်လံပ်ဘဏ္ဍာရှိန်းခြိရ် (Fiscal Management and Sharing) ခနား ကုင်ကပိုမ်ခဲ့တ်ဒရဲရ် ကာည်း ကပိုန် ။ ဘုံပ်ကိုက်ပ္ဘိုရ်ဲ့ပျဋ္ဌာန်း ကခံပ်ကယည်ကဒိုဝ်ဲ့အီမ်ဘံန်း လံပ်ဘဏ္ဍာရှိန်းခြိရ် ကနာည် ကဟိုက်ဖြေဲ့ဒါင်းဇာရ် ကဒိုဝ်ဲ့အီမ်ဘံန်းတောန်နဲ တကပိုန်ဂဲအီလီပ်ဖုင်ကုင်ကပိုမ် ။

ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ် (Fiscal Federalism)

၁၈။ ပြည်ထောင်စုအဆင့် အစိုးရနှင့် ပြည်နယ်အဆင့် အစိုးရများအကြား တိကျ၍ စည်းစနစ် ကျသော အခွန်ဘဏ္ဍာ ကောက်ခံသည့် စာရင်းကို တိကျစွာ ဥပဒေပြု ပြဋ္ဌာန်းထား ရမည်။ ပြည်ထောင်စုအခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားနှင့် ပြည်နယ်အခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားတို့ သီးခြားစီ ရှိရမည်။

၁၉။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်း (Fiscal Management and Sharing) ဆိုင်ရာဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ဘက်စုံညီမျှဖွံ့ဖြိုး တိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ သာတူညီမျှရေးအစီအစဉ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။

အိုမ်ဘြည်ကတာည်း ကာည်း ဆဖာဝသယံဇာတ

20. ဘိုန်းကိက်ပ္လိုရ်ုပျဋ္ဌာန်း လလမ္ဟိမ်မ္ဟိမ် ဥပဒေကဒါ့ပ္လချာင် အိုမ်ဘြည်ကတာည်း ကာည်း ဆဖာဝသယံဇာတ ၊ တကပိုန်ဆေ ကပိုန်အ်ုန်။

21. အီမိုႏကညာအရာင်း အိုမ်ဘြည်ကတာည်း ကာည်း တံင်ရျုံရ်ုႏဆဖာဝသယံဇာတ ခေဲင်ကပိုန်ပါဒိုဒ့ိုည်ဒ့ီန် မိုႏကဲအီဂေါည်ခေဲင်ကပိုန် ကောန်ကပိုန်ဂဲဟာ်ဒ့။ ကပိုန်ကဲ ဘိုန်းပ္လချာင်မ္ဟိမ်မ္ဟိမ်လလ ဘည်တခေါရ်တီပ်ဟြိုက် ၊ ကိုဝ်ႏကေဲႏရှုိရ်ုႏဒါ ၊ ကဇိုရ်ုႏ ကယံင်း၊ ဒံန်ခြင်ုပ်မေန် တံင်ရျုံရ်ုႏဆဖာဝသယံဇာတ ခေဲင်ကပိုန်။

22. ဘဏ္ဍာရှုိန်းခြိရ် အီယိုဝ်ဒ့တ တယံဇာတ ကပိုန်မှောကပိုန်အ်ုန် ခေဲင်ကုင်ကပိုမ်ခဲ့တ်ဒရဲရ် ဒီန် ဘိုန်းဒေပ္လချာင် ကာည်း ဘိုန်းဒေဟောမ်ဒေဒါ (ခံမ်ဇာအကျိုး)။

23. ယာမ်ကေဲႏကိုဝ်ႏရှုိရ်ုႏဒါ တံင်ရျုံရ်ုႏတယံဇာတဒီန် ဆဲႏဒါႏဘုံပ်ဘိုန်း နော့ဖိုမ်ဆန္ဒကူန်ရဝ် မာဂါင်အရာပ်ဒီန် ဘုံပ်မိုဝ်ႏအကျိုး ဘည်ပြောဲႏဒါင်းဟိုက်ဇာရ်အ်ုန်တအရာပ်ဒီန် ။ ဂေါ်ဒ့မိုႏ ကေဲႏကိုဝ်ႏရှုိရ်ုႏဒါ တယံဇာတဒီန် ဘုံပ်ကိက်ပ္လိုရ်ုႏပျဋ္ဌာန်းအူန်း ကခံပ်ကယည်ရှုိန်းဒူး အူလျော့၊ ကနာည်လာည်းရှုရ်ုႏအ်ုန် ကဒည်ရာင်အ်ုန်၊ စီဗီရ်ဘြဲဆား အီနံင်ပဲန်ဒေဲႏ ဆနီတ် ဂေဟ အီဇေဝ်ကာည်း အီလူလေဲဝ်ချူမ်တလူႏဟာဝ်း တောဲင်တိုအီးကုင်အီရဝ်ဂဲ ကာည်း ဆဖာဝအရာပ်တကြာက်ဒီန် ။

မြေနှင့် သဘာဝသယံဇာတ

၂၀။ မြေနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေများကို သက်ဆိုင်ရာ ပြည်နယ်များက လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။

၂၁။ ပြည်နယ်အတွင်းရှိ မြေနှင့် သဘာဝသယံဇာတအရင်းအမြစ်များအားလုံး၏ မူရင်းပိုင်ရှင်သည် ပြည်နယ်အတွင်းနေထိုင်သော ပြည်နယ်သားများဖြစ်သည်။ ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း စသည်တို့ကို ပြည်နယ်က လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။

၂၂။ ဖက်ဒရယ်ပြည်ထောင်စုတွင် သယံဇာတမှ ရရှိသော ဘဏ္ဍာငွေများကို သက်ဆိုင်ရာ ပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့် နှင့် အကျိုးခံစားပိုင်ခွင့်ရှိသည်။

၂၃။ သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သက်ဆိုင်ရာ ဒေသခံများ၏ သဘောဆန္ဒကို ရယူရမည့်အပြင် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုက်ရိုက် အကျိုးပြုမှု ရှိရမည်။ သဘာဝသယံဇာတများ ထုတ်ယူသည့်အတွက် ဖြစ်ပေါ်လာမည့် လူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ဆိုးကျိုးများနှင့် ပျက်စီး ဆုံးရှုံးသွားသော ဂေဟစနစ်ကို ပြန်လည်ကုစားရေးအတွက် သီးခြားအခွန်ငွေ ကောက်ခံ ပြီး ရန်ပုံငွေအစီအစဉ် တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။

တံင်ဖူးအခွါင်းအရေး

24. အီဂေါ်ည်ခဲေင်ကုင်ကပိုမ်တောန်အီး ဘုပ်ဘူိန်းဟောမ်ဒါ(ဘူိန်းခံမ်ဇာ) ဖည်းဖည်းနိုက်နိုက် တ တံင်ဖူးအခွါင်းအရေးတိုအီး ။

25. စံရ်ခြိုဝ်းကောန်တိုင်ကုင် ခဲေင်ကုင်ကပိုမ်ပါဒို့ဒိုည်, ဘုပ်ဘူိန်းခံမ်ဇာဖည်းဖည်းနိုက်နိုက် အခွါင်းအရေးကဝ်မှောကဝ်အုိန်(တသီးပုဂ္ဂလ) ပိုန်ဘူိန်းခံမ်ဇာ ကာည်း အခွါင်း အရေးရှူမ် တောပ်ဘည်စံရ်ခြိုဝ်းကောန်တိုင်ကုင် ၊ ဖုင်ခမို ၊ ပိုန်ဘူိန်းခံမ်ဇာ။

26. ကောန်တိုင်ကုင် အီရံပ်ခါမ်ဒေပဲန် ကောန်ကုင်ကပိုမ်(ကောန်တိုင်ကုင်)တောန်အီး ဘုပ် ဘူိန်းခံမ်ဇာ ဖည်းဖည်းနိုက်နိုက် အခွါင်းအရေးကောန်ကုင်ကပိုမ် (Citizen Rights)၊ အခွါင်းအရေး ကဝ်မှောကဝ်အုိန်(တသီးပုဂ္ဂလ) (Individual Rights) ကာည်း အခွါင်း အရေး ကဒါ, ထုင်မှိုမ်ဆေထုင်မှိုမ်အုိန် (Cultural Self-Determination) ။

27. ကောန်တိုင်ကုင်ဂဲ အီမိုးအခွါင်းအရေး ကဝ်မှောကဝ်အုိန် အီကပျားချို့ဇော်ႁလဒီန် ဘုပ်ဘူိန်း ခံမ်ဇာ ဖည်းဖည်းနိုက်နိုက် အာဝ်ယွံတ်မဝေါင် ခြိုဝ်း၊ ပိုန်ဂြုပ်ညှုမ်(ကိုးဂွည်)၊ အီပိုန်အီ မာည်း၊ အီဩွာမ်ရဲင်ပိုန်ဟံရ် ၊ ဘည်မှိုဝ်ႁနောႁလိင်ဂဲဒီန် ။

အခြေခံအခွင့်အရေးများ

၂၄။ ပြည်ထောင်စုတွင် နေထိုင်သူတိုင်းသည် အခြေခံလူ့အခွင့်အရေးများကို အပြည့်အဝ ခံစားခွင့် ရှိရမည်။

၂၅။ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေးများနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမျိုး

အလိုက် ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများနှင့် အစုအဖွဲ့အလိုက် ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများကို အပြည့်အဝ ခံစားပိုင်ခွင့်ရှိရမည်။

၂၆။ ပြည်ထောင်စု၏ နိုင်ငံသားအဖြစ် ခံယူထားသော ပြည်ထောင်စု နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (Citizen Rights) များ၊ တသီးပုဂ္ဂလ အခွင့်အရေးများ (Individual Rights) နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ (Cultural Self–Determination) ကို အပြည့်အဝ ခံစားခွင့်ရှိရမည်။

၂၇။ နိုင်ငံသားတိုင်းသည် အခြေခံအကျဆုံးဖြစ်သည့် တသီးပုဂ္ဂလအခွင့်အရေးများကို လူမျိုး၊ ယုံကြည်ကိုးကွယ်မှု၊ ကျား/မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှုတို့ကို အခြေမခံဘဲ အပြည့်အဝ ခံစားပိုင်ခွင့်ရှိစေရမည်။

အခွင်ႈအရေး လံပ်ဢြောင်ရူန်ႈၶြီရ် လံပ်ငိူပ်မေန် ကာည်း ကဒါ့ထုင်မူမ်

အခွင်ႈအရေး လံပ်ဢြောင်ရူန်ႈၶြီရ်

28. ပြုၶြိုင်ဥစ္စာ အီတြားပုန်တီပ်ပြဵုက်အူန်း တောန်ကောန်တိုင်ကုင်ကပိုမ်ဗုတ်ဒရဲရ် ကဲဘိုန်း နဲ့ (ဘိုန်းပဲင်ဆဲင်)၊ ဘိုန်းၡြည်းအာပ်(ဘိုန်းကလ္ဘည်)၊ဘိုန်းယံင်း ၊ ဘိုန်းဘ္လူတ်ပြုဥစ္စာ ။

29. ဘည်ဘိုန်းနဲ့ပြုၶြိုင်ဥစ္စာ တောန်ကောန်တိုင်ကုင်ကပိုမ်ဗုတ်ဒရဲရ်၊ ကုန်မိုဲ့ကနာည်အကျိုး တ တိုအီးဂိုန်း(တရဝ်ဂါင်) တောပ်ဘည်ဥပဒေ ဘိုန်းတကြုံတ်တိုဝ့်လာည်း ။ ကကည်း ယွံတ် အကျိုးတကဝ်ကတူ့(ဒဲ့)တကြုံတ်လာည်း ကာည်း အကျိုးတရဝ်ဂါင် ဒဲ့အုန်တြား၊ ကုန်ဟောည်,ဒဲ့ရိူန်း ၊ ဈုတ်အုန်လံမ် စီနံင်ဘိုန်းတကြုံတ်လာည်း(ဆီမ်း) ။

30. တောန်ကောန်တိုင်ကုင်ကပိုမ်ဗုတ်ဒရဲရ် ၊ အာဝ်ဘိုန်းမိုဝ့် ကကာ့ချုံန် ယွံတ်တောဲင်ဘည် ဇာတိ ၊ ဖာဆာပုန်ဂြုပ်ညှူမ်၊ ချုံန်ဒျုံမ်ချုံန်ဇာရ် ၊ အီပုန်အီမာည်း၊ ဘည်မိုဝ့်နေဒ့လိင်၊ ဘည်ဘ္ဘောမ်ရဲင်ပုန်ဟံရ်၊ ဂါဲ့ယံင်နှာမ်၊ အဆာက်ဂဲဒီန် ။ ဘုပ်မိုဝ့်အခွင်ႈအရေး ဘိုန်းရံရ်ဲ့ ဇိုင်းကာန် ၊ ဘိုန်းရေဲန် ဇိုင်းကာန် ။

31. တောန်ကောန်တိုင်ကုင်ကပိုမ်ဗုတ်ဒရဲရ် ၊ ကနာည်ရေဲန်ဟျုံင်ဗဲ့အဆာက်အယ် ဘိုန်းဢြောင် ရူန်းၶြီရ် လလမူမ်မူမ် ၊ ဘိုန်းပြူဝ့်ဖုင်ကပါင်းကဒါ့ဢြောင်ရူန်းၶြီရ် လလမူမ်မူမ် ။

32. ယာမ်လျှုံင်ဒါ ဒုပ်(31) ရကဇိုည်နီန် အာဝ်ဘိုန်းပ္လေဲဝ် မူဝါဒလံပ်ဢြောင်ရူန်းၶြီရ် ၊ ပုန်ပ္လ ချှာင်ဂဲ၊ လံပ်ကတုမ်ကုင်ကပိုမ်၊ အီမိုဝ့်အကျိုး ကာည်း လံပ်ခေါခါ့ တိုအီးကုင် (ကူန်ရဝ် မာဂါင်) တောပ်ဘည်ပုန်ပ္လအူန်း ကုင်ကပိုမ်။

33. တောန်ကောန်တိုင်ကုင်ကပိုမ်ဗဲ့တ်ဒရဲရ်ဂဲ တောပ်ဘည်ဥပဒေ ဘ်ုပ်ဘိုန်းတဂေန်းရေဲန်လေ့ ကာည်း ဘိုန်းနဲ့မူ(ဘိုန်းမူပဲင်) ဒေင်ပိင်ဗျာ လလမ္ဘိုမ်မ္ဘိုမ် ။

34. ဆီုပ်တာမ်ဓါဇည်ခြိုဝ်း အီဆ်င်အီဘိုန်းနဲ့ကဲ ဘ်ုပ်မိုဝ်ဲ့အခွါင်း ဘိုန်းထိင်ဒံန်ခြဲ၊ ဘိုန်းဒါ ၊ ဘိုန်းပ္လချာင် ၊ ဘိုန်းလည်ကဆီုပ်ဒဲ့ (ခြိုမ်)ဂြူအူန်းကူန်မာတာယာ၊ ထုင်ရိုဘိုဇေန် ကဒါ့ထုင်မ္ဘိုမ် ကာည်း တောပ်ဘည်ထုင် ၊ ဘည်မိုဝ်ဲ့ဒေဲ့ ဂြူအူန်းကူန်မာတာယာ ကဒါ့ဒေင်ပိင်ဗျာ ။

35. တောန်ကောန်တိုင်ကုင်ကပိုမ် ဗဲ့တ်ဒရဲရ်ဂဲ ကိုန်ယိုဝ့်တကပိုန်ကုင်အယ် ဟာဝ်းဂေါည် ကပိုန်ဂဲဟံရ် ၊ ဟာဝ်းဘြောင်ရှိုန်းခြီရ်ဒီန် ဘ်ုပ်မိုဲ့ဘ်ုပ်တောပ် အီကဗျားတောပ် ဘည်ပ္လိုရ်ဲ့ပျဍာန်းအူန်း ကပိုန်ဒီဟာဝ်းဂေါည်အယ်ဒီန် ။

36. ကိုန်မိုဲ့ကဆီုဝ် ဘည်ဟံပ်တံင်အရာင်းကုင်ဟံရ် ဘ်ုပ်ပ္လဒဲ့ ပိုန်ဘိုန်းရေဲန်ကုင်ကပိုမ် ၊ ပိုန် ဘိုန်းရေဲန်ကပိုန်၊ ပိုန်ဘိုန်းရေဲန်ရူမ် ။ ပိုန်ဘိုန်းရေဲန်အီကိုတ်အီကျာန်ဂဲဒီန် အ်ုန်ဂေါည် အ်ုန်ဟောည့် တကပိုန်ဂဲဟာ်ဲ့ ။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ

စီးပွားရေးဆိုင်ရာအခွင့်အရေးများ

၂၈။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာများ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့် ရှိရမည်။

၂၉။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်း၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို အများပြည်သူ အကျိုးအတွက်သာလျှင် ဥပဒေနှင့်အညီ ရုပ်သိမ်းမှု ပြုလုပ်နိုင်စေရမည်။ ရုပ်သိမ်းခံရသူ ၏ အကျိုးနှင့် အများပြည်သူတို့၏ အကျိုးကို တရားမျှတစွာ ချိန်ဆ၍ ထိုက်တန်သော လျော်ကြေးပေးပြီးမှသာ သိမ်းယူခွင့်ရှိစေရမည်။

၃၀။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့် အတန်း၊ ကျား/မ၊ လိင်စိတ်ခံယူမှု၊ မသန်စွမ်းမှု၊ အသား အရောင်၊ လူမျိုး၊ အသက်အရွယ် အပေါ် မူတည်၍ ခွဲခြားခံရခြင်း မရှိစေရဘဲ အလုပ်ရွေးချယ်ပိုင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး ရှိစေရမည်။

၃၁။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် လွတ်လပ်စွာ စီးပွားရှာဖွေခွင့်နှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများကို လွတ်လပ်စွာ တည်ထောင်ခွင့်ရှိသည်။

၃၂။ အထက်အပိုဒ်(၃၁)ပါ အခွင့်အရေးကို ကျင့်သုံးရာတွင် ပြည်ထောင်စုက ချမှတ်ထားသော စီးပွားရေးဆိုင်ရာမူဝါဒများ၊ စီမံကိန်းများ၊ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ကျန်းမာရေးတို့ကို ထိခိုက်မှု မရှိစေရ။

၃၃။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် လွတ်လပ်စွာ တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာ မူပိုင်ခွင့်တို့ကို ဥပဒေနှင့်အညီ ခံစားပိုင်ခွင့် ရှိစေရမည်။

၃၄။ မိရိုးဖလာ သဘာဝအမွေအနှစ်များ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းအစဉ်အလာအရ သီးသန့်ပိုင်ဆိုင်လာခဲ့သော နည်းပညာဆိုင်ရာ အမွေအနှစ်များကို သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းမှ အစဉ်အဆက် ထိန်းသိမ်းပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် လက်ဆင့်ကမ်းပိုင်ဆိုင်ခွင့် ရှိစေရမည်။

၃၅။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ် တရပ်ရပ်သို့ အခြေချနေထိုင်ခြင်း၊ စီးပွားရှာဖွေခြင်းတို့သည် သက်ဆိုင်ရာပြည်နယ်၏ တရားဥပဒေ ပြဋ္ဌာန်းချက် များနှင့်အညီသာလျှင် ဖြစ်စေရမည်။

၃၆။ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုလုပ်ပိုင်ခွင့်၊ ပြည်နယ် လုပ်ပိုင်ခွင့်၊ ထပ်တူပြုလုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။ ကြွင်းကျန်လုပ်ပိုင်ခွင့် များသည် ပြည်နယ်များ၌ တည်ရမည်။

အခွါင်းအရေး ကဒါ့လံပ်ငီုပ်မေန်ကဇောည်

37. တောန်ကောန်တိုင်ကုင်ကပိုမ်ဓဵုတ်ဒရဲရ်ဂဲ–

(က) ဘိုန်းပနေ်ာပိုင်ပ္ဍာ လလမ္ဂိုမ်မ္ဂိုမ် ။

(ခ) ဘိုန်းရဲ်ရုံ့လလမ္ဂိုမ်မ္ဂိုမ် ပိုင်ပ္ဍာနံပ်ဆမား ၊ ပိုင်ပ္ဍာဟျုင်ဓဵု့အဆာက် ၊ ပိုင်ပ္ဍာချုံန်ဇာရ် ပုန် အုင် ပုန်ဝါဆနာအယ် ။

(ဂ) ဘုပ်ဘိုန်းပနော်လာပ်လာပ်လိုည်လိုည် ၊ အာဝ်ပနော်အာဝ်ဘိုန်း လံပ်ပိုင်ပ္ဍာတံင်ဖုုး ။

38. ခြိုုဝ်းကောန်တိုင်ကုင်ဂဲ ဘုပ်ပနော်ဆနီတ်ဒေင် လံပ်ပိုင်ပ္ဍာ ဖာဆာကြောဲ့ဂည်နဲ(စုင်) တံင်ဖုုးတဖာဆာကြောဲ့ကူန်မာရအာည် ၊ တောပ်ဘည်ဘိုန်းဘြောင်ချာင် ကပိုန်ဆေ/ အုဲန်။ ဘုပ်လျုင်ဒါ ဆနီတ်ဒေင်လံပ်ပိုင်ပ္ဍာ ဓဵုတ်ဒရဲရ်ဒီမိုကရေဆီ ဒဲ့အုဲန်လိုရ်ုံ့ ဒဲ့အုဲန်ကဟိုက်။

39. တောပ်ဘည်ဥပဒေ ပ်ုန်ပွပျဌာန်းအူန်း ဘ်ုပ်အာမခါမ်ဒဲ့ တကဲအီရေန် အီမှိုဝ်ႋကျောင် တက္ကသိုလ် ၊ ကောလိက်၊ သိပ္ပံ ၊ ကျောင်ပနောပိင်ပျာချှံန်ဇာရ် ကဒါ့ဟျှင်ဗ့်အဆာက် ကာည်း ကျောင်ပုဂ္ဂလိက ဂဲဒီန်။

40. တောန်ကောန်တီုင်ကုင်ကပိုမ်ဗ့ုတ်ဒရဲရ်ဂဲ ဘ်ုပ်ဘူိန်း ခံမ်ဇာလာပ်လာပ်လိုည်လိုည် ဘည် ဒံန်ခြဲ ငူိပ်မေန် ကာည်း ဘည်ဆနံမ်း တံင်ဖူးႋလံပ်ခေါခါ့တိုပိုင်း ။ ဘ်ုပ်လျှုံင်ဒါဆနီတ်ဒေင် လံပ်ခေါခါ့ ဗ့ုတ်ဒရဲရ်ဒီမိုကရေဆီ ဒဲ့အ်ုန်လိူရ်ႋ ဒဲ့အ်ုန်ကဟိုက်။

41. အီဂေါည်ခဲေင်ကုင်ကပိုမ်နီန်ပါဒိုႋဒိုည်ႋ အခွါင်အရေးကဒါ့လံပ်ငူိပ်မေန်ကဇောည်မာ် ဘ်ုပ် ဘူိန်းကဒူိဝ်ႋကနှေရ် ။

အခွါင်းအရေးဆဒါင်မီဒီယာ

42. ဘ်ုပ်ဒံန်ခြဲဒဲ့ ဘည်ဘူိန်းရေန်ဘူိန်းဂေါည် ၊ ဘူိန်းတူိဝ်ႋလာည်းဆဒါင်း ၊ဘူိန်းပြာင်းဆဒါင်း လလမျှုမ်မျှုမ် တကညာဆဒါင်မီဒီယာ ။

လူမှုရေးဆိုင်ရာအခွင့်အရေး

၃၇။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် –

(က) လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့်ရှိသည်။

(ခ) မိမိနှစ်သက်ဝါသနာပါရာ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့် ပညာများကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် ရှိစေရမည်။

(ဂ) အခြေခံပညာရေးကို မသင်မနေရအဖြစ် အခမဲ့သင်ကြားခွင့် ရရှိစေရမည်။

၃၈။ တိုင်းရင်းသားများ၏ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာသင်ကြား ရေးစနစ်ကို ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့်အညီ အကောင်အထည် ဖော်ဆောင်ရမည်။ ဖယ်ဒရယ်ဒီမိုကရေစီပညာရေးကို အကောင်အထည်ဖော် ကျင့်သုံး မည်။

၃၉။ တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်မြင့် ပညာသင်ကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများကို သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ နှင့်အညီ တည်ထောင်ပိုင်ခွင့်ကို အာမခံရမည်။

၄၀။ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် အခြေခံကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုနှင့်ကုသမှုကို အခမဲ့ ရယူခံစားပိုင်ခွင့် ရှိစေရမည်။ ဖက်ဒရယ်ကျန်းမာရေး စနစ် ဖော်ဆောင်ကျင့်သုံးရမည်။

၄၁။ ပြည်ထောင်စုအတွင်း နေထိုင်သူများအားလုံးသည် လူမှုရေးဆိုင်ရာ အခွင့်အရေးများကိုလည်း တန်းတူညီမျှစွာ ခံစားခွင့်ရှိရမည်။

သတင်းမီဒီယာအခွင့်အရေးများ

၄၂။ သတင်းမီဒီယာများ၏ လွတ်လပ်စွာ ရပ်တည်ပိုင်ခွင့်၊ လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်၊ လွတ်လပ်စွာ သတင်း တင်ပြပိုင်ခွင့်တို့အား အကာအကွယ်ပေးရမည်။

အခွါင်အရေးကဒါ့ထုင်မှို်မ်

43. ဘုံပ်ဘိုူန်းဖိုက်ဇာရ် ဖာဆာကြောႏ၊ ဆမ်ာင်အစဲန်ပုံန်အူန်းပြာႏကူန်မာ၊ ထုင်ရိုဘိုဧေန်ကူန်မာ တာယာ၊ လက္ခဏာပုံန်ကအာ်မ်း အီမိုႏအခွါင်းအရေး ခမို/ဖုင် ခြိူဝ်းကောန်တီုင်ကုင်ဂဲ ။

44. အီဂေါည်ခဲင်ကုင်ကပိုမ်ခဲှတ်ဒရဲရ်နီန်ပါဒြို့ဒိုည့် ဘုံပ်ဘိုူန်းဒါႏကြောႏ ၊ ဘိုူန်းပနောဘဲ့ ခြိူဝ်းအယ်(ခြိူဝ်းဆေ/အုံန်)လလမှိူမ်မှူမ် မောကံပ်ကလဲ့ပြော်ႏဒါင်းဇာရ် ။

ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ

၄၃။ တိုင်းရင်းသားလူမျိုးများ၏ အစုအဖွဲ့အခွင့်အရေးများဖြစ်သော ဘာသာစကား၊ သမိုင်းအမွေအနှစ်၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အထိမ်းအမှတ် လက္ခဏာများကို ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့် ရှိစေရမည်။

၄၄။ ဖက်ဒရယ်ပြည်ထောင်စုတွင် မှီတင်းနေထိုင်သူတိုင်းသည် မိမိတို့လူမျိုး၏ ဘာသာစကားနှင့် စာပေတို့ကို လွတ်လပ်စွာ ပြောဆိုခွင့်၊ သင်ကြားပိုင်ခွင့်၊ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

အခွါင်းအရေး ကဒါ့ဘည်ပ္လချာင်

45. တောပ်ဘည်(စံနူန်း)အခွါင်းအရေတိုအီး ပုံန်ပ္လအူန်းတောန်ကုင် ဘုံပ်ဘိုူန်းဒံန်ခြဲဖိုက်ဇာရ် ထုင်ရိုဘိုဧေန် ၊ ဖာဆာကြောႏက္လာင်း ဓံရ်ခြိူဝ်းကောန်တီုင်ကုင်ဂဲ လလမှိူမ်မှိူမ် ။ အူယာမ်မှာ်ႏ အာဝ်ဘိုူန်းကတော့ႏကတောင် တကြျံုတ်(ဆီမ်း) အခွါင်းအရေးလက္ခဏာခြိူဝ်း ကာည်းထုင်မှိူမ် အီမိုႏပုံန်နဲ့ႏပုံန်ဆာ်င် အခွါင်းအရေးပုံန်ဒိူည်းဒဲေႏ အိုရ်ဆီုင်ယာမ်ပျေႏကီုတ် ခြိူဝ်းကောန်တီုင်ကုင်ဂဲ ။

46. ကောန်တိုင်ကုင်ဂဲ ဘုံပ်မှူဝ်ႋဒေခံမ်ဇာ အခွါင်းအရေးဘည်ဘြောင်ရှူန်းခြီရ် ၊ ကဒါ့ထုင်မှူမ် ကဒှူဝ်ႋအီမ်ဘံန်း၊ ပုန်ရေန် ပုန်ဖိုက်ဇာရ်ဒဲႋ (Progressive actions/Affirmative Actions) မဝ် ဘုံပ်ဘူန်းဒေခံမ်ဇာ။

47. တံင်ဇှူႋတောင် ခြိုဝ်း၊ ဖာဆာ ၊ အီပုန်အီမာည်း ၊ ဘည်အာဝ်ရဲင်အာဝ်ဘွောမ်(တို၊နောႋ)၊ ဘည်မှူဝ်ႋနောႋလိင် ၊ ဂါႋယံင်နှာမ်ဂဲဒီန် စီဒါႋ/ဘာည်း ဆိုဝ်ဆိုဝ်မဝ်လ ၊ ကဓဲတ်မဝ်လ ဘည်ငှူပ်ငါည်ဒဲ့ငါည်ဒါင်းစီကဂေါ ကာည်း ဘူရ်မှူဝ်ႋ ဘည်ကကာႋချုံန်ကဂေါရာင်ပှိုင် ပုန်ဟံရ်ဂဲဒီန် မိုႋပွံတ်ဘုံပ် ဒံန်ခြဲကတောႋကတောင်။ ဆဲႋဒီန် နံင်ဘုံပ်မှူဝ်ႋ ဘည်ဖိုက်ဇာရ်၊ ဒံန်ခြဲ ၊ တူဝ်ႋကနေႋ ဒါတောပ် တောင်အခွါင်းရေးဒီန်။

48. ကနာည်နံင်ရေန်လံပ်ကဒှူဝ်ႋအီမ်ဘံန်း ခေင်ကုင်ကပိုမ်ဓဲတ်ဒရဲတ်ဒီမိုကရေဆီ၊ ဘုံပ်ပ္လ ဒဲႋမူ ဒဲႋကောန်အီပုန်ဂဲတောပ် ရဘြွေအုံန် အိုည်ကူရ်ခေင်ပယာႋ(30%) တပုန်ဘ္လ ကဏ္ဍာဗှါင်း ချုံန်မှောချုံန်အုံန် ။

49. အခွါင်းအရေးကညောမ်(ကောန်ဒဲ့)

(က)ကညောမ်ဂဲတောန်အီး ဆွံန်ဒါႋမိုႋကဲညှံမ်ဂြါညှံမ်ဒါင်းဒီန် ကဲဘုံပ်ဘူန်းဒေခံမ်ဇာ ဘည်ပုန် ငှူပ်မေန်ဒံန်ခြဲအီး။ ဘုံပ်ဘူန်းဒေခံမ်ဇာ ပုန်ကဇိုင်ကဇောည်အီး ပါဒို့ဒိုည့်။

(ခ) အာဝ်ဘူန်းရေန်ဒဲႋကညောမ် ကကာႋတောပ်ရမာကဲ၊ ကုံန်အာဝ်မိုႋ နောႋဖှူမ်ဆန္ဒကူန်မာ (ဆဝ်အာဝ်မိုႋ) အီငှူပ် မေန်ကညောမ်။ ငှူပ်မေန်လူမ်းလား ၊ ပနံဝ်းဘြဲဆား ကညောမ်ဒီန် အုံန်မိုႋဆဖာဝ အခွါင်းအရေး ကူန်မာကညောမ်ဂဲဟဝ့။ တောပ်ဘည်ပ္လါ့ဘော့ဖြောမ် ပါင်မိုန်ဒါင်းကုလသမဂ္ဂ ကဒါ့အခွါင်းအရေးကညောမ်ဒီန် ကဒါ့အခွါင်းအရေးကညောမ် ပုန်ပ္လိုရ်ႋ ပျဥာန်းအူန်း ကုံန်ရံရ်ကုင်ကပိုမ်ဓဲတ်ဒရဲရ်မဝ် နံင်ဘုံပ်ဒါ တောပ်။ ကူန်မာ (ဆဝ် အာဝ်မိုႋ)အီငှူပ်မေန်ကညောမ် ကုံန်ဇူတ်ဟာမ်းဝတ္တရားမဝ်လ ၊ ဂေါ့ဘည်အူနဲအူလှေ ကညောမ်ဂဲရောတ်ပွံတ်ဒေ အာဝ်မှူဝ်ႋဒီနောႋဒါင်းမဝ်လ၊ ဘည်ဒဲႋကညောမ်ဂဲ ကကာႋတောပ်ရမာကဲ ဂဲဒီန် ဘုံပ်တောပ်ဥပဒေ ရေန်ဇိုင်းကာန်အုံန်ဟဝ့။

(ဂ) ဘုံပ်ဒံန်ခြဲငှူပ်မေန်ဒဲႋ လံပ်ဘြောင်ရှူန်းခြီရ် ကာည်း လံပ်ငှူပ်မေန် ဘည်လာည်းအမြုံတ် တောင် ကညောမ်ဂဲ ။ ဘုံပ်ဒံန်ခြဲငှူပ်မေန်ဒဲႋ အချင်၊ လံပ်ခေါခါ့၊ ဖေးအန္တရယ်အဆာက်၊ ဘည်ဘြောႋဒါင်းတိုပိုင်း၊ ဘည်ဆူည့်ကဲရေန် အီပ္လွေဝ်အူနဲအူလှေ ဘည်ဘူန်းပနောပိင်ပျာ ကညောမ်ဂဲ ဒီန်။

(ဃ) ကိုန်ရုံရုံကုင်ကပိုမ်ဓဲ့တ်ဒရဲရုံကဲ ဘုံပ်ကိကိုက်ပ္ဍိုရုံးပျဍာန်းဒဲှ ဥပဒေကဒါ့အခြွါင်းအရေး ကညောမ်ဂဲ ။

50. အခွါင်းအရေးအီရေန်ဇိုင်းကာန်

ဇိုပ္ဍိုရုံးပျဍာန်း ဥပဒေကဒါ့အခွါင်းအရေးအီရေန်ဇိုင်းကာန် ဒဲှအုံန်တောပ်ပည် ပုံန်ပ္ဍ အူန်း(စံချိုန်စံနူန်း)ကုင်တောန်ကုင် တောပ်ဘည်ပုံန်ဖြောမ်ပုံန်ဘွ ဘည်ပုံန်ရခြူမ်ဂဲနီန်၊ ကုံန်ရုံရုံကပိုန် ကာည်း ကုံန်ရုံရုံကုင်ကပိုမ်ဓဲ့တ်ဒရဲရုံ ဘုံပ်ပ္ဍိုရုံးပျဍာန်းဒဲှ။

(က) ကနာည်နံင်ဘိုူန်းရေန်ဟာဝ်းဇိုင်းကာန် တောပ်ဘည်ဂုင်သိက္ခာတိုအီး တေဲင်ကဲ အီရေန် ဇိုင်းကာန်တောန်အီး –

(1) ဘိုူန်းဇိုင်းကာန် အီရာမ်ဆံင်တောဆံင်တော ၊

(2) ဘိုူန်းပုံန်ကတေဲ့ကတေင်ဖေး ကာည်း ဘိုူန်းဟောမ်ဒါဂိုပ်ဂိုပ်ကျံဝ်းကျံဝ်း၊

(3) ဘိုူန်းရေန်ဇိုင်းကာန်တောပ်ဘည်ပ္ဍအခိင်ရေန် အီကဖြေင်ကဒိုဝ်ှ၊

(4) ဘိုူန်းအခွါင်းကာည်း ရလုဝ်၊

(5) ဘိုူန်းပြိုူဝ်ှဖုင်သမဂ္ဂ အီရေန်ဇိုင်းကာန် လလမ္ဍိုမ်မ္ဍိုမ်(ILO Convention 87) ကာည်း ဘိုူန်းကမိုန်ကရောမ်မှာန်း(ILO Convention 98) ။

(ခ) ဘုံပ်ကိကိုက်ပ္လေှပျဍာန်းဒဲှ ဥပဒေ ကနာည်ကဲအီရေန်ဇိုင်းကာန် ကထောက်ခ္ဍိည်း ခေဲင်ကုင် ရှိုဝ်,ကုင် ကာည်း ကောန်ကုင်ဟံရ် အီလီပ်ရေန်ဇိုင်းကာန်ခေဲင်ကုင်ကပိုမ် ။

51. အခွါင်းအရေးကညာမာရ်ဂိုင်

(က)ကညာမာရ်ဂိုင်ဂဲ တောန်အီး –

(1) ဘိုူန်းတီ၊ဆုံမ် ၊ ယံင်း ၊ ရှိုရုံှလေှ ပ္လေတဝ်ပ္လေလှာ လလမ္ဍိုမ်မ္ဍိုမ် ၊

(2) ဘိုူန်းဒါရှိုန်း ဒဲှရှုရုံှတောန်နဲ

(3) ၊ ဘုံပ်ဘိုူန်းပြိုူဝ်ှ ဖုင်သမဂ္ဂကညာမာရ်ဂိုင် လလမ္ဍိုမ်မ္ဍိုမ် ၊

(ခ) တောပ်ဘည်ကဏ္ဍကပိုန်မှောကပိုန်အုံန် ကာည်း ကုံန်ရုံရုံကုင်ကပိုမ်ဓဲ့တ်ဒရဲရုံ ဘုံပ် ပ္ဍိုရုံှ ပျဍာန်းဒဲှ ဥပဒေကဒါ့အခွါင်းအရေး ကညာမာရ်ဂိုင်ဂဲ ။

အထူးစီမံဆောင်ရွက်မှုဆိုင်ရာအခွင့်အရေးများ

၄၅။ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများ၊ ဘာသာစကား များကို နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများနှင့်အညီ လွတ်လပ်စွာ ထိန်းသိမ်း ကာကွယ်မြှင့်တင်ခွင့် ရှိစေရမည်။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါ အခွင့်အရေး အဖြစ် ပိုင်ဆိုင်ထားသော အမျိုးသားလက္ခဏာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး များကို မည်သည့်အခြေအနေတွင်မျှ ရုတ်သိမ်းဟန့်တားခြင်း မရှိစေရ။

၄၆။ တိုင်းရင်းသားများသည် လူမှုစီးပွား၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ သာတူညီမျှစွာ ခံစားခွင့်ရှိရမည်ဖြစ်ပြီး တိုးတက်မြှင့်တင်ပေးသည့် ဆောင်ရွက်ချက်များ (Progressive actions/Affirmative Actions) များကိုလည်း ခံစားခွင့်ရှိစေရမည်။

၄၇။ လူမျိုး၊ ဘာသာ၊ ကျား/မ၊ မသန်စွမ်းမှု(ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ)၊ လိင်စိတ်ခံယူမှု၊ အသားအရောင်ကို အခြေခံပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခွဲခြားဆက်ဆံမှုများနှင့် အခြားသော မည်သည့်ခွဲခြားဆက်ဆံမှု မှန်သမျှကိုမဆို လုံးဝ ပိတ်ပင် ဟန့်တားရမည့်အပြင် ထိုအခွင့်အရေးများကို မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် လေးစားလိုက်နာခြင်းများ ရှိရမည်။

၄၈။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအတွင်း တန်းတူရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍ အဆင့်ဆင့်တွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးမူကို ချမှတ်ဆောင်ရွက်ရမည်။

၄၉။ **ကလေးသူငယ်များဆိုင်ရာအခွင့်အရေး**

(က) ကလေးငယ်တိုင်းသည် အရွယ်မရောက်သေးသူအဖြစ် ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစားပိုင်ခွင့်ရှိသည်။ ကလေးငယ်တိုင်းသည် အမျိုးသားထုတရပ်လုံး၏ ဖေးမကူညီမှုကို ခံစားပိုင်ခွင့်ရှိစေရမည်။

(ခ) ကလေးများအား မိဘ သို့မဟုတ် အုပ်ထိန်းသူတို့၏ ဆန္ဒမပါဘဲ ၎င်းတို့၏ မိသားစုထံမှ ကွဲကွာအောင် မပြုလုပ်ရ။ ကလေးများကို ပြုစုစောင့်ရှောက်ခြင်းနှင့် သွန်သင်ပြုပြင်ခြင်းတို့သည် မိဘတို့၏ သဘာဝအခွင့်အရေးဖြစ်သည်။ ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း လိုက်နာကျင့်သုံးရမည်။ အကယ်၍ မိဘ သို့မဟုတ် အုပ်ထိန်းသူတို့က ဝတ္တရားပျက်ကွက်လျှင် သော်လည်းကောင်း၊ တနည်းနည်းကြောင့် ကလေးများ ခိုကိုးရာမဲ့ဘဝသို့ ရောက်ရှိမည့် အခြေအနေမျိုးတွင်သော်လည်းကောင်း၊ ကလေးများအား မိသားစုနှင့် ကွဲကွာ စေခြင်းကို ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(ဂ) ကလေးများကို စီးပွားရေးနှင့် လူမှုရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့် ရှောက်မှုပြုရမည်။ ၎င်းတို့၏ ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ အသက်အန္တရာယ်၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု၊ ပညာသင်ကြားခွင့် တစ်ခုခုကို ထိခိုက်စေသောအလုပ်လုပ်ကိုင်စေခြင်းများမှ ကာကွယ်စောင့်ရှောက်ရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ကလေးများအခွင့်အရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးရမည်။

၅၀။ အလုပ်သမားအခွင့်အရေး

အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းရာတွင် အောက်ပါအချက်များ အပါအဝင် နိုင်ငံတကာစံချိန်စံနှုန်းသတ်မှတ်ချက်များ၊ သဘောတူညီချက်များနှင့်အညီ ပြည်နယ် လွှတ်တော်များနှင့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တို့မှ ပြဋ္ဌာန်းရမည်။

(က) အလုပ်လုပ်သူတိုင်း လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေးအတွက် –

(၁) သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အခြေအနေများရရှိခွင့်

(၂) လူမှုဖူလုံရေးခံစားခွင့်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးခံစားခွင့်

(၃) မျှတသောအလုပ်ချိန်သတ်မှတ်ချက်နှင့်အညီ အလုပ်လုပ်ခွင့်

(၄) အားလပ်ရက်နှင့် ခွင့်ရက်များခံစားခွင့်

(၅) အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာ တည်ထောင်ဖွဲ့စည်းခွင့် (ILO Convention 87) နှင့် စုပေါင်းညှိနှိုင်းတောင်းဆိုခွင့် (ILO Convention 98) များရရှိစေရမည်။

(ခ) ပြည်တွင်း၊ ပြည်ပရွှေ့ပြောင်းအလုပ်သမားများနှင့် နိုင်ငံခြားမှ ဝင်ရောက် လုပ်ကိုင်သော နိုင်ငံခြားသား အလုပ်သမားများအတွက် ဥပဒေများ ရေးဆွဲပြဋ္ဌာန်း ပေးရမည်။

၅၁။ တောင်သူလယ်သမားအခွင့်အရေး

(က)တောင်သူလယ်သမားတိုင်းသည် –

(၁) သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ ထုတ်လုပ်ခွင့်၊

(၂) အခွန်ဟူသမျှ ငွေကြေးဖြင့် ပေးဆောင်ခွင့်၊

(၃) တောင်သူလယ်သမားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းခွင့် ရှိစေရမည်။

(ခ) တောင်သူလယ်သမား အခွင့်အရေးဆိုင်ရာ ဥပဒေများကို သက်ဆိုင်ရာကဏ္ဍ အလိုက် ပြည်နယ်လွှတ်တော်များနှင့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တို့က ပြဋ္ဌာန်းပေး ရမည်။

ဘည်ရေန်ဒဲ့အခွါင်းအရေးကနေ့ရ်

52. ခြိုဝ်းကောန်တိုင်ကုင်ဂဲ ကာည်း ဖုင်ဂဲအီကတူးဒေဈူမ် အခွါင်းအရေး ဘည်ပြေဲဒါင်း ဟိုက်ဇာရ်လာ တောန်ကဒါ့မာ်လ ၊ ကနာည်ဖုင်ကောန်တိုင်ကုင် အီဓေးဒျံမ် အာဝ်ဘယ် ရေန်ချာင်မာ်လ ၊ တောပ်ဘည်ထုင်ရိုဘိုဓေန်ကဲလ္လ ကနာည်ဖုင်ကောန်တိုင်ကုင်

အီကတူႏတက္ုတ္ပဓဲႏ ကဲဒီန္မာ်လ၊ ဂေါ့ပ္ုန္ပ္လုိရ္ႏပ္ုဥာန္း ဘည္ကေတာ့ႏကေတာင္ ပ္လ ခ်ာင္ေရ္ခဲ့ႏ ကုိန္ရံုရ္ကုင္ကပိုမ္ဓဲတ္ဒရဲရ္ ေတာင္ေကာန္တီင္ကုင္ေတာန္ၿခိဳင္း အီနင္ဘိုန္း အခ္လင္းအေရး ကဒိုင္ႏအိမ္ဘံန္းဒီန္ အာဝ္ဘိုန္းဒဲ့ႏအ္ုန္ကီတ္ကာတ္ကေတာ့ႏကေတာင္ ။

53. ဘုိပ္မိုင္ႏဒဲ့ႏဒေင္ တၿခိဳင္းေဘြဂဲ အီဂေါည္ခေင္ကပီန္(Minority within Minority) ေမာ ကံပ္ဘိုန္းကေရာမ္လီပ္ေတာပ္ ဓ္ုင္းကဏ္ဍာ ပုန္ဘ္လ အေရးတီင္ကုင္၊ ေမာကဲ ကံပ္ဘိုန္းဒေ လီပ္ေတာပ္ ကဏ္ဍာအေရးတီင္ကုင္ဂည္ခ်ံုန္ဂည္ခ်ံုန္။ ဆဲ့ႏဒီန္ ပုန္ပ္လခ်ာင္ေရ္ခဲ့ႏ (affirmative action) တကဏ္ဍာဟံရ္ေတာန္ကဏ္ဍာမာ် ဘုိပ္ေရ္ပ္လေ့ႏ မူဝါဒအ္ုန္ ။

54. အခ္လင္းအေရးကဒါ့ဆဖာဝအရာပ္အရာ(တၾကြာက္)

(က)ေကာန္ကုင္ကပိုမ္ဓဲတ္ဒရဲရ္ေတာန္အီး ဆဲ့ႏဒါ့ဘိုန္းေလာတ္ဓဲႏ ဒုကၡကီန္းဒည္း ပုန္နင္ ကတူႏ၊ ဂေါ့ပ္လေဝ္ ဆဖာဝအရာပ္တၾကြာက္ဒီန္ မိုင္ႏဘိုးအခ္လင္းအေရးဘိုန္း ဆဖာဝအရာပ္ တၾကြာက္ အီကပ္ုားေတာပ္ဆဖာဝေတြာ အီကပ္ုားေတာပ္လံပ္ေခါခါ့တိုပိုင္း ။

(ခ) ေဘြာင္ခ်ာင္ကုင္ကပိုမ္ဓဲတ္ဒရဲရ္ ကာည္း ေဘြာင္ခ်ာင္ကပီန္ကဲမာ် ဘုိပ္ရုပ္ရိုႏတိုင္ႏကေန့ႏ ဘည္ဘိုန္းပ္လခါန္းဒံန္ခြဲ ေတာင္ဘည္ရိုရ္ႏဒါကဆဝ္း ဆဖာဝသယံဇာတ အီနင္ပ္လေဝ္ ဆဖာဝအရာပ္တၾကြာက္ ၊ ခေင္ဒီဂေါည္ ကာည္း ဘည္နံင္ဒံန္ခြဲပိုပ္မေန္ ေကာန္တီင္ကုင္ ၿခိဳင္းေဘြဂဲ ။

တန်းတူအခွင့်အရေးဖော်ဆောင်ခြင်း

၅၂။ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်းနှင့် အခွင့်အရေးများ ဆုံးရှုံးခြင်းတို့ကို ခံစားနေရသော တိုင်းရင်းသားလူမျိုးများနှင့် အစုအဖွဲ့များအတွက်ဖြစ်စေ၊ စွမ်းဆောင်နိုင်မှုအခြေအနေနိမ့်ပါးလျက်ရှိသော နိုင်ငံသားအစုအဖွဲ့များအတွက်ဖြစ်စေ၊ အချို့သော ထုံးတမ်းစဉ်လာများအရ နှိမ့်ချဖယ်ကြဉ်ခြင်း ခံထားရသော နိုင်ငံသားအစုအဖွဲ့များ အတွက်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အထူးစီမံ ဆောင်ရွက်ချက်များဖြင့် အကာအကွယ်ပေးခြင်း၊ စီမံဆောင်ရွက်ခြင်းတို့သည် နိုင်ငံသားတိုင်း တန်းတူအခွင့်အရေး ရရှိစေရမည်ဟူသော ပြဋ္ဌာန်းချက်ကြောင့် အဟန့်အတား မဖြစ်စေရ။

၅၃။ ပြည်နယ်များအတွင်းရှိ လူနည်းစုများ (Minority within Minority) နိုင်ငံရေး ဆုံးဖြတ်ချက် အခန်းကဏ္ဍတွင် ပူးပေါင်းပါဝင်နိုင်စေရန် အဆင့်ဆင့်သော နိုင်ငံရေး ကဏ္ဍတို့တွင် ပါဝင်နိုင်ခွင့် အခွင့်အလမ်းများကို ဖန်တီးပေးရမည်။ ထို့အပြင် အခြား

သော ကဏ္ဍအသီးသီးတွင် အထူးစီမံဆောင်ရွက်ချက် (affirmative action) များကိုလည်း မူဝါဒချမှတ်ဖော်ဆောင်ပေးရမည်။

၅၄။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး

(က)ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုကြောင့် ကြုံတွေ့ခံစားရမည့် အတိဒုက္ခများမှ ကင်းလွတ်စေရမည့် အပြင် သဘာဝတရားနှင့် ကိုက်ညီ၍ ကျန်းမာရေးနှင့် ညီညွတ်သည့် သဘာဝ ပတ်ဝန်းကျင်ကို ရရှိရန်အခွင့်အရေး ရှိသည်။

(ခ) လူနည်းစုဌာနေတိုင်းရင်းသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့် ရှောက်ခွင့်နှင့် ၎င်းတို့အခြေချနေထိုင်ရာဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေနိုင်သည့် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူ သုံးစွဲခြင်းအပေါ် ကန့်သတ်ထိန်းချုပ်ခွင့်ရှိခြင်းကို ဖက်ဒရယ် ပြည်ထောင်စု နှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရများကလည်း အသိအမှတ်ပြုရမည်။

တံင်ဇူးမူကဒါ့လံပ်ကတ့်မ်ကာည်းလံပ်ဒံန်ခြဲဓဲ့တ်ဒရဲရ်

55. ကဒါ့မူဝါဒ လံပ်ကတ့်မ်ကာည်း လံပ်ဒံန်ခြဲကုင်ကပိုမ် ဓဲ့တ်ဒရဲရ်ဒီန် ဘုံပ်တံင်ဇူးတ လံပ် ဘိုူန်းဂေါည်ကတ့်မ်တိုအီး။ ဖုင်တံပ်လံပ်ကတ့်မ်ကာည်း လံပ်ဒံန်ခြဲကုင်ကပိုမ် ဓဲ့တ်ဒရဲရ် ပါဒို့ဒိုည့် ဘုံပ်ဂေါည်ခြူမ်ဘြောင်ချှာင် တိုအီးအယာတ် ပိုန်ရံရ်ှဟြာင်းဟိုက် အီတောပ် ဒေင်ဒီမိုကရေဆီ ။

56. ကိုန်ရံရ်ဓဲ့တ်ဒရဲရ်ဒီန် ဘုံပ်ကိက်ပ္လေးပျဌာန်ဒဲ့ “လံပ်ကတ့်မ်ကာည်း လံပ်ဒံန်ခြဲ ကုင်ကပိုမ်” ကာည်း ဥပဒေ ။ ကိုန်ရံရ်ဓဲ့တ်ဒရဲရ် ဘုံပ်စေတ်မေန်းဘ္လဒဲ့ ရှိုန်းဒါ လံပ်ကတ့်မ် ကာည်း လံပ်ဒံန်ခြဲ ။

57. ဘုံပ်ပြိုူဝ်ှကဒည်ဖုင်တံပ်ကလိက်ကုင်ကပိုမ် ကာည်း ဖုင်တံပ်ပလိက် ကပိုန် (ပြိုူဝ်ှရာင် ဆေ ရာင်အုံန်)။ ဖုင်တံပ်ပလိက်ကပိုန် ကာည်း ဖုင်တံပ်လံပ်ကတ့်မ်ကပိုန်ဒီန် ဂါရ်ဂေါည် ခြူမ်ဘြောင်ချှာင်ကပိုန်ဆေကပိုန်အုံန်။ ကိုန်ရံရ်ကပိုန် ဘုံပ်စေတ်မေန်းဘ္လဒဲ့ရှိုန်းဒါ ဖုင်တံပ်ပလိက်ကပိုန် ကာည်း ဖုင်တံပ်လံပ်ကတ့်မ်ကပိုန် ။

58. လံပ်ကတ့်မ်ကုင်ကပိုမ်ကာည်း ဘည်ကနဲတ်ကမုည်မာ်လ၊ ကနာည်နံင်ဘယ်ရေန်ဒဲ့အုံန် ဇာ်ှလ ဆဖာဝဖေးအန္တရာယ်ဂဲကာည်း ဇိုင်းကာန်လံပ်ခြဲအဆာက်မာ်လ ၊ ဘြောင်ချှာင်

ကုင်ကပိုမ် ကာည်း ဩဘင်ချာင်ကပီုန်မှောကပီုန်အ်ုန် ဘုိပ်ကမိုန်ဘွှံက်ဒဲ့ ဘည်ကဆီုဝ် ဒါဖုင်တံပ်လံပ်ကတုိမ်။

59. ဘုိပ်ပြိုုဝ်ဒ့ “ကောင်ဆံရ် လံပ်ကတုိမ် ကာည်း လံပ်ဒံန်ခြဲခြိုုဝ်း”။ ကောင်ဆံရ်ဒီန် ဘုိပ် ပြိုုဝ်ဒ့ဒါပုဂ္ဂုလ်တိုအီးချှံန်ကုင်ကပိုမ်အီအာဝ်ခွှေ့ဒါ,(30%)အီလီပ်ကောင်ဆံရ်ပါဒ္ဒိ,ဒိုည်, ၊ တောပ်ပည် ကောင်ဆံရ် လံပ်ကတုိမ် ကာည်း လံပ်ဒံန်ခြဲကပီုန် ။

ဖက်ဒရယ်လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာအခြေခံမူ

၅၅။ ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများသည် လူသား လုံခြုံရေးကို အခြေခံရမည်။ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေး ဆိုင်ရာ တပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိရမည်။

၅၆။ ဖက်ဒရယ်လွှတ်တော်သည် ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို ဖက်ဒရယ်လွှတ်တော်က စိစစ် အတည်ပြုပေးရမည်။

၅၇။ ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့တို့ကို သီးခြားစီ ဖွဲ့စည်းရမည်။ ပြည်နယ် လုံခြုံရေးတပ်ဖွဲ့စည်းခွင့်ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေး တပ်တို့သည် သက်ဆိုင်ရာပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်တို့၏ အသုံးစရိတ်များကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

၅၈။ ပြည်ထောင်စုလုံခြုံရေးနှင့် အရေးပေါ်အခြေအနေတွင်လည်းကောင်း၊ သဘာဝ ကပ်ဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက်သော်လည်းကောင်း လုံခြုံရေးတပ်ဖွဲ့များအား အသုံးပြုမှုနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့က ညှိနှိုင်း ဆုံးဖြတ်ဆောင်ရွက်ရမည်။

၅၉။ ဖက်ဒရယ်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီကို ဖွဲ့စည်းရမည်။ ၎င်းကောင်စီတွင် ပြည်နယ်လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီများမှ အနည်းဆုံးတစ်ဦးစီ အပါအဝင် ကောင်စီဝင် စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်းထက် မကျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

ဆနီတ်ဒေင်လံပ်ကတုံမ်ကုင်ကပိုမ်ခဲ့တ်ဒရဲရ်

60. လျှုံင်ဒါဘည်ကကား့ကဆာင်းအာဏာဘိုန်းရေန်၊ ဘည်ကကား့ကဆာင်း၊ ဘည့်ပ္လပုံန်ဘွံက် ကဒါ့အခွါင်းအရေး ပုံန်အာပ်ဒဲ့ကဒည်ရာင်အုံန် ကနာည်ခမိုဖုင် ဆာ်အာဝ်မိုး့ ပုဂ္ဂိုလ်တိုအီး၊ ကဒည်ခနား ကုင်ကပိုမ်၊ ကပိုန် ကာည်း ဘြောင်ချှာင် ဒေသန္တရ တိုအီးအယာတ်ကဲ ၊ ရေနဘည်ပ္လမဟာဗျူဟာ တံင်ဖူး့တဘည်ဘာည်းကတာည်း ပထဝီ အီနံင်လိုရ်ုံ့တငါည် ကာည်း ဘည်အာပ်ဒဲ့ဇိုင်းကပ္လိုင် ကဒါ့လံပ်ကတုံမ် တောဲင်ထုင် ရိုဘိုဇေန် ၊ ပုံန်နော့ှဟ ကာည်း ပုံန်လို ကူန်ရဝ်မာဂါင်အရာပ်ဒီန် ၊ ဘုံပ်ပျိုဝ့် ဆနီတ်ဒေင်လံပ်ကတုံမ်ကုင်ကပိုမ်ခဲ့တ်ဒရဲရ် အီရေနဒဲ့အုံန်လိုရ်ုံ့ ဘည့်ရဲင်ဘွောမ်ခမို ကာည်း ပုံန်ရေနဒဲ့ အီအာမခါမ် တစံရ်ခြိုဝ်းတောန်ခြိုဝ်း၊ ဖုင်ကပါင်းအီကရောမ်လီပ် တောပ်ဘွိုက်လှုပ်တောန်ကဒါ့ လံပ်ကတုံမ်ကူန်ရဝ်မာဂါင်၊ လံပ်ဒံန်ခြဲဖေး တရဝ်တဂါင်၊ ကာည်း လံပ်ဒံန်ခြဲကုင်ကပိုမ်ဂဲဒီန်။

ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးစနစ်

၆၀။ ပြည်ထောင်စု၊ ပြည်နယ် နှင့် ဒေသန္တရအရပ်သားအစိုးရများအကြား လုပ်ပိုင်ခွင့်ဆိုင်ရာ အာဏာများခွဲဝေခြင်း၊ အစုအဖွဲ့ သို့မဟုတ် လူပုဂ္ဂိုလ်အတွက် သီးခြားပေးအပ်ထားသော အခွင့်အရေးများဆိုင်ရာ ခွဲဝေခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ အာဏာ ခွဲဝေခြင်းတို့ ကျင့်သုံးပြီး ဒေသခံတို့၏ ဓလေ့ထုံးတမ်းများ၊ စိုးရိမ်ချက်များနှင့် လိုအပ်ချက်များကို ထင်ဟပ်ပုံဖော်သည့် သက်ဆိုင်ရာ ပထဝီအနေအထားအခြေခံ မဟာဗျူဟာများချမှတ်မှုနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ တာဝန်ချထားမှုတို့ကို လုပ်ဆောင်ကာ ပြည်သူလူထုလုံခြုံရေး၊ ရပ်ရွာဘေးအန္တရာယ်တားဆီးရေးနှင့် ပြည်ထောင်စုကာကွယ်ရေးကို အာမခံသည့် လူမျိုးပေါင်းစုံ၊ ဘက်ပေါင်းစုံလွှမ်းခြုံ ပူးပေါင်းပါဝင်သည့် အဖွဲ့အစည်းများ၊ အင်အားစုများနှင့် ဝန်ဆောင်မှုများကို အကောင် အထည်ဖော်ဆောင်ရွက်သည့် ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးစနစ် တစ်ရပ် တည် ဆောက်ရမည်။

ဘည့်ပ္လချှာင်ကာည်းရုံပ်ဇိုင်းကပ္လိုင်တိုအီးကုင်(Administration and Public Services)

61. ကုင်ကပိုမ်ကာည်းဘြောင်ချှာင်ကပိုန် ဘုံပ်ကရောမ်ကမိုန်ရေနဒဲ့ ကနာည်ဖိုက်လျှုံင်ပနော

ဒဲ့ တကဲအီရံပ်ဇိုင်းကပ္လိုင် ဇိုင်းကာန်ဘည်ပ္လချာင်ကာည်း ရံပ်ဇိုင်းကပ္လိုင် တိုအီးကုင်ဒီန် ဘည်ကိက်ပ္လေ့မူဝါဒ ၊ ဘည်ပ္လဒဲ့ ကဒါ့ယိုဝ်ရဒေင်ပုံန်ပနော တကျောင်ပနောဖိုက်လျှင် အီရံပ်ဇိုင်းကပ္လိုင်။ တောပ်ဘည်လံပ်အရေးတိုင်ကုင်၊ လံပ်ငိုပ်မေန်ကဧာည်၊ လံပ်ဩြောင် ရှိုန်းခြီရ် ကာည်း ဘည်ဒေင်(နီး)ပိင်ပျာ ဘုံပ်စီရ်ကကျိုည် တိုရုံ့လိုရုံ့ဩြဲဆားဘည်ပနော ဘည်လိုအုံန်။

62. ကဒါ့ဘည်ရံပ်ဇိုင်းကပ္လိုင်တိုအီးကုင်ဒီန် ဘုံပ်ဘိုန်းရံရုံ့ ကဲအီရံပ်ဇိုင်းကပ္လိုင် ဘိုန်းမိုဝ့် ကျောင်ပနောဖိုက်လျှင်ကဒည်ရာင်အုံန်၊ဘိုန်းပ္လချာင်ကာည်း ရံရုံ့အာပ်အီရံပ်ဇိုင်းကပ္လိုင်ဂဲ။

စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း (Administration and Public Services)

၆၁။ စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်မည့်သူများအား လေ့ကျင့်သင်ကြားရေးအတွက် မူဝါဒများရေးဆွဲခြင်း၊ ဝန်ထမ်းလေ့ကျင့်သင်ကြားရေးကျောင်းများတွင် သင်ကြားမည့် သင်ရိုးညွှန်းတမ်းဆိုင်ရာ စံနှုန်းများ သတ်မှတ်ခြင်းကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ဆောင်ရွက်ပေးရမည်။ ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နှင့် နည်းပညာ အခင်းအကျင်းများနှင့်အညီ သင်ရိုးညွှန်းတမ်းများကို လိုအပ်သလို ပြန်လည်သုံးသပ်ပြင်ဆင်ရမည်။

၆၂။ ပြည်သူ့ဝန်ထမ်းခြင်းဆိုင်ရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်သင်ကြားရေးကျောင်းများ သီးခြားဖွင့်လှစ်ပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် နှင့် ဝန်ထမ်းများအား ရွေးချယ်ခန့်အပ်ပိုင်ခွင့် ရှိသည်။

လံပ်ကတူည့်ကဘား ခနားဩြောင်ချာင်ကုင်ဂဲ (Inter-Governmental Relations)

63. ကုံန်ပဲန်ဒေဲ့ကြော့ဂိုန်းမိုည့်ဘ္လံမ်း ကကံန်းကြော့ မိုဝ့်ပျဆနာကဒည်ခနားကုင်ကပိုမ်ခဲ့တ် ဒရဲရ် ကာည်း ကပိုန်မဝ်လ၊ ခနားကပိုန်ဂဲမဝ်လ၊ ကနာည်ကရောမ်ကဘ္လာင်းဒဲ့ ကာည်း ကနာည်ကရောမ်ရေဲန်ရူမ်ရူမ်ရာ့ရာ့ဇိုင်းကာန်ဒီန် အုံန်ဘိုန်းပြိုဝ့်ဖုင် “ဂေါပ်ကာဝ်မ်မတီ” ဂေါပ်ကာဝ်မ်မတီ တိုအီးဒါင်းမဝ်လ၊ ဂေါပ်ကာဝ်မ်မတီတိုင်ကပ္လိုင်ဂဲ ကနာည်ကရောမ်ရေဲန် ကဏ္ဍာမှောကဏ္ဍာအုံန် မဝ်လ၊ ဂေါပ်ကာဝ်မ်မတီလံပ်ဘဏ္ဍာရှိုန်းခြီရ် ကနာည်ပ္လချာင်ရှိုန်းလီပ် ပုံန်ပ္လ အူန်းဘည်နံင်ကဆာင်းဒါမဝ်လ။ ဘုံပ်ပ္လအူန်း(အဆာက် ရေဲန်) ဇိုချိုင်ကာဝ်မ်မတီ တောပ်ဘည်ဘာည်းဇိုင်း ပုံန်နံင်ကရောမ်ရေဲန်ဒီန် ။

64. တိုအီးဒါင်းကပိုန်ဂဲဒီန် တောပ်ဘည်အင်္ဂါလက္ခဏာကုင်ကပိုမ် ကဲဂေါ်ည်တောဲင် တိုင်ကပ္လိုင် ကုင်ကပိုမ်။

အစိုးရအချင်းချင်းအကြားဆက်ဆံရေး (Inter-Governmental Relations)

၆၃။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်ကြားတွင်သော်လည်းကောင်း၊ ပြည်နယ် အချင်းချင်းကြားတွင်သော်လည်းကောင်း အငြင်းပွားစရာများ၊ ပြဿနာများ ပေါ်ပေါက် ပါက ပူးပေါင်းကိုင်တွယ်ဖြေရှင်းရန်နှင့် လုပ်ငန်းဆောင်တာများကို အတူတကွ ပူးပေါင်း လုပ်ကိုင်နိုင်ရန်အတွက် အကြီးအကဲများ ပူးတွဲကော်မတီကို သော်လည်း ကောင်း၊ လုပ်ငန်းကဏ္ဍအသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ဝန်ကြီးများ ပူးတွဲကော်မတီကိုသော် လည်းကောင်း၊ မျှဝေသုံးစွဲရန် သတ်မှတ်ထားသော ဝင်ငွေများကို စီမံခန့်ခွဲရန်အတွက် ဘဏ္ဍာရေး ပူးတွဲကော်မတီကိုသော်လည်းကောင်း စသည့် ပူးတွဲကော်မတီတို့ကို ဖွဲ့စည်းနိုင်သည်။ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်၏ လိုအပ်ချက်အရ ကော်မတီ သက်တမ်းကို သတ်မှတ်ထားရှိရမည်။

၆၄။ ပြည်နယ်အကြီးအကဲများသည် ပြည်ထောင်စုအင်္ဂါစဉ်အရ ပြည်ထောင်စုဝန်ကြီးများ၏ အထက်တွင်ရှိသည်။

ဓါင်း(5)
ဆေတ်စာပ်ုန်ခါမ်

ပဌိုညာဉ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီနီန် မိုးပ်ုန်ဟောည့်,လည်ဖြောမ်ပ္လရီတ်မံင် (ratify) ဖုင်ကပါင်းဂဲအီတောပ်ခေဲင်ဘည်ရည်းဘည်ဗီုန်း၊ ကနာည်နံင်ရေဲန်ဟာဝ်းဇိုင်းကာန် အလိုးအနုံ ခါမ်ကဒိဆေတ်စာ ချပ္လေ့သန္နိဌ္ဍာန် ရအာည့်,ပါင်မိုန်ဒါင်းကုင် ရူမ်ရူမ်ရား့ရား့၊ ကနာည် ဆံင်ခံတ်ကညာအဏာဆိုက်ဖေဝ် ကာည်း ပျိူဝ်,ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ။ တောပ်ဘည်ပဌိုညာဉ်နီန် ဖူးတဘည်ကီန်းဒည်း ပ်ုန်ဂိုည်ဒေါ့ကတူ့ခါမ်အယ် ကဇေန်နီး၊ ဒါဘည် ကရောမ်အွံရ် တောပ်ဘည်ဘိူန်းရေဲန်ကာည်းဘည်မိုး့အ်ုန် dejure & defacto နံင်ဘ်ုပ်ရေဲန် ဟာဝ်းမောကံပ်ရောတ်စ်ာမ်း အီမိူဝ်း့ဘည်ဘ္လိုက်လှူပ်တြား‌ဥပဒေ၊ မိူဝ်း့ဒီမိုကရေဆီ အီရဲင်ဘ္လေဘမ် ၊ မိူဝ်း့ဘြောင်ချာင်ကုင် အီရံပ်လာည်းဇိုင်းကပ္လိူင် ။ ဘည်ကဇေန်နီး ကဆိုဝ်ကူန် ရဝ်မာဂါင်(တိုအီးကုင်) တောပ်ဘည်ဆိင်ဘိူန်း နော့ဖိူမ် တံပ်ဘြာန်အီကဖါ,အာဏာကုင်ဒီန် ကတူ့ခါမ်ဒုက္ခကီန်းဒည်းခြူမ် ပ်ုန်ဘြောင်ချာင် ကယာင်ဖေဝ်ကဲ ၊ အာဝ်မိူဝ်း့ယဝ့် ဘြောင်ချာင်ကုင် အီလီပ်ဘောင်လီပ်တြား။ ဘည်ဘာည်းအယ်ကဇေန်နီး ဒဲ့လောတ်ဒါ, ခြူမ်ပ်ုန်ဘြောင်ချာင်တံပ်ဆိုက်ဘြာန်ဖေဝ်ကဲ၊ မိုးပွံတ်အယ်ဘ်ုပ်မိူဝ်း့ ဘြောင်ချာင်ကုင်(အစိုးရ) အီကရောမ်ကရေဲမ် အီဘယ်ဒေဒဲ့ယေန်ငံင်။ အချာက်အီတောပ်ခေဲင်ပဌိုညာဉ်နီန် အ်ုန်တံင်ဖူး့ တခမ္ဗ ၊ ကဲအီတောပ်အီကဆဲင် (stakeholders)ဒီန် ကဲညှူမ်အီမ်းညှူမ်ယံမ်း ၊ လီပ်နော့ လီပ်ဖိူမ်ကဲ၊ မိုးပ်ုန်ဟောည့်, လည်ဖြောမ်ပ္လရီတ်မံင်(ratify) ခါမ်ကဒိဆေတ်စာ ချပ္လေ့သန္နိဌ္ဍာန် ရအာည့်,ပါင်မိုန်ဒါင်းကုင် ရူမ်ရူမ်ရား့ရား့၊ ကနာည်နံင်ရေဲန် ဟာဝ်းဇိုင်းကာန် အလိုးအနုံ ။

တောပ်ဘည် ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင် ဇိုင်းကာန်ပ်ုန်နံင်ရေဲန်ကနာည်အယ်ဒီန် အ်ုန်အရေးဒါင်း မိုးဇိုင်းကာန်အီထွံတ်အီမြူံတ်ဟာဝ့်,။ အယ်ဂဲနီန် ယိူဝ်,တဘည်အာဝ်မိူဝ်း့လံပ် ဘိူန်းဂေါည်ကတ်ုမ် မောကံပ်ဇီရ်ဘိူန်းဂေါည်ကတ်ုမ်ယေန်ငံင်တခိူည်း၊ ယိူဝ်,တဘည်ရေဲန် အာဝ်မိူဝ်း့ဥပဒေ မောကံပ်ဇီရ်ဘိူန်းတြားဖြေင်ကဒိူဝ်း့မိူဝ်း့ဥပဒေ၊ ယိူဝ်,တဘည်ကယာင်ဖေဝ် အီး မောကံပ်ဇီရ်ဘိူန်းယေန်ငံင်၊ ယိူဝ်,တပ်ုန်ဘြောင်ချာင်ဆိုက် မောကံပ် ဇီရ်ဘိူန်းဒီမိုကရေ ဆီ၊ ယိူဝ်,တနဘာည်းဆဂေ မောကံပ်ဇီရ်ဘိူန်းဂေါည်ကတ်ုမ်၊ ယိူဝ်,တဘည်လည်ကအီရ်း့ မောကံပ်ဇီရ်ဘိူန်း လည်အူန်းနော့မှူမ်ဖိူမ်ဆငါး ဖိူမ်ဂရုဏာနော့ကဇေ ၊ ယိူဝ်,တဘည်တကဲ့တ်

ထီပ်ညှဲ့ မောကံပ်ဇီရ်ဘိုန်းလောတ်လေ့ဂေါည်လလမ္ဘိုမ်မ္ဘိုမ် ဂဲကဲဒီန် ခါမ်ကဒိဆေတ်စာ နံင်ဘုိပ်ရေန်ဟာဝ်း ရှုမ်ရှုမ်ရား့ရား့ဟာ်,။ တိုဝ်ကနေ့၊ ရံပ်ဇိုင်းကပ္လိူင်အလှိုးအန်၊ ဒါကဒိ ဆေတ်စာ ရီတ်ရီတ်မံင်မံင် နံင်ရေန်ဟာဝ်း ဘည်ကခံပ်ကယည်ဇိုင်းကာန် ကာည်း ဘည်ပုိန်ဘ္လ(ဆဖော)အူန်းနီန် ။

ပဋိညာဉ်နီန် မိုးပုိန်ဘ္လဆဖောရီတ်မံင်အူန်း အီလီပ်ဘောင်လီပ်တြား။ ဆဲ့ဒီန်အာဝ်ဖံန်း ဆွံန်ဒါ့မို့ မှာတ်အုိန်မို့ တံင်ဇူ့တြားပုိန်ကံမ်ကျံင် စီရေန်ဟာဝ်းမာ်မို့ ။ တောပ်လိုည်ဘည်မိူဝ် ဇိုင်းကပ္လိူင် ဖုင်ကဲအီဘ္လဆဖောတောန်ဖုင်ဒီန်– တေဲင်တောန်ဖုင်ကပါင်းဖုင်မှောဖုင်အုိန် အီဘ္လဆဖော ခါမ်ကဒိဆေတ်စာပုိန်ဟံရ်မာ်လ ၊ တေဲင်ကဲအီလီပ်ဖုင် တောန်ဖုင်ကပါင်း မာ်လ၊ တေဲင်ကောန်ကုင်ကပိုမ်မာ်လ၊ တေဲင်ကဲအီနံင်ဘ္လူတ်ရေန်ဇိုင်းကာန်ခြိူဝ်းအနာဂံတ်မာ်လ အယ်ည္ဍူမ်အေ့ အုိန်နံင်ရံပ်ဇိုင်းကပ္လိူင်အုိန် ။

(1) နံင်ရေန်ဟာဝ်းအလှိုးအန် တောပ်ဘည်ကရောမ်အွံရ် ပါင်မိုန်ဒါင်းကုင်/ပါင်မိုန်ဒါင်း တိုအီးကုင် (People’s Assembly) တ ပုိန်ကကာမ်းပုိန်ကယောင် အီတောပ်ခေဲင်ပဋိညာဉ် နီန်၊ နံင်ပျိူဝ်,ကုင်ကပိုမ်ဓဲုတ်ဒရဲရ်ဒီမိုကရေဆီ အီယေန်ငံင် အီမိူဝ်ဘည်လောတ်လာပ် ဘိုန်းဂေါည်လလမ္ဘိုမ်မ္ဘိုမ်၊ မိူဝ်တြားဖြေင်ကဒိူဝ် ၊ မိူဝ်ကဒိူဝ်အိုမ်ဘံန်း ဂဲကဲဒီန်ဟာ်,။

(2) ယာမ်ပျိူဝ်,ကုင်ကပိုမ်ဒီန် တံင်ဇူ့တအာဏာဇာရ်ဆူတ် ကာည်း ငေါ့ခံန်(စံ)ကုင်ကပိုမ် မိုးပုိန်ဟောည်,ဘိုန်း ပုိန်ဘ္လဆဖောတ ဒေါန်(3) သဏ္ဍာန်ရာင်ပိူင်ကုင်ကပိုမ် ဒုိပ်(1,2,3) ကာည်း အာဏာဇာရ်ဆူတ်ကုင်ကပိုမ် ဒုိပ်(4) ၊ ဘုိပ်မိူဝ်ဘည်ဘိုန်းဒါ နိုက်နိုက် အခ္ခါင်း အရေးဘိုန်းဘ္လရာင်ဆေရာင်အုိန် ကာည်း အခ္ခါင်းအရေးဘိုန်း ဘြောင်ချာင်ရာင်ဆေ ရာင်အုိန် ကပိုန်ဂဲအီလီပ်ဖုင်ကုင်ကပိုမ် ။

(3) ဘုိပ်ဘိုန်း တံင်ဇူ့အခ္ခါင်းအရေး၊ လံပ်ကဒိူဝ်အိုမ်ဘံန်းအီပုိန်အီမာည်း ကာည်း အခ္ခါင်း အရေးခြိူဝ်းဘြေဂဲ။ နံင်ရေန်ဟာဝ်း ပ္လမူဝါဒ ကဒါ့လံပ်ကတုိမ်ကာည်းလံပ်ဒံန်ခြဲ ကုင်ကပိုမ်ဓဲုတ်ဒရဲရ် အီတံင်ဇူ့ တဘည်ဂေါည်ကတုိမ်တိုအီး ၊ ကနာည်ဘိုန်းဂေါည် ကတုိမ် ဇိုဇာတ်ကောန်တိုင်ကုင်တောန်အီး။

(4) နံင်ရေဲန်ဟာဝ်း ပ္လမူဝါဒ အီနံင်ကဇိုင်ကဓောည်ဒဲ့ရဲင်ဒဲ့ဒွေ့ာမ် ဘည်ရေဲန်လေ့ (တီထွင်)ဇေဝ်း ကာည်း ဘည်လှာက်ကမာည်း္လြည်းဒေဲ့ ချံုန်ဘည်ဂေါည်ကောန် တိုင်ကုင် မောကံပ်ဇာရ်မှယ်ဒိုရ်ပြီမ်။

(5) နံင်ပ္လမူဝါဒ အီကရောတ်ကဒေဲ့ ရေဲန်ဟာဝ်း လံပ်ဆနံမ်းဒဲ့ ကာည်းလံပ်စီရ်ကိုည်း ယိုဝ်,ပျိုဝ်,ပဖံင်းဆနီတ်ဒေင်လံပ်ပိင်ပျာ အီတောပ်ဒို့တောန်အီး ဘယ်ဒေကကြုပ်ကဒေဲ့ (Universal Edu cation Coverage)၊ ဆနီတ်ဒေင်လံပ်ပနောပိင်ပျာ ဖာဆာကြော့ဂည်နဲ အီတံင်ဖူ့တကြာ့ဖာဆာကူန်မာ(Mother Tongue-based Multi-lingual Education) ကာည်းဆနီတ်ဒေင်လံပ်ခေါခါ့,အီတောပ်ဒို့တောန်အီးဘယ်ဒေကကြုပ်ကဒေဲ့(Universa l Health Coverage) ကဲအီအာဝ်ဒွေ့ာမ်ရဲင်၊ ကညောမ်ဂဲ ၊ ကဲအီဂံတ်အဆာက်ဒါင်း ၊ အီပိုန်ဂေါည်ရတိုဖံန်ဂဲ ၊ တောပ်ပည်အခွါင်းအရေးကဒါ့အီပိုန်ဂဲ၊ လံပ်ပယောမ်ဖေး ဘည်ဒါခံင်ယိုည်, အီဆမာဒဲ့နေား့ဖိုမ်္လြည်း ဂဲကဲဒီန် ။

(6) ဘုံပ်စီရ်တကြျုတ်(ဆီမ်း) အာဏာအီအာဝ်မိုးပုံန်အာပ်ဒဲ့ တောပ်ဘည်ဆန္ဒနေား့ဖိုမ် တိုအီးကုင်(ကူန်ရဝ်မာဂါင်)။ နံင်ပျိုဝ်,ဆနီတ်ဒေင်လံပ်ဩြောင်ချှာင်တိုအီးအယာတ် အီတံင်ဖူ့တပုံန်ရံရံ့လေ့။ ဒါရဲင်ဒွေ့ာမ်တိုအီးကုင် နံင်ထူည်ပဓော့ဗိုန် ဩြောင်ချှာင်ကုင် အီအာဝ်မိုဝ်း့ ဘည်လာည်းဘည်ရံပ်ဗိုင်းကပ္လိုင် ။ ဘုံပ်ဘယ်အာမခါမ် တိုအီးကုင်မိုး့ မူလတံင်ရျံရံ့ အာဏာဇာရ်ဆူတ် ။ အာဏာကုင်ဒီန် အုံန်နှုန်(ဆေချာ)ယဝ့် ဂေါည်ခေဲင် တည်း တိုအီးကုင်(ကူန်ရဝ်မာဂါင်)ဟာဝ်,။

(7) ဘည်မိုးဘည်ဘာည်း ပုံန်ကိက်ယိုဝ်နဲ့ ကာည်း မူဝါဒဂဲအီတောပ်ခေဲင်ပဋိညာဉ်နီန် အာဝ်ဗံန်းလိုည်ကနာည်ဗိုင်း ပုံန်နံင်ရေဲန် အာဝ်လှေင်ဒါင်း အီနံင်ရောတ်ဒေဲ့ တောပ် ဘည်ပ္လချှာင် ကဒါ့ဩြောင်ချှာင်ကုင် ခနား့ဇိုချိုင် ၊ ဘည်ခမိုတံင်ရျံရံ့ဥပဒေ ခနား့ဇိုချိုင် ။ ယာမ်ကိက် ဘည်ခမိုတံင်ရျံရံ့ဥပဒေ ကုင်ကပိုမ်ဓဲတ်ဒရဲရ်ဒီမိုကရေဆီနီန်မာ် အုံန်မိုး့ တံင်ဖူ့ယိုဝ်ရဒေင်ဟာဝ်,။

အခန်း (၅)

ဝန်ခံကတိပြုချက်

ဤဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အား စစ်အာဏာရှင် ဆန့်ကျင်ရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် လှုပ်ရှားမှုများတွင် ပါဝင်သော အဖွဲ့အစည်း အားလုံးက ပြည်သူ့ညီလာခံရှေ့မှောက်၌ အတူတကွ ကတိကဝတ်ပြု သန္နိဋ္ဌာန်ချ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် သဘောတူအတည်ပြု (ratify) ကြခြင်း ဖြစ်သည်။ ဤပဋိညာဉ်အရ မိမိတို့သည် လက်ရှိတွေ့ကြုံနေရသည့် အကျပ်အတည်း ဖြစ်နေသော အခြေအနေမှသည် de jure နှင့် de facto တို့၏ စုပေါင်းခေါင်းဆောင်မှုဖြင့် ဥပဒေစိုးမိုးမှု ရှိသော၊ ဒီမိုကရေစီအားကောင်းသော၊ တာဝန်ယူမှုရှိသည့် အစိုးရရှိသော အနေအထားသို့ ရောက်ရှိအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်သူများအနေဖြင့် အာဏာသိမ်းစစ်တပ်၏ စိတ်အလိုရှိသည့်အတိုင်း အကြမ်းဖက် အုပ်ချုပ်နေမှုအောက်တွင် ဒုက္ခခံစားနေရပြီး တရားဝင်မှုရှိသည့် အစိုးရမရှိတော့ပေ။ အကျိုးဆက်မှာ မိမိတို့သည် ဖရိုဖရဲပရမ်းပတာ အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဤအခြေအနေတွင် မိမိတို့သည် တပ်မတော် အုပ်ချုပ်မှုကင်းစင်ပြီး တည်ငြိမ်မှုကို ပေးနိုင်မည့် တညီတညွတ်တည်း ရှိသော အစိုးရ တစ်ရပ်ကို လုံးဝ လိုအပ်နေပါသည်။ ဤ ပဋိညာဉ်ပါ အချက်များသည် ဓမ္မကို အခြေခံ၍ သက်ဆိုင်သူ (stakeholders) များမှ နက်နက်ရှိုင်းရှိုင်း သက်ဝင်ယုံကြည်ပြီး ပြည်သူ့ညီလာခံရှေ့မှောက်၌ အတူတကွ ကတိ ကဝတ်ပြု သန္နိဋ္ဌာန်ချ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် သဘောတူ အတည်ပြု (ratify) ကြခြင်း ဖြစ်သည်။

ကျွန်ုပ်တို့အတွက် နိုင်ငံရေးလမ်းပြမြေပုံ အတိုင်း ဆောင်ရွက်ရမည့် အလုပ်များမှာ အရေးကြီး၍ မြင့်မြတ်သော လုပ်ငန်းများ ဖြစ်ပါသည်။ မိမိတို့သည် ပရမ်းပတာ လုံခြုံမှု ကင်းမဲ့သည့် အခြေအနေမှ တည်ငြိမ်မှု ပြန်လည်ရရှိရန်၊ ဥပဒေမဲ့ ဆောင်ရွက်နေမှုများမှ တရားမျှတမှုရှိလာရန်၊ အကြမ်းဖက်မှုများမှ ပြန်လည်ငြိမ်းချမ်းမှု ရရှိရန်၊ စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီ ပြန်လည်ထွန်းကားရန်၊ ရက်စက်ကြမ်းတမ်းမှုများမှ လုံခြုံစိတ်ချရမှု ပြန်လည်ရရှိရန်၊ မုန်းတီးမှုများမှ အမှန်တရားကိုအခြေခံသည့် ဂရုဏာစိတ်ထားများ ပြန်လည်တည်ဆောက်နိုင်ရန် နှင့် ဖိနှိပ်မှုများမှ လွတ်မြောက်ရန် စသည်တို့အတွက် အတူတကွ အပြန်အလှန် ကတိကဝတ်ပြုခြင်းဖြင့် ရှေ့ဆက် ဆောင်ရွက်သွားရမည် ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များနှင့် သဘောတူညီချက်များကို အမှန်တကယ် လေးစားစွာ၊ တာဝန်ရှိစွာ နှင့် ကတိကဝတ် ခိုင်မြဲစွာ ဆောင်ရွက်သွားမည်။

ဤပဋိညာဉ်သည် တရားဝင် စည်းနှောင်ချုပ်ဆိုထားခြင်းဖြစ်သည်။ ထို့ပြင် ဤပဋိညာဉ်သည် ကိုယ်ကျင့်တရားကို အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း မှတ်ယူသည်။ ထိုတာဝန်ရှိမှုများနှင့် ပတ်သက်၍ သဘောတူအတည်ပြုသည့် အဖွဲ့တိုင်းသည် အခြား ကတိကဝတ်ပြု၍ သဘောတူအတည်ပြုသည့် အဖွဲ့အစည်းတစ်ခုချင်း အပေါ်တွင် လည်းကောင်း၊ အဖွဲ့အစည်းအသီးသီး၏ အဖွဲ့ဝင်များအပေါ်တွင်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူများအပေါ်တွင်လည်းကောင်း၊ အနာဂတ် မျိုးဆက်သစ်များအပေါ်တွင် လည်းကောင်း တာဝန်ခံသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

၁။ ဤပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက် များအား ပြည်သူ့ညီလာခံ (People's Assembly) ၏ စုပေါင်းဦးဆောင်မှုနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကာ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုရှိပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်မည်။

၂။ ထိုသို့တည်ဆောက်ရာတွင် အပိုင်း (၃) ပြည်ထောင်စုအသွင်သဏ္ဍာန် အပိုဒ် ၁၊ ၂၊ ၃နှင့် ပြည်ထောင်စုအချုပ်အခြာအာဏာ အပိုဒ် ၄ တို့တွင် သဘောတူညီမှုရရှိထားပြီးဖြစ်သည့် ပြည်ထောင်စု၏ အချုပ်အခြာအာဏာနှင့် စံတန်ဖိုးများကို အခြေခံ၍ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် အခွင့်အရေးနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအား အပြည့်အဝ ကျင့်သုံးပိုင်ခွင့်ရှိစေရမည်။

၃။ အခြေခံအခွင့်အရေးများ၊ ဂျန်ဒါတန်းတူညီမျှရေးနှင့် လူနည်းစုတို့၏ အခွင့်အရေးများ ရရှိစေရမည်။ နိုင်ငံသားတိုင်း၏ လူမှုဘဝ လုံခြုံမှုရှိစေရေးအတွက် လူသားလုံခြုံမှုကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒများကို ချမှတ်ဆောင်ရွက်သွားမည်။

၄။ နိုင်ငံသားတို့၏ လူနေမှုဘဝ အဆင့်အတန်း ပိုမိုမြင့်မား၍ ဆန်းသစ် ပြောင်းလဲမှု နှင့် စွန့်ဦးတီထွင်မှုတို့ကို အားပေးထောက်ကူပြုသည့် မူဝါဒများကို ချမှတ် ဆောင်ရွက်သွားမည်။

၅။ လူတိုင်းလက်လှမ်းမီနိုင်သည့် အားလုံးအကျုံးဝင်ပညာရေးစနစ် (Universal Education Coverage)၊ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာသင်ကြားရေးစနစ် (Mother Tongue-based Multi-lingual Education) နှင့် လူတိုင်းလက်လှမ်းမီနိုင်သည့် အားလုံးအကျုံးဝင် ကျန်းမာရေးစနစ် (Universal Health Coverage) မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ အပါအဝင် အမျိုးသမီးဆိုင်ရာအခွင့်အရေးများ၊ မူးယစ်ဆေး ဝါးနှင့် စိတ်ကို

ပြောင်းလဲစေသော ဆေးဝါးများ အလွဲသုံးမှုဆိုင်ရာ အန္တရာယ်လျှော့ ချရေး (Harm Reduction)၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထိရောက်သော မူဝါဒများကို ချမှတ် ဆောင်ရွက်သွားမည်။

၆။ ပြည်သူ့ဆန္ဒနှင့်အညီ အပ်နှင်းခြင်းမဟုတ်သော အခွင့်အာဏာများအား ပြန်လည် ရုပ်သိမ်းရမည်။ ရွေးကောက်ခံများကို အခြေခံသော အရပ်သား အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်မည်။ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိသော အစိုးရများအား ပြည်သူ့အင်အားဖြင့် ဖြိုချပါမည်။ အချုပ်အခြာ၏ မူလရင်းမြစ်သည် ပြည်သူအများ ဖြစ်ကြောင်း အာမခံနိုင်ရမည်။ နိုင်ငံ့အာဏာသည် ပြည်သူလက်ထဲတွင် ရှိကြောင်း သေချာစေရမည်။

၇။ ဤပဋိညာဉ်ပါ အကြောင်းအရာများ၊ ဖော်ပြချက်များနှင့် မူဝါဒများသည် မကြာမီ ကာလတွင် ပေါ်ပေါက်လာမည့် ကြားကာလအစိုးရ၊ ကြားကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အစီအမံများတွင် ဆောင်ရွက်မည့် ကိစ္စရပ်များအတွက်သာမက ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌လည်း လိုက်နာ ကျင့်သုံးရမည့်အခြေခံလမ်းညွှန်ချက်များဖြစ်သည်။

ထေ့ည်

တိုင်အွံရ်ကောန်တိုင်ကုင်ဂဲ ဂြီရ်ႉရောည်တည်း တပ္လါ့ဘော့ဖြောမ်ပါင်လိုင် ဆန့်မ် 1947 ဘိုန်းဒေႉ လံပ်ဘိုန်းဂေါည်မ္ဘုမ်လောတ်လာပ် ရှုမ်ရှုမ်ရာႉရာႉ ၊ ရီန်းရဲတ်ဒေႉ ဒေကပိုမ်ခမိုကုင် ကောန်တိုင်ကုင် ကနာည်ပျူုဝ့်ဒဲႉအ့ုန်ပဲန်ကုင်ကပိုမ် ။ ဘည်ဘိုန်းဂေါည်လလမ္ဘုမ်မ္ဘုမ်၊ ဘည်ခြိုုဝ်းဂည်နဲအာဝ်ကနေ့ရ်၊ ဘည်ကရောမ်အွံရ်ကာည်းဘိုန်းဘြောင်ချာင်ရာင်ဆေရာင်အ့ုန် ဂဲဒီန် ကနျံမ်ဘားရီတ်ဒဲႉအ့ုန်ပဲန်ငေါႉခံန်(စံ)ကုင်ကပိုမ် ၊ ကယေင်ကကာမ်းဒေႉ ကနာည်ပျူုဝ့် ကုင်ကပိုမ်ခဲ့တ်ဒရဲရ် ဗံရ်ခြိုုဝ်းဂည်ခြိုုဝ်း အီဘိုန်းဂေါည်ရှုမ်ရှုမ်ရာႉရာႉ ယေန်ယေန်ငံင်ငံင် ကိုက်အူကဒါ့တာတ်အူဒီဟာ့်။

ဘိုည်ဒါႉလိုည်မာ် ကနာည်ပျူုဝ့်ကုင်ကပိုမ်ခဲ့တ်ဒရဲရ် အီတခိုည်းယေန်ငံင်ဒီန် နံင်ဘုပ်ဗီရ် ရဲန်တောပ်အီမိုႉမူအရာင်း ပဋ္ဌိညာဉ်ကုင်ကပိုမ် ၊ ဘော့ဖြောမ်ပါင်လိုင်၊ ကဒိဆေတ်စာ ပါင်လိုင် ၊မူပါင်လိုင်ဂဲဒီန်ဟာ့်။ နံင်ဘုပ်ဗီရ်ကိက် ဘည်ခမိုတံင်ရျံရ်ႉဥပဒေ ကုင်ကပိုမ်ခဲ့တ်ဒရဲရ်။ တောပ်ဘည်ခမိုတံင်ရျံရ်ႉဥပဒေ နံင်လျှုံင်ဒါဆနီတ်ဒေင် ဘည်ခမို တံင်ရျံရ်ႉဥပဒေ (Constitutionalism) ။ နံင်ဘြဲဆားခ္လိည်း လံပ်ပ္လဥပဒေ၊ လံပ်ဘြောင်ချာင်ကာည်း လံပ်ဘ္လုံက်ချာင်ဘြားပ့ုန်လိုအ့ုန်။ နံင်ရဲန်ဟာဝ်းလက္ခဏာအင်္ဂါ ကုင်ကပိုမ် မောကံပ်နိုက်(စုင်) ဂည်နဲ ။ အီမိုႉလံပ်ရဲန်လက္ခဏာကုင်ကပိုမ်ဒီန် နံင်ရဲန်ဒဲႉ လက္ခဏာရာင်ပိုုင်သဏ္ဍာန်ကာည်း မိုုဝ်ႉလက္ခဏာခ့ုရ်ပြျုံင်ငါမ်းအ့ုန်။ ဘုပ်အ့ုရ်ႉအေဲႉခဲင် ကံမ်ဖာ ဒါဘည်ကရောမ်အွံရ် တောဲင်ပ့ုန်ကရောမ်ပျူုဝ့်ဒေႉ ကုင်ကပိုမ်ဒါင်းနီန်။

ကနာည်ချဲန်ဘ္လုံင်(ရဲန်) ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီကမာည်း အီဘိုန်းဂေါည်မ္ဘုမ်၊ ယေန်ငံင်၊ ကဟိုက်ကဟာဝ်း ၊ အီတိုုဝ်ႉကနေဲႉ ညှုုမ်ဒါတောပ် ငေါႉခံန်(စံ)ကာည်းမူဝါဒ အီရိတ်မံင်ဒီန် ကရောမ်ကိက်ဘ္လုံက်ပဋ္ဌိညာဉ်နီန် ၊ စီပဲန်စေညာပ္လုုရ်ႉဒဲႉ ဒါဘည်ကရောမ်အွံရ် နံင်ကရောမ်ကရဲမ်ရဲန်အလှီးအခ့ု ကဇောည်ပျူုဝ့်ကုင်ကပိုမ်နီန် ဟာ့် ။

နိဂုံး

တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ၁၉၄၇ ခုနှစ်တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုကာ လွတ်လပ်ရေးကို အတူတကွ ရယူခဲ့ပြီး ပြည်ထောင်များ စုပေါင်း၍ ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်ရန် ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ခြင်း၊ တန်းတူခြင်း၊ စုံလင်ကွဲပြားခြင်း၊ စုပေါင်းခေါင်းဆောင်ခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိခြင်းတို့ကို ပြည်ထောင်စု၏ စံတန်ဖိုးများအဖြစ် ကိုင်စွဲ၍ လူမျိုးပေါင်းစုံ အေးအတူပူအမျှ ငြိမ်းချမ်းစွာဖြင့် အတူတကွ ယှဉ်တွဲ နေထိုင်နိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုအား တည်ဆောက်ရန် ရည်မှန်းခဲ့ကြသည်။

သို့ပါ၍ ငြိမ်းချမ်းသာယာသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် အတွက် ပြည်ထောင်စု၏ မူရင်းပဋိညာဉ် ဖြစ်သည့် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ပင်လုံမူတို့ကို ပြန်လည်အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ဖက်ဒရယ် ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲရမည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အုပ်ချုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) ကို ကျင့်သုံး မည်။ လိုအပ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်မည်။ ပြည်ထောင်စု၏အင်္ဂါရပ်များနှင့် ပြည့်စုံရန် လုပ်ဆောင်မည်။ ပြည်ထောင်စုလက္ခဏာ တည်ဆောက်ရေးဖြစ်သည့် အသွင်သဏ္ဍာန် လက္ခဏာတည်ဆောက်ရေးနှင့် အနှစ်သာရ လက္ခဏာတည်ဆောက်ရေးတို့ကို အကောင်အထည်ဖော်မည်။ စုပေါင်း တည်ထောင်ခဲ့သော ပြည်ထောင်စုကြီးအား စုပေါင်း ခေါင်းဆောင်မှုဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်စေရမည်။

စံတန်ဖိုးများနှင့် ခိုင်မာသည့်မူဝါဒများကို လေးစားယုံကြည်လိုက်နာသော လွတ်လပ်၊ ငြိမ်းချမ်း၊ ကြီးပွား၊ တိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ်ကြီးကို ထုဆစ်ပုံဖော်ရန်အတွက် ဤပဋိညာဉ်ကြီးကို စုပေါင်း ရေးဆွဲပြဋ္ဌာန်း အတည်ပြုကာ စုပေါင်းခေါင်းဆောင်မှုဖြင့် စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပၸွိုညာဥ်ဖဲ့တ်ဒရဲရ်ဒီမိုကရေဆီ

ဒေါါန်(2)

ပ္လွ္ခ်ာင် ဘည်ခမိုတံင်ရျ်ရ်ုဥပဒေ ခနားဖို့ချိုင်

ဆန့်မ်– 2021

Federal Democracy Charter

Part -2

Interim Constitutional Arrangements

2021

ခဲင်ဆန့်မ် 2021 ကျံရ်အိုည်၊ ဆညည်း(31)ဟောည်,ရှုရ်ုစညောပ္လို့ရ်ုဒဲ့ ။ ခဲင်ဆန့်မ် 2022
ကျံရ်အူ ၊ ဖူးဆညည်း (27) ရောတ်ဆညည်း(29) ဗီရ်ဘ္လံက်ဒဲ့ ဒါပ့်န်ဗီရ်ဘြဲဆားပနိုက်
ပ့်န်ရဲန်ဒဲ့ တပါင်မိုန်ဒါင်းကုင် လို့ဝ်;(1) ။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်

အစိတ်အပိုင်း (၂)

ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံ

၂၀၂၁ ခုနှစ်

Federal Democracy Charter

Part –2

Interim Constitutional Arrangements

2021

၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇
ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ်ပြည်သူ့ညီလာခံတွင်
ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် အတည်ပြုခဲ့သည်။

မာတိကာ

ရှူ့ဘာံင် နိဒါန်း

ဓါင်း (1) ပ်ုန်ကယေင် ပ္လချာင် ဘည်ခမိုတံင်ရျ်ရုဲ့ဥပဒေ ခနာႋဗိုချိုင်

အခန်း (၁) ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံ၏ ရည်ရွယ်ချက်

ဓါင်း (2) ပါင်မိုန်ဒါင်းကုင်

အခန်း (၂) ပြည်သူ့ညီလာခံ

ဓါင်း (3) ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း

အခန်း (၃) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ

ဓါင်း (4) ဇိုင်းကပ္လိုင် ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနာႋဗိုချိုင်

အခန်း (၄) ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ

ဓါင်း (5) လံပ်ပ္လဥပဒေ ခနာႋဗိုချိုင်

အခန်း (၅) ကြားကာလ ဥပဒေပြုရေး

ဓါင်း (6) လံပ်ဘြောင်ချာင် ခနာႋဗိုချိုင်

အခန်း (၆) ကြားကာလ အုပ်ချုပ်ရေး

ဓါင်း (7) လံပ်ဘ္လံက်ချာင်တြား ခနာႋဗိုချိုင်

အခန်း (၇) ကြားကာလ တရားစီရင်ရေး

ဓါင်း (8) လံပ်ဘြောင်ချာင် ၊ လံပ်ပ္လဥပဒေ ကာည်း လံပ်ဘ္လံက်ချာင်တြား ကပိုန်/ဗဲုတ်ဒရဲရ် ယူနီတ်

အခန်း (၈) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး

ဓါင်း (9) ပ်ုန်ပ္လချာင် ဘည်ဘြဲဆား အူဒံင်ဍ္ဍည်းရာင်ပိုင်

အခန်း (၉) အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှု အစီအမံများ

ဓါင်း (10) ဘြဲဆားပနိုက် ပၞိုညာဉ်

အခန်း (၁၀) ပဋိညာဉ်အား ပြင်ဆင်ဖြည့်စွက်ခြင်း

ဓါင်း (11) ပ်ုန်ကိက်ပ္လိုရ်ုဲ့ ပျဍာန်းတောန်နဲ (General Provisions)

အခန်း (၁၁) အထွေထွေပြဋ္ဌာန်းချက်များ

ဓါင်း (12) ကဒိဆေတ်စာ ကဒါ့လံပ်ပျိုဝ်ကုင်ကပိုမ်ဗဲုတ်ဒရဲရ်ဒီမိုကရေဆီ

အခန်း (၁၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ

ၡူးဘံင်

ပုိန်ဆိင်ဘုိန်းပုိန်မောင်ရဲ့(အီရိတ်မံင်)တိုအီးကုင် ကူန်ရဝ်မာဂါင်ပါ်ဒို့ဒိုည့် တောပ်ပည် ခြိုဝ်းကောန်တိုင်ကုင်ဂည်ခြိုဝ်း အီဂေါည်ခဲင်ကုင်ကပိုမ်နီန် မိုးကုင်ကပိုမ် ဓဲ့တ်ဒရဲရ် ဒီမိုကရေဆီ အီနံင်ဒဲ့ပုိန်အာမခါမ် ဖည်းဖည်းနိုက်နိုက် အခွါင်းအရေးလံပ်ဒီမိုကရေဆီ၊ လံပ်ကဒိုဝ်းအီမ်ဘံန်းကာည်း ဘုိန်းဩြင်ချာင်ရာင်ဆေရာင်အုိန် အီတံင်ၡူးတ ဘည်ဘုိန်း ဂေါည်မှိုမ် လောတ်လာပ်၊ ကဒိုဝ်းအီမ်ဘံန်း၊ တြားဖြေင်ကဒိုဝ်းဂဲဒီန် ။ ကနာည်ပျိုဝ့် ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ၊ ကနာည်ငေါ်းခံန်(စံ) အီအူန်းမှိုဝ်းကနေ့ အခွင်းအရေး တောပ်ဒေဲ့တိုကာည်းဂုင်သိက္ခာ ကောန်တိုင်ကုင်တောန်ဗံရ်ခြိုဝ်းဂဲဒီန် ခဲင်ပဋို ညာဥ် ဒေါန်(1) ဟောည့်ကိက်ပ္လိုရ်းဒေဲ့ တံင်ၡူးမူဂဲ၊ တံင်ၡူးမူယီုဝ်နဲ့ဒေင်ဂဲ ၊ ကခံပ်ကယည ်ဇိုင်းကာန်ပုိန်နံင်ရေဲန် (ဆဝ်အာဝ်မိုး) ဇိုင်းကာန်ယီုဝ်ဒေင်အရေးတိုင်ကုင် ဂဲဒီန်ဟာ့်။ ရဲင်ဘ္လောမ်ခမို အီကဆ်င်တောန်လေ့တောန်ဖုင်မာ် ဟောည့်ခါမ်ကဒိဆေတ်စာ ချပ္လေ့သန္ဒိဋ္ဌာန် ဒါရဲင်ဘ္လောမ်ကရောမ် နံင်ကဓောည်ပျိုဝ့်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ။ ကနာည်နံင်ဘယ် ပျိုဝ့်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီနီန် ပုိန်နံင်ရေဲန်ဟာဝ်းအလှ်ီးအခ်ု ဇိုင်းကာန်ယီုဝ် ဒေင်အရေးတိုင်ကုင် ချံန်မှောချံန်အုိန် တေဲင်ပုိန်ကကာမ်း ပုိန်ကယေင် တပုိန်ကိက်ပ္လိုရ်းအူန်း ခဲင်ပဋိုညာဥ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ဒေါန်(1)ဒီန် ပ္လရိတ်မံင်ပျဋ္ဌာန်း ဒဲ့အုိန်ပဲန် ပဋိုညာဥ် ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ဒေါန်(2)၊ ပုိန်နံင်တံင်ၡူး အူဒံင်ဇိုချိုင်ခ္လါည်း **“ကခံပ်ကယည် ကဒါ့ဘည်ခမိုတံင်ရျံရ်းဥပဒေ ခနားဇိုချိုင် (Interim Constitutional Arrangements)”** ။ (ဇိုး)အဆာက် ပုိန်ပ္လချာင် ကဒါ့ဘည်ခမိုတံင်ရျံရ်းဥပဒေ ခနားဇိုချိုင် နီန် ၡူးဒေအီမ်း (လီပ်အဆာက်) မောကံပ်ရောတ်အခိင် ဟောည့်ကိက်ပ္လိုရ်းပျဋ္ဌာန်း ဘည်ခမို တံင်ရျံရ်းဥပဒေ အူဒံင်ဇိုချိုင်ခ္လါည်း။

နိဒါန်း

ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံအပါအဝင် ပြည်သူလူထု တစ်ရပ်လုံး တို့၏ ခိုင်မာသည့် လိုလားတောင့်တချက်မှာ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု တို့ကိုအခြေခံသည့် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံချက် ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးပင် ဖြစ်သည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ မွေးရာပါအခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာတို့ကို လေးစားတန်ဖိုးထားသော စံတန်ဖိုးများ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံရမည့် အခြေခံမူများ၊ လမ်းညွှန်အခြေခံမူများ၊ အကောင်အထည် ဖော်ရမည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြ မြေပုံတို့ကို ဤပဋိညာဉ်၏ အစိတ်အပိုင်း (၁) တွင် ဖော်ပြခဲ့ပြီးသည်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို စုပေါင်း အင်အားဖြင့် ကြိုးပမ်း ဆောင်ရွက်ကြမည့်သက်ဆိုင်ရာအင်အားစု အသီးသီးတို့ကလည်း သန္နိဋ္ဌာန်ချမှတ် ကတိပြု ကြပြီး ဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အစိတ်အပိုင်း (၁) တွင် ဖော်ပြထားသည့် ဦးတည်ချက်၊ ရည်ရွယ်ချက်များကို လက်တွေ့ အကောင်အထည် ဖော်ရန်နှင့် ရှေ့ဆက်သွားမည့် နိုင်ငံရေးလမ်းပြ မြေပုံအဆင့်ဆင့်အား လက်တွေ့အကောင် အထည်ဖော်ခြင်းဖြင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အလို့ငှာ ကြားကာလတွင် အခြေခံ ရမည့် “ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အစီအမံများ (Interim Constitutional Arrangements)” ကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၂) အဖြစ် အတည်ပြု ပြဋ္ဌာန်းလိုက်သည်။ ဤကြားကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အစီအမံများ၏ သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီး စတင်အသက်ဝင် သည့်အချိန်အထိဖြစ်သည်။

ခါင်း(1)

ပိုန်ကယေင် ပွ္လချာင် ကဒါ့ဘည်ခမိုတံင်ရျံရုံ့ဥပဒေ ခနားဇိုချိုင်

1. နံင်ရေဲန်ဟာဝ်းအလို်းအနဲ့ တေါဲင်ကခံပ်ကယည်ဇိုင်းကာန် ပိုန်နံင်ဘိုပ်ရေဲန်ဒီန် တောပ်ပည်ကညာအာဏာဆိုက်ဖေဝ် ကာည်း ဘိုူရ်ဆနီတ်ဒေင်ကညာအာဏာဖေဝ်ဂဲ မောကံပ်ဖေါတ် ရဉ့်ကမဉ်းပြာည်၊ မောကံပ်လေ့ဒဲ့ ဘည်ခမိုတံင်ရျံရုံ့ဥပဒေ၊

2. ကနာည် ပျံတ်ဖေါတ် ရဉ့်ကမဉ်းပြာည် တောပ်ပည်ကညာအာဏာဆိုက်ဖေဝ် ကာည်း ဘိုူရ်ဆနီတ်ဒေင်ကညာအာဏာဖေဝ်ဂဲ ကာည်း ကနာည်ပျူဝ့်ကုင်ကပိုမ် ဗဲ့တ်ဒရဲရ်ဒီမို ကရေဆီဒီန် နံင်ဖူ့တော့ ရေဲန်ပါင်မိုန်ဒါင်းကုင်၊ ပိုန်ကယေင် အီကနေ့ရ် အီတောပ် ရဲင်ဘွ္လောမ်ခမိုပါဒို့ဒိုည့်။

3. နံင်ပြူဝ်ႇပွ္လရီတ်မံင် **ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြူဝ်း** အီနံင်အွံရ်ရေဲန်ဟာဝ်း အလို်းအနဲ့ ပိုန်ကယေင်ကကာမ်း ကာည်း ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင် ချွံန်မှော ချွံန်အ်ုန် အီတောပ်ခေဲင် ပဋိညာဉ်ဗဲ့တ်ဒရဲရ်ဒီမိုကရေဆီ ဒေါန်(1)၊

4. **ကဉ်မ်မတီကနာည်းကုိန်ရံရ်ကုင်ကပိုမ်**ဒီန် နံင်ပွ္လပျဋ္ဌာန်ဒဲ့ ဘည်ကပိုမ်ခမို၊ ဇိုင်းကပ္လိုင် ကာည်းပိုန်ဘိုူန်းရေဲန် တပိုန်ပြူဝ့် **ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြူဝ်းခနားဇိုချိုင်** ဒါပိုန်ကမိုန်ဘွ္လဆဖော ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြူဝ်း၊

5. နံင်ရေဲန်ဘည်လိုကပိုမ်ခမို ကနာည်ဇိုချိုင်တိုက်ဗိုန်း ဗဲ့တ်ဒရဲရ်ဒီမိုကရေဆီ ကာည်း နံင်ပွ္လပျဋ္ဌာန်ဒဲ့ ဘည်ကပိုမ်ခမို၊ ဇိုင်းကပ္လိုင် ကာည်း ပိုန်ဘိုူန်းရေဲန်၊

6. ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြူဝ်းဒီန် နံင်ကိုက်ပွေ့ ဘည်ပွ္လချာင်ဘြဲဆား အူဒံင်ခွ္လါည်းရာင်ပိုူင်။

အခန်း (၁)
ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံ၏ ရည်ရွယ်ချက်

၁။ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆိုအပြီးတိုင် ချုပ်ငြိမ်းရေးကိုဦးတည်သည့် လုပ်ငန်းစဉ်များနှင့် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်သည်အထိ လိုအပ်သည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

၂။ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံး ပါဝင်သော ပြည်သူ့ညီလာခံတစ်ရပ်ကို စတင်ခေါ်ယူ ကျင်းပရန်၊

၃။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၁) ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့်ဆင့်တို့ကို ဦးဆောင်အကောင်အထည်ဖော်မည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီအား အတည်ပြု ဖွဲ့စည်းရန်၊

၄။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းကာ ၎င်း၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်၊

၅။ ဖက်ဒရယ်ဒီမိုကရေစီ တော်လှန်ရေးကာလအတွက် လိုအပ်သောစုဖွဲ့မှုများကို ပြုလုပ်ရန်နှင့် ၎င်းတို့၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်၊

၆။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှုအစီအမံများရေးဆွဲရန်၊

ခါင်း(2)
ပါင်မိုန်ဒါင်းကုင်

ပိုန်ကယောင်

7. ကပိုမ်ရဲင်ဘွ္ဂေါမ်ခမို ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ကနာည်ဆနီတ်ကညာအာဏာဓေဝ် မောကံပ်ရာ်,ကမာ်;ပြာည်ပောည်, ကာည်း ပျိုဝ်,ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီဒီန် ကနာည်ကမိုန်ပ္လရီတ်မံင် တံင်ဖှူ;မူဂဲ၊ မူဝါဒဂဲ၊ မဟာဗျူဟာ ကာည်း ကခံပ်ကဃည် ဘည်အူဒံင်ဖိုချိုင်ခ္လါည်း၊ လံပ်အရေးတိုင်ကုင်၊ လံပ်ဘြောင်ရှိုန်းခြီရ်၊ လံပ်ကတုံမ်ကာည်း လံပ်တိုက်ယာ;ဆနီတ်ကညာအာဏာဓေဝ်ဂဲဒီန် စီပဲန်ရေန် ပါင်မိုန်ဒါင်းကုင်နီန် ။

ကခံပ်ကဃည်ကာည်းဇိုင်းကပ္လိုင် ဘည်ခမိုရေန်ပါင်မိုန်ဒါင်း

8. ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ဘုံပ်အွံရ်ရေန် ပါင်မိုန်ဒါင်းတိုအီးကုင်/ ပါင်မိုန်ဒါင်းကုင်။ ကနာည်နံင်ဘယ်ရေန် ပါင်မိုန်ဒါင်းကုင် မောကံပ်အော်င်ဘယ်ဒီန် ဘုံပ်ကိက်ပ္လေ့ ထုင်ဇာမ်ဘည်ရေန်ဘည်ဘာည်း ပါင်မိုန်ဒါင်းကုင် ။

9. နံင်တောပ်ကနာည်းကုံန်ရံရ် ဖုင်ခမိုဂဲရခြူမ်နီန် ဖုင်ဂဲအီဖြော်မ်ဆဖော ပဋိညာဉ်ဓဲ့တ်ဒရဲရ် ဒီမိုကရေဆီ တပါင်မိုန်ဒါင်းကုင်။

(က) တောပ်ပည် ကာ်မ်မတီကနာည်းကုံန်ရံရ်ကုင်ကပိုမ်၊ ဆဲ;ဒီန် ကနာည်းကုံန်ရံရ်ဂဲ အီကတူ;ရံရ်;၊

(ခ) ပါတီအရေးတိုင်ကုင်ဂဲ ၊

(ဂ) သမဂ္ဂဂဲ ၊ ကောန်အီပုံန်ဂဲ ၊ ဖုင်ကပါင်းတိုအီးအယာတ် တောပ်ပည်ဖုင်ကောန် တဘိုက် ကာည်းစံရ်ခြိုဝ်းဘြော်ဂဲ၊ ဖုင်အီလီပ် CDM တောပ်ပည်ကဲအီရံပ် ဇိုင်း ကပ္လိုင် အီတောပ်ခဲင် လံပ်ဆံင်ခံတ်ဆနီတ်ကညာအာဏာဓေဝ် ၊ ဖုင်ကပါင်းဂဲ အီယှိုဝ်, ဓိုန်း ၊

(ဃ) ဖုင်ကပါင်းကောန်တိုင်ကုင် အီယှိုဝ်,တိုက်ဓိုန်းဂဲ ၊

(င) ဖုင်ကပါင်း/ကောင်ဆံရ် အီတံင်ဖှူ; တကနာည်းကုံန်ရံရ်ကာည်းခြိုဝ်း ကပိုန်/ ဓဲ့တ်ဒရဲရ်ယူနီတ် ခနား‌ဖိုချိုင် ။

10. ဖုင်ဂဲ အီတောပ်ခဲင် ပါင်မိုန်ဒါင်းကုင်နီန် ကဲမိုးကနာည်းကုံနိုရ်ရုံအီလိုပ်ဘောင် လီပ်တြား တဖုင်ဆေဖုင်အုံန်၊ ဘုံပ်ကရောမ်ရဲန်ဟာဝ်းအလှိုးအနုံ တောပ်ဘည်ပုန်ဘ္လ တပါင်မိုန်ဒါင်းကုင် ။

11. **ဇိုင်းကပ္လိုင်ကာည်း ပုန်ဘိုန်းရဲန်**

ပါင်မိုန်ဒါင်းကုင်ဒီန် ဘုံပ်ရဲန်ဟာဝ်းအလှိုးအနုံ ဇိုင်းကပ္လိုင် ကာည်း ကခံပ် ကယည်ဇိုင်းကာန် ရခြုမ်ဂဲနီန် ။

(က) ကနာည်ပျိုဝ်, ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ အီတံင်ဖူးတ ဘည်ဘိုန်းဂေါည် မ္ဗိုမ်လောတ်လာပ်၊ ကဒိုဝ်အိုမ်ဘံန်း၊ တြားဖြေင်ကဒိုဝ် ကာည်း ဘိုန်းဘြောင် ချာင်ရာင်ဆေရာင်အုံန်ဒီန် နံင်အွံရ်ဒဲ့ဒေင် ၊ ကကာဇိုင်းကပ္လိုင် ပဲန်ဘဝ်ကိုက် ဘဝ်ဂေါ။

(ခ) ကမိုန်ပ္လရီတ်မံင် တံင်ဖူးမူဂဲ မူဝါဒ ၊ မဟာဗျူဟာ ကဒါ,အရေးတိုင်ကုင်၊ လံပ်ဘြောင်ရှုန်းခြိရ် ၊ လံပ်ငိုပ်မေန်ကဓေည်၊ လံပ်ကတုမ် ကာည်းလံပ်တိုက် ယာဆနိတ်ဒေင်ကညာအာဏာဖေဝ်ဂဲဒီန် ။

(ဂ) ကမိုန်ပ္လရီတ်မံင်ပဋ္ဌိညာဉ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ပုန်ဘ္လဆဖောဟြာင်းဟိုက် ကောင် ဆံရ် အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း(ယာယီ) ။

(ဃ) ပြိုဝ်ပျေဖုင် **ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း** အီတောပ်ကနာည်းကုံနိုရ်ရုံ ယှိုဝ်,တရဲင်ဘ္လောမ်ခမိ အီရောတ်ဒေ့တ ပါင်မိုန်ဒါင်းကုင်။

(င) ပ္လရီတ်မံင်ဒဲ့ **ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း(NUG)** ။

(စ) ပါင်မိုန်ဒါင်းကုင်ဒီန် ကကျိုည်တိုရ် မူဝါဒဟောည်, စီဘ္လ ပ္လရီတ်မံင်ဒဲ့၊ အမဒါင်း အုံန် နံင်ဘုံပ်ပ္လဒဲ့ဇိုင်းကာန် ပုန်နံင်ရဲန် ကာည်း ဇီရ်ကျိုည်တိုရ်မေန်း ဇိုင်းကာန်ပုန်ရဲန် ။

(ဆ) ပါင်မိုန်ဒါင်းကုင်ဒီန် နံင်ဘုံပ် ပ္လရီတ်မံင်ဒဲ့ဖုင် ကာ်မ်မတိ ၊ ကောင်ဆံရ် ၊ ကာ်မ်မဆျိုန် ပုန်ပြိုဝ်လေ ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ။

(ဇ) ကမိုန်ပ္လရီတ်မံင် ကခံပ်ကယည်ဘည်ကထောက်ဍ္လည်းရာင်ပိုင်လကၡဏာ ကာည်း ကခံပ်ကယည်ဇိုင်းကာန်ပုန်နံင်ရဲန်အလှိုးအနုံ ။

(ဈ) ပ္လရီတ်မံင် ဘည်ခမိုတံင်ရျံရ်ဥပဒေ လံပ်ကထောက်ဍ္လည်းရာင်ပိုင်လကၡဏာ ။

(ည) ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ဘ်ုပ်ပ္လဟောည်, ကခံပ်ကယည်ဇိုင်းကာန် ကဒါ,ဘည်ခမိုတံင်ရျံရ်ုဥပဒေ ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ၊ စီပ္လရီတ်မံင်အ်ုန် တ ပါင်မိုန်ဒါင်းတိုအီးကုင်/ပါင်မိုန်ဒါင်းကုင် ။

12. ဘည်ရေဲန်ပါင်မိုန်ဒါင်း

(က) ဘ်ုပ်ရေဲန်ပါင်မိုန်ဒါင်းကုင် (6)ကျံရ်အူလိူဝ်း ။

(ခ) ကုန်ဟျံတ်ဒေလို(ကုန်ပျားဒေလို) ပါင်မိုန်ဒါင်းကမှည်မာ် ဘူိန်းရေဲန် ။

(ဂ) ကနာည်းကုန်ရံရ် ကုန်ဟိုက်(60%)ခေဲင်ပယာ့ ပါင်မိုန်ဒါင်းစီပဲန်စီအော်င်။ ဘည် ပဲန်ဘည်အော်င်ပါင်မိုန်ဒါင်း၊ ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ဘူိန်းဘ္လဒဲ့ ပ်ုန်အာဝ်ထာင်အာဝ်ထိုမ် ဘည်မိုဘည်ဘာည်းအူနဲအူလေ့ ကုန်ရောတ်ဒေဲ့ ၊ ပါင်မိုန်ဒါင်းကမှည်ဂဲဒီန် ။

13. ဘည်ပ္လ ပ်ုန်ဘ္လတပါင်မိုန်ဒါင်း

(က) ဘ်ုပ်ပ္လပ်ုန်ဘ္လ ဒါပ်ုန်ဆဖောရူမ် ပ်ုန်ဖြောမ်ဒူးအီဂိူပ်ကျံဝ်း(Sufficient Consensus) အီခ္လေါ့(65%)ခေဲင်ပယာ့။

အခန်း (၂)
ပြည်သူ့ညီလာခံ

ရည်ရွယ်ချက်

၇။ အာဏာရှင်စနစ်အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီအင်အားစုများ စုပေါင်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် အာဏာရှင်စနစ်တိုက်ဖျက်ရေးဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ မဟာဗျူဟာများနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာအစီအမံများ ညှိနှိုင်းဆွေးနွေး အတည်ပြု ဆောင်ရွက်ရန် ဤပြည်သူ့ညီလာခံကို ကျင်းပခြင်းဖြစ်သည်။

ညီလာခံဖွဲ့စည်းကျင်းပပုံ တာဝန်နှင့် လုပ်ငန်းစဉ်

၈။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီသည် ပြည်သူ့ညီလာခံကို ဦးဆောင်ကျင်းပရမည်။ ပြည်သူ့ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်သူ့ညီလာခံကျင်းပပုံ လုပ်ထုံးလုပ်နည်းများ ကို ရေးဆွဲရမည်။

၉။ ပြည်သူ့ညီလာခံတွင် အောက်ပါနယ်ပယ်များမှ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို သဘောတူ သော အစုအဖွဲ့များ၏ ကိုယ်စားလှယ်များပါဝင်မည်။

(က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ

(ခ) နိုင်ငံရေးပါတီများ

(ဂ) သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

(ဃ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ

(င) ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ် ကိုယ်စားပြုနှင့် လူမျိုးအခြေပြု အဖွဲ့အစည်း/ ကောင်စီများ

၁၀။ ဤပြည်သူ့ညီလာခံတွင် ပါဝင်သည့် အဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများအား တရားဝင်ကိုယ်စားပြုသူများဖြစ်၍ ပြည်သူ့ညီလာခံ၏ ဆုံးဖြတ်ချက်များအတိုင်း ရပ်တည်၍ ပူးပေါင်း အကောင်အထည် ဖော်ဆောင်ရမည်။

လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၁။ ပြည်သူ့ညီလာခံသည် အောက်ပါတာဝန်နှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(က) လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အခြေခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဖွဲ့စည်းတည်ထောင်သွားရန်အတွက် လမ်းညွှန်မှုများပေးရန်၊ မိတ်ဖက်များအဖြစ် တာဝန်ခွဲဝေမှုပြုလုပ်သွားရန်။

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် အာဏာရှင်စနစ် တိုက်ဖျက်ရေးဆိုင်ရာ အခြေခံမူများ မူဝါဒများ၊ မဟာဗျူဟာများ ကို ဆွေးနွေးအတည်ပြုရန်။

(ဂ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (ယာယီ)မှ သဘောတူတင်သွင်းသော ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်ကို ဆွေးနွေးအတည်ပြုရန်။

(ဃ) ပြည်သူ့ညီလာခံတက်ရောက်သည့် အင်အားစုအားလုံးမှ ကိုယ်စားပြုပါဝင်သော အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီအား ဖွဲ့စည်းရန်။

(င) အမျိုးသားညီညွတ်ရေးအစိုးရကို အတည်ပြုပေးရန်။

(စ) ပြည်သူ့ညီလာခံသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)တို့၏ မူဝါဒများကို သုံးသပ်ပြီး ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဓိက လုပ်ဆောင်သွားမည့် လုပ်ငန်းနယ်ပယ်များကို ချမှတ်ပေးခြင်းနှင့် ၎င်းတို့၏ ဆောင်ရွက်ချက်များကို သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရန်။

(ဆ) ပြည်သူ့ညီလာခံသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ဖွဲ့စည်းသော ကော်မတီ၊ ကောင်စီ၊ ကော်မရှင်များကို အတည်ပြုပေးရန်။

(ဇ) အသွင်ကူးပြောင်းမှုဆိုင်ရာ အစီအမံများနှင့် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုရန်။

(ဈ) အသွင်ကူးပြောင်းရေး ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရန်။

(ည) ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကို အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီမှ ချမှတ်ပြီး ပြည်သူ့ညီလာခံတွင် အတည်ပြုရန်

၁၂။ **ညီလာခံ ကျင်းပခြင်း**

(က) ပြည်သူ့ညီလာခံအား (၆) လ တစ်ကြိမ် ကျင်းပရမည်။

(ခ) လိုအပ်ပါက အရေးပေါ် ညီလာခံအားလည်း ကျင်းပနိုင်သည်။

(ဂ) ညီလာခံ ကိုယ်စားလှယ်များ၏ ၆၀ ရာခိုင်နှုန်းတက်ရောက်မှသာလျှင် ညီလာခံ အထမြောက်သည်။ ပုံမှန်ညီလာခံများတွင် မမျှော်လင့်ထားသည့် အကြောင်းတစ်စုံ တစ်ရာ ပေါ်ပေါက်လာသည့် အခြေအနေများနှင့် အရေးပေါ် ညီလာခံများတွင် ညီလာခံ အထမြောက်မှုကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီက ဆုံးဖြတ်နိုင်သည်။

၁၃။ **ညီလာခံတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း**

(က) လုံလောက်သော ဘုံသဘောတူညီမှု (Sufficient Consensus) ၆၅ ရာခိုင်နှုန်း ကျော်ဖြင့်ဆုံးဖြတ်ချက်ချမှတ်ရမည်။

ခါင်း(3)

ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း

ပိုန်ကယေင်

14. ပိုန်ကယေင် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း မိုဒ့ဘည်ရခြုမ်ဂဲနီန် ။

(က) ကနာည်အွံရ် ယာမ်ရေဲန်ဇိုင်းကာန်အလှီးအန် အီတောပ်ခေဲင်ပဋိညာဉ် ပိုန်ကကာမ်း ပိုန်ကယေင် ကာည်း ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင် ၊

(ခ) ကနာည်ကမိုန်/ရေဲန်ခနားလှိုဝ်ဒ့ပါင်မိုန်ဒါင်းကုင် ကာည်း ဒါဘည် ကရောမ်အွံရ် ကနာည်ငိုပ်စေတ်မေန်းဒဲ့ ကဒါ့မူဝါဒ ယာမ်ရံပ်ဇိုင်းကပ္လုင်ရေဲန် မူဝါဒ ကာည်း မဟာဗျူဟာပိုန်ပ္လအူန်း တပါင်မိုန်ဒါင်းတိုအီးကုင်၊

(ဂ) မောကံပ်ဘယ်ကပိုမ်ကရောမ်ပိုန်ကယေင်ကနေ့ရ် ရဲင်ဘ္လောမ်ခမိုဂဲပါဒို့, ဒိုည့် ကနာည်လံပ်ထောည့်ပျံတ်ကမာ်ဒ့ဇိုန် ကညာအာဏာဆိုက်ဖေဝ်၊ လံပ် ပျိုဝ့်ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ကာည်း ကရောမ်ကမိုန်ဒဲ့ မောကံပ် တောပ် ရဲင်ဘ္လောမ်ခမိုပါဒို့,ဒိုည့် တောပ်ဘည်ပဋိညာဉ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ယာမ်ရေဲန်အလှီးအန် ကခံပ်ကယည်ဇိုင်းကာန်ဒါင်း ။

15. ဘံုပ်ခမိုပြိုဝ်ဒ့လေဒ့ ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း၊ ဒါကနာည်းကုံန်ရံရ် ခမိုဖုင်ရခြုမ် ဂဲနီန် ။

(က) တောပ်ပည် ကာ်မ်မတီကနာည်းကုံန်ရံရ်ကုင်ကပိုမ်၊ ဆဲဒ့ဒီန် ကနာည်းကုံန်ရံရ်ဂဲ အီကတူဒ့ရံရ်ဒ့ ၊

(ခ) ပါတီအရေးတိုင်ကုင်ဂဲ ၊

(ဂ) သမဂ္ဂဂဲ ၊ ကောန်အီပိုန်ဂဲ ၊ ဖုင်ကပါင်းတိုအီးအယာတ် တောပ်ပည်ဖုင်ကောန် တဘိုက် ကာည်းဖံရ်ခြိုဝ်းဘြေဂဲ၊ ဖုင်အီလီပ် CDM တောပ်ပည်ကဲအီရံပ် ဇိုင်းကပ္လုင် အီတောပ်ခေဲင် လံပ်ဆံင်ခံတ်ဆနီတ်ကညာအာဏာဖေဝ် ၊ ဖုင်ကပါင်းဂဲ အီယှိုဝ်, ဗှိုန်း ၊

(ဃ) ဖုင်ကပါင်းကောန်တိုင်ကုင် အီယှိုဝ်,တိုက်ဗှိုန်းဂဲ ၊

(င) ဖုင်ကပါင်း/ကောင်ဆံရ် အီတံင်ဖူဒ့ တကနာည်းကုံန်ရံရ် ကပိုန်/ဓဲ့တ်ဒရဲရ် ယူနီတ်/ ခြိုဝ်း ခနားဖိုချိုင် ။

16. ဒါရဲင်ဘွ္လာမ်တိုအီး အီရာမ်ဆံင်တော ဘ်ုပ်ခမိုပြိုဝ်ႏအူန်း ဖုင်အီအွံရ်ပါင် (သဘာပတိ) ၊ ဖုင်ချာင်ဇိုင်းကာန်ကဒါ့ရဒေင်(နီး)ပိင်ပျာ ခဲင်ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း။

ဇိုင်းကပ္လိုင် ကာည်း ပ်ုန်ဘိုန်းရဲန်

17. ဇိုင်းကပ္လိုင် ကာည်း ပ်ုန်ဘိုန်းရဲန် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း အ်ုန်မိုႏ ဘည်ရခြုမ်ဂဲနီန် ။

(က) နံင်ဘ်ုပ်အွံရ်ကိက် ပ်ုန်နံင်ထောည့်ပ္လဟောည့် ပဋိညာဉ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ပါင်မိုန်ဒါင်တိုအီးကုင် ။

(ခ) နံင်ဘ်ုပ်ကရောမ်ကရဲမ်ဆာ်ႏနေးဖိုမ် ကာည်း ကရောမ်ကမိုန်၊ ကနာည် ရဲင်ဘွ္လာမ်ခမိုဂဲ ပ်ုန်ကယေင်ရှုမ်ဒေင်ကနေ့ရ် ကရောမ်တောပ်လီပ်ဒို့အလှိုးအန် ပါဒို့ဒိုည့်၊ ကနာည်လံပ်ထောည့်ပျံတ်ကမာ်ႏဇိုန် ကညာအာဏာဖေဝ်ကာည်း လံပ်ပျိုဝ့်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ။

(ဂ) နံင်ဘ်ုပ်ကမိုန်ပ္လ ဇိုင်းကဒါ့မူဝါဒ၊ ရံပ်ဇိုင်းကပ္လိုင်ပါင်မိုန်ဒါင်း ဇိုချိုင်ပါင်မိုန်ဒါင်း တိုအီးကုင် အူလှိုဝ်ႏခနားအူလှိုဝ်ႏ ။

(ဃ) နံင်ဘ်ုပ်ကိက်ပ္လမဟာဗျူဟာဇိုင်းကာန်ဒါင်း ကနာည်ဘိုရ်ဆနီတ်ကညာအာဏာ ဖေဝ်တောပ်ပည်ကညာအာဏာဆိုက်ဖေဝ်မောကံပ်ကမာ်ႏပြာည် ကာည်း ကနာည်ပျိုဝ့်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ၊

(င) တောပ်ဘည်ပဋိညာဉ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ နံင်ဘ်ုပ်အွံရ်ဒဲႏ ၊ ငိုပ်စေတ်မေန်း ၊ ကရောမ်ကမိုန် ကဒါ့မူဝါဒ အီတံင်ဇူးတောဲင် ဘည်ခမိုတံင်ရျံရ်ႏဥပဒေ2008 အီဟောည့်ယံတ်ဇေါတ်(ပ်ုန်အာဝ်ဒါ) ယာမ်ရဲန်အလှိုးအန် အီမိုႏပ်ုန်ပ္လရီတ် မံင်အူန်း ခံပ်ကယည် မဟာဗျူဟာဇိုင်းကာန်ဒါင်း ၊

(စ) နံင်ဘ်ုပ်ကမိုန်ပ္လဟောည့် ပ်ုန်ပ္လချာင် ကဒါ့ဘည်ခ္လါည်းရာင်ပိုင်ဂဲဒီန် နံင်ဘ်ုပ် ပြာင်းဟိုက် ၊ တိုဝ်ႏလာည်းပ်ုန်ပ္လရီတ်မံင် ပါင်မိုန်ဒါင်းကုင်၊

(ဆ) နံင်ဘ်ုပ်အွံရ် ကခံပ်ကယည် ဇိုင်းကာန်ကိက်(ပံပ်ပြိုမ်) ဘည်ခမိုတံင်ရျံရ်ႏဥပဒေ အူဒံင်ခ္လါည်းရာင်ပိုင် ကာည်း ပံပ်ပြိုမ်ဒီန် နံင်ဘ်ုပ်လာည်း ပ်ုန်ပ္လရီတ်မံင် ပါင်မိုန်ဒါင်းကုင် ။

(ဇ) နံင်ဘ့ၣ်ပှၤအံၣ်ရှ်ယၢမ်ရ့ၢ်ဧိၤ်ကၢ်က ဒ္ဒ်, ဘၣ်ခ့ၢတံၣ်ရ်ကျ်ညၤဧ့ဂၤ့ါတ်ၤန့ၢ်ရ်ဒီမိၤက ရ့ဆီ အီမိုၤပှ်ၣ်ဟ့ၢ်ညၤ်ဖျၢင်ဟိုက် ဘိုန်းပှ်ၣ်ပ္လရီတ်မံင် တပၢ်မိုၤဒၢ်းကုင် ၊

(ဈ) ကော့ၢ်ဆံရ်အွ်ရ်ဧိၤ်လံပ်ကရောမ်ခြိုဝ်းဒီန် နံင်ဘ့ၣ်ရံပ်ဧိၤ်ကပ္လိုင် ပါင်မိုန်ဒါင်း ကုင် ၊

(ည) ဘိုန်းမှာန်း(ဖိက်ပါင်း) တိုင်ကပ္လိုင်ဘြောင်ချှာင်ကုင်ဂဲ အီကဆံင် တောပ် ဘည်မိုးဘည်ဘာည်းပ့န်ကမိုန် ဟိုက်ပါင်ကမိုန်ကော့ၢ်ဆံရ်အွ်ရ်ဧိၤ်လံပ်က ရောမ်ခြိုဝ်း ၊

(ဋ) ကော့ၢ်ဆံရ်အွ်ရ်ဧိၤ်လံပ်ကရောမ်ခြိုဝ်းဒီန် မောကံပ်ဘယ်ရ့ၢ်ဧိၤ်ကၢ် အလှီးအနဲ့ ကံပ်ကရောတ်ကဒဲ့, တောပ်ဘည်လိုအ့န် ဘိုန်းခမိုပြိုဝ်; **ဖုင်ကဓောည်ဒေင်(နီး)ပိင်ျာ ။**

ကာ်မ်မတီ၊ ကာ်မ်မဆျိန် ကာည်း ဖုင်ရ့ၢ်ဧိၤ်ကၢ်

18. ကနာည်ပျိုဝ်,ကုင်ကပိုမ်ဓဲ့တ်ဒရဲ့ရ်ဒီမိုကရေဆီ တောပ်ဘည်ကဏ္ဍ ဘည်လိုအ့န် မောကံပ်ဘယ်ကဘားတည်းရ့ၢ်ဒီန် ဘ့ၣ်ခမိုပြိုဝ်ဖုင် ဒါအီလီပ်ဖုင်၊ ဖုင်ကပါင်း ကော့ၢ်ဆံရ်အွ်ရ်ဧိၤ်လံပ်ကရောမ်ခြိုဝ်း၊ ဆဲ့ဒီန် ဒါဘိုး ကနာည်းကုန်ရံရ် ဘြောင်ချှာင် ကုင်လံပ်ကရောမ်ခြိုဝ်း(NUG)။ ယာမ်ခမိုပြိုဝ်ဖုင်ဒီန် ဘိုန်းပြိုဝ်ပျေဲ; တောပ်ဘည် လိုအ့န် ကာ်မ်မတီဂဲ ၊ ကာ်မ်မဆျိန်ဂဲ ကာည်း ဖုင်ရ့ၢ်ဧိၤ်ကၢ် လံပ်ကရောမ် ကမိုန်(Joint Coordination Committees, Commissions and Working Groups) အီတောပ်ကဲအီနံပ်ဆမား ကဏ္ဍမှောကဏ္ဍအ့န် အီပြှာင်းဟိုက်စြာင်းဧိဝ်တ ကော့ၢ် ဆံရ်အွ်ရ်ဧိၤ်လံပ်ကရောမ်ခြိုဝ်း ကာည်း ဘြောင်ချှာင်ကုင်လံပ်ကရောမ် ခြိုဝ်း ။

19. ကာ်မ်မတီဂဲ ၊ ကာ်မ်မဆျိန်ဂဲ ကာည်း ဖုင်ရ့ၢ်ဧိၤ်ကၢ် လံပ်ကရောမ်ကမိုန် ပ့န်ပြိုဝ်; လေ့; ကော့ၢ်ဆံရ်အွ်ရ်ဧိၤ်လံပ်ကရောမ်ခြိုဝ်းဒီန် ကဲနံင်ဘ့ၣ်ကိက် ဧိၤ်ကၢ်ကပ္လိုင်ဂဲ ကရီးကတီးဒဲ့အ့န်ကဘ္လာင်း၊ နံင်ဘ့ၣ်တိုဝ်လာည်း ပ့န်ကမိုန်ပ္လရီတ်မံင် တကော့ၢ်ဆံရ် အွ်ရ်ဧိၤ်လံပ်ကရောမ်ခြိုဝ်း။ ကာ်မ်မတီ ၊ ကာ်မ်မဆျိန်ဂဲဘိုန်းပြိုဝ်အာပ်ဒဲ့ဧိၤ်ကပ္လိုင် **တဖုင်ကဓောည်ဒေင်ပိင်ျာ** ဒါပ့န်ပ္လရီတ်မံင်(ပ့န်ဘ္လဆေဖာ) ကော့ၢ်ဆံရ်အွ်ရ်ဧိၤ် လံပ်ကရောမ်ခြိုဝ်း။

အခန်း (၃)

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ

ရည်ရွယ်ချက်

၁၄။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့်နိုင်ငံရေးလမ်းပြမြေပုံများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင်ရန်၊

(ခ) ပြည်သူ့ညီလာခံက ချမှတ်လိုက်သောမူဝါဒနှင့် မဟာဗျူဟာများကို တာဝန်ခံ အကောင်အထည်ဖော်ရာတွင် ပြည်သူ့ညီလာခံတစ်ခုနှင့်တစ်ခုအကြား ညှိနှိုင်း လုပ်ဆောင်ရန်နှင့် မူဝါဒရေးရာများအား စုပေါင်းခေါင်းဆောင်မှုဖြင့် ကြီးကြပ်မှုပေးရန်၊

(ဂ) စစ်အာဏာရှင် ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး အတွက် ဘုံပန်းတိုင်တူသော အင်အားစုများအားလုံးကို စုစည်းနိုင်ရန် နှင့် ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်နှင့်အညီ မဟာဗျူဟာ လုပ်ငန်းစဉ်များကို လက်တွေ့ အကောင်အထည်ဖော်ရေးတွင် အင်အားစု အားလုံး ပါဝင်လာနိုင် ရန် ပေါင်းစပ်ညှိနှိုင်း ပေးရန်။

ဖွဲ့စည်းပုံ

၁၅။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီကို အောက်ပါအစုအဖွဲ့များမှ ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းရမည်။

(က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များ၊

(ခ) နိုင်ငံရေးပါတီများ

(ဂ) သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

(ဃ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ

(င) ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်/လူမျိုး ကိုယ်စားပြု အဖွဲ့အစည်း/ ကောင်စီများ

၁၆။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတွင်း၌ သဘာပတိအဖွဲ့၊ နည်းပညာဆိုင်ရာ အတွင်းရေးမှူးအဖွဲ့ တို့ကို သင့်လျော်သော လူဦးရေဖြင့် ဖွဲ့စည်းထားရှိရမည်။

လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၇။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(က) ပြည်သူ့ညီလာခံက အပြီးသတ်အတည်ပြုမည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ဦးဆောင် ရေးဆွဲရန်၊

(ခ) အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုများအားလုံး လက်တွေ့ပူးပေါင်းပါဝင်လာရေးအတွက် စည်းရုံးစုစည်းရန် နှင့် ပေါင်းစပ်ညှိနှိုင်းရန်၊

(ဂ) ပြည်သူ့ညီလာခံ တစ်ခုနှင့်တစ်ခုအကြား ကာလများတွင် ညီလာခံအား တာဝန်ခံ၍ မူဝါဒရေးရာကိစ္စရပ်များကို ဆွေးနွေးချမှတ်ရန်၊

(ဃ) စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေး၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အတွက် မဟာဗျူဟာ ရေးဆွဲချမှတ်ရန်၊

(င) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ ချမှတ်အတည်ပြုထားသော မဟာဗျူဟာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပျက်ပြယ်ပြီးဖြစ်သည့် အခြေခံပေါ်မူတည်၍ မူဝါဒဆိုင်ရာ ဦးဆောင်မှု ပေးရန်၊ ကြီးကြပ်ထိန်းကျောင်းရန်နှင့် ပေါင်းစပ်ညှိနှိုင်းရန်၊

(စ) အသွင်ကူးပြောင်းမှုဆိုင်ရာ အစီအမံများကို ဆွေးနွေးချမှတ်၍ ပြည်သူ့ညီလာခံသို့ တင်ပြကာ အတည်ပြုချက်ရယူရန်၊

(ဆ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်ကို ဦးဆောင်ရန်နှင့် အဆိုပါမူကြမ်းကို ပြည်သူ့ညီလာခံ၌ အတည်ပြုချက် ရယူရန်၊

(ဇ) ပြည်သူ့ညီလာခံသို့ တင်ပြကာ အတည်ပြုချက်ရယူထားသော ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင်ရန်၊

(ဈ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီသည် ပြည်သူ့ညီလာခံကို တာဝန်ခံ ရမည်။

(ည) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ အစည်းအဝေးများတွင် ဆွေးနွေးမည့် အကြောင်းအရာအလိုက် အမျိုးသား ညီညွတ်ရေးအစိုးရ၏ သက်ဆိုင်ရာဝန်ကြီး များကို ဖိတ်ကြားနိုင်သည်။

(ဋ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီသည် လုပ်ငန်းများထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းပညာအထောက်အကူပြု အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

ကော်မတီ၊ ကော်မရှင်များ နှင့် လုပ်ငန်းအဖွဲ့များ

၁၈။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကို ဖော်ဆောင်ရေးအတွက် လိုအပ်မည့် ကဏ္ဍအလိုက် ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီအဖွဲ့ဝင် အဖွဲ့အစည်းများအပြင် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ၏ကိုယ်စားလှယ်များ ဖြင့် ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ နှင့်အမျိုးသား ညီညွတ်ရေး အစိုးရ တို့မှ အမည်စာရင်းတင်သွင်းသည့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်သူများ ပါဝင်သည့်ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီများ၊ ကော်မရှင်များနှင့် လုပ်ငန်းအဖွဲ့များ (Joint Coordination Committees, Commissions and Working Groups) စသည်တို့ကိုလိုအပ်သလို ဖွဲ့စည်းနိုင် သည်။

၁၉။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ဖွဲ့စည်းလိုက်သည့် ကော်မတီ၊ ကော်မရှင်များ နှင့် လုပ်ငန်းအဖွဲ့များသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကိုရှင်းလင်းတိကျစွာ ရေးဆွဲပြီး အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတွင်ဆွေးနွေး အတည်ပြုချက်ရယူရမည်။ ကော်မတီ၊ ကော်မရှင်များသည် သက်ဆိုင်ရာ **နည်းပညာအထောက်အကူပြုအဖွဲ့**များကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ် နိုင်သည်။

ဝှါင်း(4)
ဇိုင်းကပ္လျုင် ဧြာင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇိုချိုင်

20. ဧြာင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ဘုံပ်ရေန်အလှီးအနုံ ပိုန်ကယေင်လံပ်အရေးတိုင်ကုင်၊ ပိုန်ကကာမ်းကယေင်ဂဲ ကာည်း ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင် အီတောပ်ခဲင်ပဋိုညာဉ် ။

21. ကနာည်နုံင်ဘယ်ရေန်ဟာဝ်းအလှီးအနုံ ကခံပ်ကယည်ဇိုင်းကာန်ရအာည်, ပိုန်ပ္လအူန်းကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်းဒီန် ဘုံပ်ကဘားတည်းရေန်တောပ် ပါတီလံပ်ကိုက်ဂေါအရေးတိုင်ကုင်၊ ဖုင်ကောန်တိုင်ကုင် အီယှိုဝ်,တိုက်ဗိုန်းဂဲ၊ ဖုင်ကပါင်းတိုအီးကုင်/ရဝ်(အယာတ်)ဂဲ ။

22. ကနာည် **ပျုံတ်ဓေါတ်ရာ်,ကမာ်; ဆနီတ်ကညာအာဏာဖေဝ်** ကာည်း ပျိုဝ်,ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီဒီန် ဖုင်ဧြာင်ချာင်လံပ်ကရောမ်ခြိုဝ်း ဘုံပ်ရေန်ဟာဝ်း ဘုံပ်ပ္လမူဝါဒ ကာည်း မဟာဗျူဟာ တောပ်ဘည်မဟာဗျူဟာ ပိုန်အွံရ်ကိက်အူန်းကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း။

23. **လံပ်အရေးတိုင်ကုင်**

(က) တောပ်ဘည် ပိုန်ကကာမ်း၊ ပိုန်ကယေင်၊ ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင် အီတောပ်ခဲင်ပဋိုညာဉ်၊ တောပ်ဘည်တိုင်ကပ္လျုင်မှောတိုင်ကပ္လျုင်အုံန် ဘုံပ်ပ္လရေန်ဟာဝ်းအလှီးအနုံ၊ မူဝါဒကာည်း ကခံပ်ကယည်မဟာဗျူဟာဇိုင်းကာန်ဒါင်းဧြာင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း။

(ခ) ကနာည် ဘုံရ်(ဂါဂါဆိင်မို့)ဆနီတ်ကညာအာဏာဖေဝ် တောပ်ပည်ဆနီတ်ကညာအာဏာဆိုက်ဘြာန်ဖေဝ်ကဲ မောကံပ်ကမာ်;ဟြာည်ဒီန် ဘုံပ်ဒါဒေင်ဂည်နဲရေန်ဟာဝ်း လံပ်အရေးတိုင်ကုင်၊ လံပ်ဧြာင်ရှိုန်းခြီရ်၊ လံပ်ငိုပ်မေန်ကဓောည်၊ လံပ်ကုင်ဟံရ်ကာည်း **လံပ်ကတူည်,ကဘားကုင်ဟံရ်** ၊ လံပ်ကတုံမ်ကာည်းဒံန်ခြဲ ဂဲဒီန် ။

(က) ဘည်အီမို့ယန္တရားပိုန်ဧြာင်ချာင် ဆိုက်ဘြာန်အီကဖါ,အာဏာကုင် အီတက်တ်ထီပ်ည္ဒဲကယာင်ဖေဝ် တိုအီးကုင်(ကူန်ရဝ်မာဂါင်)ဒီန် ဒဲ့အုံန်ဇံင်းဒါ့

ဘ္ဂၚ်ည်း၊ မောဇိုင်းကာန် ပ္ုန်ရေန် ကဆိုဝ်ဗြောင်ချာင်ကုင်လံပ်ကရောမ်ခြိုုဝ်း ခနားဇ္ုချိုင် ကံပ်ရဲင်ကံပ်ဘ္လောမ်ဒါင်း ဘံုပ်ကမိုန်ရေန်ဟာဝ်းတောပ် ကောင်ဆံရ် အွံရ်ဇိုင်းလံပ်ကရောမ်ခြိုုဝ်း ။

(ခ) ကနာည်ပျိုဝ့်,ကုင်ကပိုမ်ဓဲုတ်ဒရဲရ်ဒီမိုကရေဆီ ဘံုပ်ရေန်တောပ်ကဒါ့,မူဝါဒ ဘည်အွံရ် **ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုုဝ်း(NUCC)** ။

(ဂ) မောကံပ်ဘယ်ဘြဲဆား/ပျံတ်ဓိုန် ဥပဒေအီတကုံတ်ထီပ်ညဲ့ တိုအီးကုင်/ရဝ်ပါဒ့ို, ဒို့ည်,ဒီန် ကိက်ပြာင်းဟိုက် ဥပဒေဂြိုမ် အီဘယ်ဒေကတေဲ့ကတောင်ဒံန်ခြဲ တံင်ဇူး့အခွါင်းအရေးတိုအီး၊ တောပ်ဘည်ဓ့ါင်း(5) တိူဝ့်လာည်းပ္ုန်ပ္လရိုတ်မံင် လံပ်ပ္လဥပဒေခနားဇ္ုချိုင် ၊ နံင်ဘံုပ်ရေန်ဟာဝ်းအလိုးအနဲ့ လံပ်ဘိူန်းဂေါည် ကတံုမ် ကာည်း လံပ်ဘ္လိုက်လှူပ်ဘြားဥပဒေ တိုအီးကုင်(ကူန်ရဝ်မာဂါင်)ဂဲ ။

(ဃ) ကနာည်ပဲန်ဟာဝ်းကတိုက်ကဘားဘည်ရည်းဓိုုန်းတိုအီးကုင် တောပ်ပည်တို အီးကုင်/ကူန်ရဝ်မာဂါင် ဆံင်ခံတ်အာဏာ အာဝ်တောပ်ကယာင်ဇေဝ် ဆီဒီအဲမ် (Civil Disobedience Movement) ဒီန် နံင်ဆိုပ်ရေန်ဟာဝ်း ဒါပ္ုန်လိုအံုန် ဘည် ကဇိုင်ကဇောည်၊ ဆဘ်ႉနော့ဖိူမ်၊ ကရောမ်ကရဲမ် ၊ လည်ကမိုန် ၊ ဘည်ကရောမ်အွံရ် ဂဲဒီန်။

(င) တံင်ရျံရ််ဒီယိူဝ့်, လံပ်ဘဏ္ဍာ ၊ လံပ်ဗြောင်ရိူန်းခြီရ် (ရိူန်းလီပ်) အီနံင်ပဲန် ပ္ုန်ကဇောည် တယန္တရားဘည်ကယာင်ဇေဝ် ဖုင်ဆိုက်ဘြာန်အီကဖါ့,အာဏာ ကုင် မောကံပ်ယောမ်ကံပ်ဗြေ၊ ဘံုပ်ကရောမ်တောပ်တိုအီးကုင် ၊ ဖုင်ကပါင်းဂဲ အီဒဲ့ရဲင်ထောက်ခါမ် ဘည်ရည်းဓိုုန်း လံပ်ဓဲုတ်ဒရဲရ်ဒီမိုကရေဆီ ခဲင်ကုင် ရိူဝ့်,ကုင် ။

(စ) ကနာည်ကခံပ်ကယည်မဟာဗျူဟာဇိုင်းကာန်ဒါင်းပ္ုန်ရေန် မောကံပ်ချာ်န်း ဖါည်း တပ္ုန်ကကာမ်းလံပ်အရေးတိုင်ကုင် ဗြောင်ချာင်ကုင်လံပ်ကရောမ် ခြိုုဝ်းခနားဇ္ုချိုင်ဒီန် နံင်ပနိုက် ပ္ုန်လို လံပ်ဘဏ္ဍာ၊ လံပ်ဗြောင်ရိူန်းခြီရ် ဘံုပ်ကရောမ်တောပ်တိုအီးကုင်ဂဲ၊ တိုအီးပုဂ္ဂိုလ်အီဒဲ့ရဲင်ထောက်ခါမ် ဘည် ရည်းဓိုုန်း လံပ်ဓဲုတ်ဒရဲရ်ဒီမိုကရေဆီကုင်ကပိုမ် အီဂေါည်ခဲင်ကုင်ရိူဝ့်,ကုင် ။

(ဆ) ဘၣ်အာဝဲၣ်ရံပ်ရိၤ အာဝဲၣ်တၢ်ဝံၣ်ကနဲ ၜၢ်ဖုၣ်ဆိကၢ်ဘြၣ်ကၢ် နံၣ်ဘ့ပ် ကရၢမ် တၢပ်ဖုၣ်ကပၢၣ်ၤဂၢ်(ပၢ်ဒ့ၣ်,ဒိၣ်,) အီဒဲၣ်ရၢ်ထၣ်ခါမ် ဘၣ်ရၢ်ၤမီၢ်ၤ လံပ်ဓဲၣ်တ် ဒရဲရဲဒီမိၤကရၢ်ဆီကုၣ်ကပိမ် တဖိရံမ်တၢ်ကုၣ် ၊ တပၢၣ်ကမိၣ်ပါဒ့ၣ်,ဒိၣ်, ။

24. လံပ်ကုၣ်ဟ့ၣ်ရ

(က) ကနၢၣ်လံပ်ပျိၣ်,ကုၣ်ကပိမ်ဓဲၣ်တ်ဒရဲရဲဒီမိၤကရၢ်ဆီဒီၣ် နံၣ်ဘ့ပ်ရဲၣ်ဟၢၣ် ဒဲၣ်လံပ်ဘြၣ်ချၢၣ်ကုၣ်တၢ်ကုၣ်ဂၢ် ရံပ်ရိၤတၢ်ဝံၣ်ကနဲ၊ ဒဲၣ်ရၢ်ထၣ်ခါမ် ကာၣ်ၤ ကရၢမ်ကရဲမ်ရဲၣ်ရှမ် ။

(ခ) တၢပ်ဘၣ်မူဝါဒကုၣ်ဟ့ၣ်ရ နံၣ်ကရၢမ်ကရဲမ်ရဲၣ်တၢပ် ကုလသမဂ္ဂကံမ် ဖၢ၊ ဘြၣ်ချၢၣ်ကုၣ်တၢ်ကုၣ်ဂၢ် ၊ နံၣ်ရဲၣ် မၢကုၣ်တၢ်ကုၣ်ဂၢ် ကံပ်ရံပ် ရိၤဒဲၣ်အုံၣ်လီပ်ဘၢၣ်လီပ်ဘြၤ ၜၢ် ဘြၣ်ချၢၣ်ကုၣ်လံပ်ကရၢမ်ခြိုၣ်ၤ ။

(ဂ) တၢပ်ဘၣ်ဥပဒေတၢ်ကုၣ်ဂၢ်၊ နံၣ်ရဲၣ်မၢကံပ်ဘိုၣ်ၤဂြိရံၤရၢၣ်တၣ်ၤ တပ္လဲ,ဘဲ,ဖြၢမ်တၢ်ကုၣ် အီဘယ်ဒေကတဲၤကတၢၣ် ကုၣ်ကပိမ်ကာၣ်ၤ တိအီၤကုၣ်/ကူၣ်ရဝ်မာဂါၣ် အီဂေါၣ်ခဲၣ်ကပိမ် ။

(ဃ) နံၣ်ကရၢမ်ရဲၣ် ကခံပ်ကယၣ်မဟာဗျူဟာ ဇိၣ်ၤကာၣ်ဒါၣ်ၤတၢပ်ကုၣ်ဘဝ် ကိၢ်ဂေါ် အီဒဲၣ်ရၢ် ၜၢ်ဘၣ်ရၢ်ၤမီၢ်ၤ လံပ်ဓဲၣ်တ်ဒရဲရဲဒီမိၤကရၢ်ဆီ။

(င) ဒါဒေၣ်လံပ်ကတူၣ်,ကဘာၤကုၣ်ဟ့ၣ်ရ(သံတမန်နၣ်ၤ) ရဲၣ်ဟၢၣ် ကနၢၣ်ဒဲၣ် ကုၣ်တၢ်ကုၣ်ဂၢ် တိုဝ်ၤအရေၤဘိဒေၣ် ကံပ်ကရၢတ် ကာၣ်ၤ တိုဝ်ၤအရေၤ စွၣ်ဘြၤ တလူမ်ဘြၤကံမ်ဖၢ ၜၢ်ဖုၣ်ဆိကၢ်ဘြၣ်အီကဖါ, အာဏာကုၣ် ။

25. လံပ်ဘြၣ်ရိၣ်ၤခြိရ

(က) မၢရိၣ်ၤလီပ်ကံပ်ယၢမ်ဘြဲဟၢၣ် အီမိၣ်တံၣ်ရျ်ရံၤလံပ်ဘဏ္ဍာ ၊ လံပ်ဘြၣ် ရိၣ်ၤခြိရ အီနံၣ်ပဲၣ်ကဇိၣ်ကဇၢၣ်ၜၢ်ဘၣ်ပိၣ်ကယၢၣ်ဖဝ် ဖုၣ်ဆိကၢ်ဘြၣ် အီကဖါ,အာဏာကုၣ်ဒီၣ် နံၣ်ကရၢမ်ရဲၣ်တၢပ် ဖုၣ်ကပၢၣ်ၤခဲၣ်ကုၣ်ရိုဝ်,ကုၣ် **အီမိုဝ်ၤကဘ္လၢၣ်ၤပ္လါၣ်ပ္လါၤ** ၊ မိုဝ်ၤ**ဘၣ်ရံပ်လာၣ်ၤဇိၣ်ၤကပ္လိၣ်** အီတၢပ်ဘၣ်ချံၣ် ဇၢရ (စံနူၣ်ၤ)တၢ်ကုၣ်ဂၢ် ။

(ခ) နံၣ်ရဲၣ်ဟၢၣ် ဒဲၣ်မိုဝ်ၤရိၣ်ၤလီပ်တ တိအီၤကုၣ်ဂၢ်၊ တံၣ်ဖူၤလံပ်ဘြၣ်ရိၣ်ၤခြိရ ၊ ဘၣ်ကပါ,ကပံၣ်ရိၣ်ၤနၢၣ် မၢကံပ်ဇၢ်ၤလ ၊ မၢကံပ်ဘယ်ပနိကၢ် ရိၣ်ၤနၢၣ်ပိၣ်လိဒါ တိအီၤကုၣ်/ကူၣ်ရဝ်မာဂါၣ်ဂၢ် ။

(ဂ) နံင်ရေနဲ် ပ္လကခံပ်ကယည်ဇိုင်းကာန် ကနာည်ဘယ်ဒဲ့လံပ်ဒံန်ခြဲ ကာည်း ဘယ်ပယောမ်ဒဲ့ **ဇိုင်းကာန်ညှိုဝ်း** လံပ်ဗြောင်ရှိုန်းခြီရ် အီနံင်ရောတ်ဒေဲ့တေဲင် တိုအီးကုင် ဂေါ့ပုန်ဘာည်းဖုင်ဆိုက်ဘြာန်အီကဖါ့အာဏာကုင်ဒီန်။

(ဃ) နံင်ဇူ့ရေနဲ်ဟာဝ်း ကနာည်ကိက်မူဝါဒ လံပ်ဗြောင်ရှိုန်းခြီရ် အီကပျားတောပ် တဇိုချိုင် ပျိုဝ်ကုင်ကပိုမ်ဓဲ့တ်ဒရဲ်ရ်ဒီမိုကရေဆီ ။

26. လံပ်ငိုပ်မေန်ကဓောည်

(က) ဘည်တောပ်လီပ်ဒေဲ့တောန်ခေတ်ကာပ် လံပ်တိုက်ယာ့ဆနိတ်ဒေင်ကညာ အာဏာဖေဝ် ဆာ်အာဝ်မို့ ကောန်တိုင်ကုင်တောန်ဗံရ်ခြိုဝ်းဂဲအီကတူ့ဘုံပ်ဒဝ် ကထောက်ဟာဝ်းခြုပ်ဂေါည်ကုင်ဟံရ် ဂေါ့ဘည်တကိုတ်ထိပ်ညွဲ့ဆဂေ လံပ် ဇိုင်းကာန်ဆိုက်၊ လံပ်ဗြောင်ရှိုန်းခြီရ်၊ လံပ်ငိုပ်မေန် ဆနိတ်ဒေင်ကညာအာဏာ ဖေဝ်ကဲဒီန် ကဲကိုန်ဆိင်ဗီရ်ပြာင်းပ္လါ့ဘေဲ့ ဗီရ်မှာန်းဒေပဲန် ကောန်ကုင်ကပိုမ် (ဘြာန်) နံင်ရေနဲ်ဒဲ့တကဲ မောကံပ်ဇော်လ ။ ဆဲ့ဒီန် ဘည်ကခံပ်ကယည် ဒဲ့ဘူန်းဂေါည် ခေဲင်ကုင်ကပိုမ်ဆေဆေဒီန်မာ် နံင်ချာင်ဒဲ့တကဲ ။

(ခ) နံင်ကရောမ်ရေနဲ်တောပ် ဖုင်ကပါင်း ကုလသမဂ္ဂကံမ်ဖာ၊ ဖုင်အီကဓောည် တောန်ကုင်ဂဲ ။ မောကံပ်ဘယ်ဒဲ့ **ပုန်ကဓောည်ကဒါ့လံပ်ကဖေတိုအီးကနေ့ရ်** ကနာည်ကဲအီကတူ့ဘုံပ်ဒဝ် ဗိုန်ရဝ်ဂါင်၊ ကဲအီကတူ့ဘုံပ်ပ္လေဲဝ် လံပ်ဗြောင်ရှိုန်း ခြီရ်ကဲ ကာည်း ဇိုဇာတ်ကဲဒီန် ။

(ဂ) ထာန်ဘယ်နံင်ရေနဲ်နံင်ချာင်ဒဲ့ ကနာည် **လံပ်ဟောမ်ဒါဘည်ဂေါည်** တံင်ဇူ့ချုံန် တိုအီး ကဲအီရေနဲ်အူဆငည်းဟောမ်အူဆငည်းဒီန် ။

(ဃ) နံင်ရေနဲ်ဟာဝ်း မောကံပ်ဘူန်း ဒေင်ပိင်ပျာ ပုန်ကဓောည် **ကညာပိင်ပျာ အီနံပ်ဆမား** အီရောတ်စာ်မ်း ကုင်ဟံရ်တောန်ကုင်ဂဲ။

27. လံပ်ကတ်ုမ်ကာည်းလံပ်ဒံန်ခြဲ

(က) ဗြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း နံင်ကမိုန်တောပ် ကောင်ဆံရ်အွဲရ်ဇိုင်းလံပ် ကရောမ်ခြိုဝ်း၊ နံင်ဘုံပ်ကိက် ကခံပ်ကယည် လံပ်ဒံန်ခြဲ ကနာည်ဇိုင်းကဒါ့ လံပ်ကတ်ုမ် ကာည်းဒံန်ခြဲတိုအီးကုင်၊ လံပ်ဒံန်ခြဲကုင်ကပိုမ် ။

(၁) ဘြောင်ချှာင်ကုင်လံပ်ကရောမ်ခြိုဝ်းခနားဇိုချိုင်ဒီန် နံင်ဘုဲပ်ပ္လ ရေန်ချဲန်းချဲန်း ကခံပ်ကယည် လံပ်ဒံန်ခြဲတိုအီးကုင် ကနာည် မောကံပ်ဘာယ်ဒံန်ခြဲဒဲ့ လံပ်ဘ္လီုက်လှုပ်တြေားဥပဒေ ကာည်း လံပ်ကတုံမ် တိုအီးကုင် ။

(ဂ) ဘြောင်ချှာင်ကုင်လံပ်ကရောမ်ခြိုဝ်းခနားဇိုချိုင်ဒီန် ယာမ်ချှာင်လံပ်ဒံန်ခြဲ တိုအီးကုင် ကနာည်ဒံန်ခြဲဒဲ့တိုအီးကုင် အီဂေါည်ခဲင် ကပိုန်ဆေကပိုန်အုံန်၊ နံင်ရံပ်ရိုံ့တိုဝ်ံ့ကနေ့ ကမိုန်ရေန်တောပ် ဗှါင်းကဏ္ဍာ ဖုင်ကပါင်းကောန်တီုင် ကုင်အီယိုဝ်ံ့တီုက်ဗိုန်း အီဂေါည်အီရည်းခဲင်ကပိုန်ဒီန် ။

အခန်း(၄)
ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ

၂၀။ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် ဤပဋိညာဉ်ပါ နိုင်ငံရေးရည်ရွယ်ချက်များ၊ ဦးတည်ချက်များနှင့် နိုင်ငံရေးလမ်းပြမြေပုံကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂၁။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီမှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လက်တွဲ လုပ်ဆောင် ရမည်။

၂၂။ အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှ ဦးဆောင်ရေးဆွဲထားသော မဟာဗျူဟာများနှင့်အညီ အမျိုးသားညီညွတ်ရေးအစိုးရက မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(က) ပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များ၊ နိုင်ငံရေးလမ်းပြမြေပုံ တို့နှင့်အညီ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအလိုက် ချမှတ်အကောင်အထည်ဖော် ရမည်။

(ခ) စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံခြားရေးနှင့် သံတမန်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ရမည်။

၂၃။ **နိုင်ငံရေး**

(က) ပြည်သူလူထုကို အကြမ်းဖက် ဖိနှိပ်လျက်ရှိသည့် အာဏာသိမ်းစစ်အုပ်စု၏ စီမံအုပ်ချုပ်မှုယန္တရားများကို ချိနဲ့ရပ်တန့်စေပြီး၊ ကြားကာလ အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် ၎င်း၏ အကောင်အထည်ဖော်လုပ်ဆောင်မှုများ ခိုင်မာအားကောင်းစေရန် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်မည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ထောင်ရေးအတွက် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ၏ မူဝါဒရေးရာ ဦးဆောင်မှုနှင့် အညီ ဆောင်ရွက်မည်။

(ဂ) ပြည်သူလူထုတစ်ရပ်လုံးကို ဖိနှိပ်သော ဥပဒေများကို ပြင်ဆင်ပယ်ဖျက်နိုင်ရန်၊ အခြေခံလူ့အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သော ဥပဒေကြမ်းများ ကို ရေးဆွဲအဆိုပြု၍ ကြားကာလဥပဒေပြုရေး အခန်း (၅) နှင့်အညီ အတည်ပြု ချက်ရယူပြီး ပြည်သူတို့၏ လုံခြုံရေး နှင့် တရားဥပဒေ စိုးမိုးရေးတို့ကို အကောင်အထည် ဖော်ဆောင်ရွက်မည်။

(ဃ) **အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement)** အပါအဝင် လူထုလှုပ်ရှားမှုများ စဉ်ဆက်မပြတ် ဆက်လက် ဖြစ်ပေါ်နေ စေရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှု၊ စည်းရုံးမှု၊ စုစည်းမှု၊ ညှိနှိုင်းမှု၊ စုပေါင်းခေါင်းဆောင်မှုများဖြင့် ဆက်လက် အကောင်အထည်ဖော် မည်။

(င) အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ယန္တရားကို အထောက်အပံ့ဖြစ်စေသည့် စီးပွားရေး နှင့် ဘဏ္ဍာရေး အရင်းအမြစ်များကို လျှော့ပါးချိနဲ့စေရန် ပြည်တွင်းပြည်ပ ဖက်ဒရယ် ဒီမိုကရေစီအရေးလှုပ်ရှားမှုအား ထောက်ခံသော အဖွဲ့အစည်းများနှင့်အတူ ပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည်။

(စ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ နိုင်ငံရေးရည်မှန်းချက် ပန်းတိုင်များကို အလျင်အမြန်ရောက်ရှိရန် ဆောင်ရွက်သော မဟာဗျူဟာ လုပ်ငန်းစဉ်အတွက် လိုအပ်သော စီပွားရေးနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို ပြည်တွင်းပြည်ပရှိ မြန်မာ့ဖက်ဒရယ်ဒီမိုကရေစီအရေး လှုပ်ရှားမှုအား ထောက်ခံသော လူပုဂ္ဂိုလ်များနှင့်အတူ ပြည်သူများနှင့် ပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်မည်။

(ဆ) နိုင်ငံတကာဖိုရမ်များ၊ အစည်းအဝေးများအားလုံးတွင် စစ်အုပ်စုအား အသိအမှတ် မပြုရေးကို မြန်မာ့ဖက်ဒရယ်ဒီမိုကရေစီ အရေးလှုပ်ရှားမှုအား ထောက်ခံသော အဖွဲ့အစည်းများ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်မည်။

၂၄။ **နိုင်ငံခြားရေး**

(က) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတကာ အစိုးရ များမှ အသိအမှတ်ပြုရေး၊ ထောက်ခံရေးနှင့် ပူးပေါင်းဆောင်ရွက်လာ ရေး အတွက် ဆောင်ရွက်သွားမည်။

(ခ) နိုင်ငံခြားရေးမူဝါဒအရ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကြားကာလအမျိုး

သားညီညွတ်ရေးအစိုးရအား နိုင်ငံတကာအသိုက်အဝန်းက တရားဝင်အသိအမှတ်ပြုလာစေရေး ဆောင်ရွက်မည်။

(ဂ) နိုင်ငံတကာဥပဒေများနှင့်အညီ ပြည်ထောင်စုနှင့် ပြည်ထောင်စုအတွင်းရှိ ပြည်သူလူထုအား အကာအကွယ်ပေးနိုင်မည့် နိုင်ငံတကာစာချုပ်စာတမ်းများအား လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်မည်။

(ဃ) ဖက်ဒရယ်ဒီမိုကရေစီအရေးလှုပ်ရှားမှုအား ထောက်ခံသော မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ကို ပူးပေါင်း ဆောင်ရွက်မည်။

(င) အာဏာသိမ်းစစ်အုပ်စုအား နိုင်ငံတကာအသိုက်အဝန်းက ထိရောက်စွာပိတ်ဆို့အရေးယူနိုင်ရေးနှင့် နိုင်ငံတကာတရားရုံးများတွင် တရားစွဲဆိုအရေးယူနိုင် ရေးအတွက် သံတမန်နည်းလမ်းများဖြင့် ဆောင်ရွက်မည်။

၂၅။ **စီးပွားရေး**

(က) အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို အထောက်အပံ့ဖြစ်စေသည့် စီးပွားရေးနှင့်ဘဏ္ဍာရေးအရင်းအမြစ်များကို လျော့ပါးချိနဲ့သွားစေရန် နိုင်ငံတကာ စံနှုန်းများ ကို လိုက်နာ၍ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုရှိသော ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း ဆောင်ရွက်မည်။

(ခ) ပြည်သူလူထု၏ အခြေခံစီးပွားရေးကောင်းမွန်လာစေရန်၊ ငွေကြေးစီးဆင်းလည်ပတ်မှု အဆင်ပြေချောမွေ့စေရန်နှင့် ငွေကြေးလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် ဆောင် ရွက်မည်။

(ဂ) အာဏာသိမ်းစစ်အုပ်စု၏ လုပ်ရပ်များကြောင့် ပြည်သူလူထုအပေါ်တွင် ဖြစ်ပေါ်လာမည့် စီးပွားရေးဝန်ထုပ်ဝန်ပိုးများကို အကာအကွယ်ပေးနိုင်ရေးနှင့် ဖြေလျှော့ပေး နိုင်ရေးတို့အတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(ဃ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကာလနှင့် ကိုက်ညီသည့် စီးပွားရေး မူဝါဒရေးဆွဲရန် စတင်ဆောင်ရွက်မည်။

၂၆။ **လူမှုရေး**

(က) အာဏာရှင်စနစ်တိုက်ဖျက်ရေးတွင် ခေတ်အဆက်ဆက် ပါဝင်လာခဲ့ခြင်း သို့မဟုတ် အာဏာရှင်စနစ်၏ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးအရဖိနှိပ်ရက်စက်ခြင်းတို့ကြောင့်နိုင်ငံတကာတွင် ရွှေ့ပြောင်းနေထိုင်ရသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့အား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားလိုပါက

အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးရမည်။ ထို့ပြင် မြန်မာနိုင်ငံတွင်း အမြဲတမ်းနေထိုင်ခွင့်ဆိုင်ရာ အစီအမံများကိုလည်း စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) အာဏာသိမ်းစစ်အုပ်စု၏ ဖိနှိပ်အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာရသူများ၊ လူမှုစီးပွားနှင့် ဘဝရပ်တည်မှု ထိခိုက်ရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပေးနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာအကူအညီ ပေးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(ဂ) လက်လုပ်လက်စား အခြေခံလူတန်းစားများ၏ စားဝတ်နေရေး အဆင်ပြေစေရေး အတွက် တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်မည်။

(ဃ) နိုင်ငံတကာသို့ ရောက်ရှိနေကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှုများအား ရယူနိုင်ရေး ဆောင်ရွက်ရမည်။

၂၇။ **လုံခြုံရေးနှင့် ကာကွယ်ရေး**

(က) ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီနှင့်ညှိနှိုင်း၍ ပြည်သူ့လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စု ကာကွယ်ရေးတို့အတွက် အမျိုးသားအဆင့်ကာကွယ်ရေး အစီအမံ များကို ရေးဆွဲအကောင်အထည်ဖော်ရမည်။

(ခ) ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လုံခြုံရေးကို အကာအကွယ်ပေးနိုင်ရေးအတွက် ပြည်သူ့ကာကွယ်ရေး အစီအမံကို အမြန်ဆုံး ချမှတ် ဆောင်ရွက်ရမည်။

(ဂ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် သက်ဆိုင်ရာ ပြည်နယ်အတွင်းရှိ ပြည်သူများအားကာကွယ်ရန် ပြည်သူ့ကာကွယ်ရေးအစီအမံကို ဆောင်ရွက်သည့်အခါ ပြည်နယ်အတွင်း အခြေစိုက်လှုပ်ရှားနေသည့် တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရင်း ညှိနှိုင်းဆောင်ရွက်ရမည်။

ခါင်း(5)

လံပ်ပ္လဥပဒေ ခနားဇိုချီင်

လံပ်ကိက်ပ္လဥပဒေကုင်ကပိုမ်ခဲ့တ်ဒရဲရ်

28. ကနာည်ခနားဇိုချီင် အာဏာပ္လဥပဒေ ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီန် အုံန်ဂေါည်လိူည်တကဲ အီကတူးရံရ်း တပ္လေါ်ည်ရံရ်းပါတီဂည်နဲ ဆန့်မ် 2020 ၊ အီမိုးကနာည်းကုံန်ရံရ် ချုံန် ကုင်ကပိုမ် အီအာဝ်ကရောမ်ရေဲန်တောပ် ဖုင်ဆိုက်ဘြာန် အီကယာင်ဇေဝ်အီးကဖါ့ အာဏာကုင် ။

29. ဘုံပ်ခမိုပြုဝ်းဖုင် **ကာံမ်မတီကနာည်းကုံန်ရံရ်ကုင်ကပိုမ်** ဒါကဲအီဟောည့်ဘယ်ဒေဲး **တပ္လေါ်ည်ရံရ်းပါတီဂည်နဲ ဆန့်မ် 2020** ၊ အီဘ္လဆဖောဒေကရောမ်ရေဲန်အလိုးအနံ ၊ အီရံပ်ရိုး**"ပဋ္ဋီညာဥ်ခဲ့တါဒရဲရ်ဒီမိုကရေဆီ"** ကဲအီအာဝ်ကရောမ်တောပ် ဖုင်ဆိုက်ဘြာန် အီကယာင်ဇေဝ်အီး ကဖါ့အာဏာကုင်၊ ကဲအီမိုး ကနာည်းကုံန်ရံရ် ပုံန်ဟည်ရံရ်း ချုံန်ကုင်ကပိုမ် ။

30. **ကာံမ်မတီကနာည်းကုံန်ရံရ်ကုင်ကပိုမ်** ဒီန် ယာမ်ရေဲန်ဇိုင်းကဒါ့လံပ်ပ္လဥပဒေ ခနားဇို ချီင်ကုင်ကပိုမ်ခဲ့တ်ဒရဲရ်၊ ဘုံပ်ပ္လိုရ်းပျဌာန်းဒဲး ဥပဒေပုံန်လို တောပ်ဘည်မူဝါဒကာည်း မဟာဗျူဟာဇိုင်းကာန်ဒါင်း ပုံန့်ပ္လအူန်း **ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း** ကနာည်မောကံပ်ဘယ်ရေဲန် ပုံန်ကကာမ်း၊ ပုံန်ကယေင် ၊ ဇိုင်းကာန်ယိုဝ်ဒေင် အရေးတိုင်ကုင် အီတောပ်ခေဲင် **"ပဋ္ဋီညာဥ်ခဲ့တါဒရဲရ်ဒီမိုကရေဆီ"**။

31. **ကာံမ်မတီကနာည်းကုံန်ရံရ်ကုင်ကပိုမ်**ဒီန် တောပ်ဘည် ပဋ္ဋီညာဥ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ဘုံပ်ဘြဲဆား ၊ ပျံတ်ဓိုန် ၊ ပ္လိုရ်းပျဌာန်း ဇိုင်းလံပ်ပ္လဥပဒေ ၊ ကမိုန်စီလာည်းပုံန်ဘ္လဆဖော ကဒါ့မူဝါဒ တောပ်ဘည်မဟာဗျူဟာမူဘောင်ဒါင်း အီမိုးပုံန်ကိက်ပ္လအူန်း **ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း** ။

32. တောပ်ဘည်ပဋ္ဋီညာဥ်နီန် ကနာည်နံင်ရေဲန် ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင်ကာည်း မဟာဗျူဟာဇိုင်းကာန်ဒါင်း၊ ကနာည်ဘယ်ရေဲန်ဇိုင်းကာန်လံပ်ပ္လဥပဒေ ပုံန်လိုအုံန်ဒီန် ဘူန်းတော့ရေဲန်/ကမိုန် တကုံန်ရံရ်ကုင်ကပိုမ် ။

33. ဘြဲဆား၊ ပျံတ်ဓိုန် အီမိုးဥပဒေ တကိုတ်ထိပ်ညဲ့တိုအီးကုင်ပါဒို့ဒိုည့်၊ ဘုံပ်ကိက်ပျဌာန်း ဒဲးဥပဒေအီဘယ်ဒေဒံန်ခြဲတံင်ဇူးအခွါင်းအရေးတိုအီး။

အခန်း (၅)
ကြားကာလ ဥပဒေပြုရေး

ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုရေး

၂၈။ ကြားကာလအတွက် ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေပြုရေးအာဏာသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ခံရပြီး အကြမ်းဖက် အာဏာသိမ်း စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုသော ပြည်ထောင်စုအဆင့် လွှတ်တော် ကိုယ်စားလှယ်များ၌ တည်သည်။

၂၉။ ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး "ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်" ကို လက်ခံသဘောတူ၍ ပူးပေါင်း အကောင်အထည်ဖော်ရန် သဘောတူညီသော၊ အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုသော ပြည်ထောင်စုအဆင့် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ၏ ပါဝင်မှုဖြင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းရမည်။

၃၀။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် ဖက်ဒရယ်ပြည်ထောင်စု၏ ကြားကာလ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် "ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်" ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ နိုင်ငံရေးလမ်းပြ မြေပုံတို့နှင့်အညီ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ချမှတ်ထားသော မူဝါဒနှင့်မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်နိုင်ရေး အတွက် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းပေး ရမည်။

၃၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ဥပဒေပြုရေးကိစ္စရပ်များကို ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်အရ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ချမှတ်ရေးဆွဲထားသော မဟာဗျူဟာမူဘောင်များနှင့်အညီ မူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်းသဘောတူညီချက် ရယူ၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရမည်။

၃၂။ ဤပဋိညာဉ်နှင့်အညီ နိုင်ငံရေးလမ်းပြမြေပုံနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင် အထည်ဖော်ဆောင်ရန်အတွက် လိုအပ်သော ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု လွှတ်တော်ကို ခေါ်ယူကျင်းပနိုင်သည်။

၃၃။ ပြည်သူလူထုတစ်ရပ်လုံးကို ဖိနှိပ်သော ဥပဒေများအား ပြင်ဆင်၊ ပယ်ဖျက်၍ အခြေခံ လူ့အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရမည်။

ဓါင်း(6)

လံပ်ဘြောင်ချာင် ခနားဇိုချိုင်

လံပ်ဘြောင်ချာင်ကုင်ကပိုမ်ခဲ့တ်ဒရဲရ်

34. ကနာည်ရဲနဲ့ဇိုင်းကာန် လံပ်ဘြောင်ချာင် ခနားဇချိုင် အလိုးအန် ၊ ဘုံပ်ခမိုပြိုဝ်ႇဖုင် **ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ။**

35. ကဘ်မ်မတီကနာည်းကုန်ရံရ်ကုင်ကပိုမ်ဒီန် ယာမ်ပြိုဝ်ႇ ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ၊ ဘုံပ်ခမိုပြိုဝ်ႇ ဒါပုံန်ကမိုန်ဘ္လာဆဖော ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း။

36. **သမ္မတကုင်** ကာည်း **တာမ်သမ္မတဂါရ်** ကဲဒီန် ကဲမိုႇအီဒါင်းကုင် မိုႇကနာည်း ကုန်ရံရ်ကုင်ဟာဲ့ ။

37. **တိုင်အွံရ်ကပ္လိုင်ကုင်ကပိုမ်ဒီန်** အုံန်မိုႇအီဒါင်း ဖုင်ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇိုချိုင်ဟာဲ့။

INTERNAL

38. တိုင်အွံရ်ကပ္လိုင် ကုင်ကပိုမ် ကာည်း ဖုင်ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇို ချိုင်ဒီန် ဘုံပ်ရံပ်ဇိုင်းကပ္လိုင် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ကာည်း ပါင်မိုန်ဒါင်းကုင်/ပါင်မိုန်ဒါင်းတိုအီးကုင် ။

39. ဒါပုဂ္ဂိုလ်တိုအီးရခြိုမ်ဂဲနီန် ခမိုပြိုဝ်ႇဖုင်ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ။

(က) သမ္မတကုင်

(ခ) ပုဂ္ဂိုလ်အွံရ်ဇိုင်းကုင်/ ကဝ်အွံရ်ဇိုင်းကုင်

(ဂ) တာမ်သမ္မတ(1)

(ဃ) တာမ်သမ္မတ(2)

(င) တိုင်အွံရ်ကပ္လိုင် ကုင်ကပိုမ်

(စ) တိုင်ကပ္လိုင်ဂဲ ကာည်း တာမ်တိုင်ကပ္လိုင်ကုင်ကပိုမ်

(ဆ) **တိုင်အွံရ်ကဖောည်ဥပဒေကုင်ကပိုမ်/ တိုင်အွံရ်ဥပဒေ**

(ဇ) တိုင်အွံရ်စေတ်မေန်းစြာင်း ကုင်ကပိုမ်

40. **ပုဂ္ဂိုလ်ကဝ်အွံ့ရ့်ဇိုင်းကုင်ဒီန်** ကနာည်ဘယ်ရေ့န်ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင်ကာည်း ပိုန်ကကာမ်းလံပ်အရေးတိုင်ကုင် ၊ ဘ့်ပ်ဒဲ့အကျံမ်ပျာန် တဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း တောပ်ဘည်မဟာဗျူဟာ အီမိုဲ့ပိုန်ကိက်အူန်း ဘည်ပဋ္ဌိညာဉ် ခဲ့တ်ဒရဲ့ရ် ဒီမိုကရေဆီ ။

41. ဇိုချိုင်(အဆာက်)ရေ့န်ဇိုင်းကာန် ပုဂ္ဂိုလ်ကဝ်အွံ့ရ့်ဇိုင်းကုင်ဒီန် အ့်န်ကနေ့ရ်တောပ် ဇိုချိုင် ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇိုချိုင်ဟာ်, ။

42. တိုင်အွံ့ရ့်ကပ္ပိုုင်ကုင်ကပိုမ်ဒီန် ဘူန်းအာပ်ဒဲ့ ဇိုင်းကပ္ပိုုင်ကာည်းပိုန်ဘူန်းရေ့န်တဖုင်အီမူဝ်ဲ့အာဏာ အူဖုင်အူဖုင် ပိုန်ဟောည့်,ကမိုန်တောပ် ကောင်ဆံရ့်အွံ့ရ့်ဇိုင်းလံပ်ကရောမ်ခြိုဝ်းဒီန်မာ်လ၊ တပုဂ္ဂိုလ်ဂဲ ၊ တပုဂ္ဂိုလ်အူကဝ်အူအီးမာ်လ ၊ ကနာည်ရေ့န်ကိက်မူဝ်ါဒကာည်း မဟာဗျူဟာဇိုင်းကာန်ဒါင်း ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇိုချိုင် ကာည်း ပိုန်ကကာမ်း အီတောပ်ခဲင်ပဋ္ဌိညာဉ် ။

43. ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇိုချိုင်ဒီန် ကမိုန်ဟောည့်, တောပ်ကောင်ဆံရ့်အွံ့ရ့်ဇိုင်းလံပ်ကရောမ်ခြိုဝ်း၊ ဘူန်းကိက်ပ္လရိတ်မံင် ပျဌာန်း ပိုန်ပ္လချာင် လံပ်ဘြောင်ချာင်ခနားဇိုချိုင် ချံန်ကုင်ကပိုမ် ။

44. ကနာည်ရေ့န် မူဝ်ါဒကာည်းမဟာဗျူဟာဇိုင်းကာန်ဒါင်း ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်းခနားဇိုချိုင် ၊ တောပ်ဘည်မူဝ်ါဒ ကောင်ဆံရ့်အွံ့ရ့်ဇိုင်းလံပ်ကရောမ်ခြိုဝ်း အီလီပ်ဘောင်လီပ်တြား ပိုန်ပ္လရိတ်မံင်ဒဲ့အူန်း တပါင်မိုန်ဒါင်းတိုအီးကုင် ၊ ဘ့်ပ်ခမိုပြိုဝ်ဲ့ ဖုင်ဘည်လိုအ့်န် ဟောည့်,ကရောမ်ကမိုန်ဒဲ့(Facilitate) တိုင်ကပ္ပိုုင်ဂဲအီကဆ်င် တောပ်ဘည်ကဏ္ဍမှောကဏ္ဍအ့်န် ဒါကနာည်းက့်န်ရံရ့်ဂဲ၊ ကနာည်းက့်န်ရံရ့်ဖုင်ကောန်တိုင်ကုင် အီယိူဝ်,တိုက်ဗိုန်းဂဲ၊ ပါတီအရေးတိုင်ကုင်ဂဲ ၊ ဖုင်ကပါင်တိုအီးအယာတ်ဂဲကာည်း ဒါဘိုးကဲဒါ,ကဲဟံရ့်အီမှိုမ်လီပ်တောပ် ။

45. သမ္မတကုင် က့်န်အာဝ်ဘယ်ဒေရံပ်ဇိုင်းကပ္ပိုုင်၊ တာမ်သမ္မတ(1) ဘ့်ပ်ရံပ်ဇိုင်းကပ္ပိုုင်ကနာည်းအ့်န် ။ တာမ်သမ္မတ(1) က့်န်အာဝ်ဘယ်ဒေရံပ်ဇိုင်းကပ္ပိုုင် သမ္မတကုင် ၊ တာမ်သမ္မတ(2)ဘ့်ပ်ရံပ်ဇိုင်းကပ္ပိုုင်ပဲန်သမ္မတယာယီ။

အခန်း (၆)

ကြားကာလ အုပ်ချုပ်ရေး

ဖက်ဒရယ်ပြည်ထောင်စု အုပ်ချုပ်ရေး

၃၄။ ကြားကာလအုပ်ချုပ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အမျိုးသား ညီညွတ်ရေးအစိုးရကို ဖွဲ့စည်းရမည်။

၃၅။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် ကြားကာလအမျိုးသား ညီညွတ်ရေး အစိုးရကို ဖွဲ့စည်းရာတွင် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ ညှိနှိုင်းသဘော တူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၃၆။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုသော နိုင်ငံ့ဥသျှောင် အကြီးအကဲများဖြစ်သည်။

၃၇။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏ အကြီး အကဲဖြစ်သည်။

၃၈။ ပြည်ထောင်စုဝန်ကြီးချုပ်နှင့် ကြားကာလအမျိုးသား ညီညွတ်ရေးအစိုးရသည် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ပြည်သူ့ညီလာခံအား တာဝန်ခံရမည်။

၃၉။ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်။

(က) နိုင်ငံတော်သမ္မတ

(ခ) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

(ဂ) ဒုတိယသမ္မတ (၁)

(ဃ) ဒုတိယသမ္မတ (၂)

(င) ပြည်ထောင်စုဝန်ကြီးချုပ်

(စ) ပြည်ထောင်စုဝန်ကြီးများ နှင့် ဒုတိယဝန်ကြီးများ

(ဆ) ပြည်ထောင်စုရှေ့နေချုပ်

(ဇ) ပြည်ထောင်စုစာရင်းစစ်ချုပ်

၄၀။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ နိုင်ငံရေး လမ်းပြမြေပုံ နှင့် နိုင်ငံရေးရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့်အညီ ရေးဆွဲထားသော မဟာဗျူဟာအရ အမျိုးသားညီညွတ်ရေးအစိုးရကို အကြံပေးရမည်။

၄၁။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် ကြားကာလအမျိုးသား ညီညွတ်ရေး အစိုးရ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၄၂။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ပဋိညာဉ်ပါ ဦးတည်ချက်များနှင့် ကြားကာလ အမျိုးသား ညီညွတ်ရေးအစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းလျက် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်များအား လည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်နိုင်သည်။

၄၃။ ကြားကာလအမျိုးသားညီညွတ်ရေး အစိုးရသည် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီနှင့်ညှိနှိုင်း၍ ပြည်ထောင်စုအဆင့် ကြားကာလ အုပ်ချုပ်ရေး စီမံချက်ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်သည်။

၄၄။ ပြည်သူ့ညီလာခံက တရားဝင်အတည်ပြုပေးထားသည့် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ၏ မူဝါဒများနှင့်အညီ ကြားကာလ အမျိုးသားညီညွတ်ရေး အစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင် ရွက်ရန်အတွက် ကဏ္ဍ အလိုက် ကော်မတီနှင့် ကော်မရှင်များကို သက်ဆိုင်ရာ ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းပေးပြီး (Facilitate) လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သူများဖြင့် လိုအပ်သလို ဖွဲ့စည်းရမည်။

၄၅။ နိုင်ငံတော်သမ္မတသည် တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင် ဒုတိယသမ္မတ (၁) က နိုင်ငံတော် သမ္မတ ကိုယ်စား တာဝန်ထမ်းဆောင်ရမည်။ ဒုတိယသမ္မတ (၁) သည် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင် ဒုတိယသမ္မတ (၂) က ယာယီသမ္မတအဖြစ်တာဝန်ထမ်းဆောင်ရမည်။

ဗ့ါင်း(7)

လံပ်ဘ္လံက်ချ္ာင်တြား ခနားဖို့ချိုင်

46. တောပ်ဘည်ကဏ္ဍာလံပ်ဘ္လံက်ချ္ာင်တြား ခဲင်ခနားဖို့ချိုင် ၊ ဆနီတ်ဒေင်လံပ်ဘ္လံက်ချ္ာင်တြား အီမိုဲ့တအိုမ်ဘြည်ကတာည်း ဖုင်ကောန်တီုင်ကုင်အီယှိုဝ်,တိုက်ဗှီုန်း အီမှိုဝ်ဲ့/ဂေါည်အူန်း ခဲင်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီန် အုံန်မိုဲ့လှိုည်လံမ်ကဲ အီလီပ်ဘြာင်လီပ်တြား။

47. ဘည်အာဏာဘ္လံက်ချ္ာင်တြား ကုင်ကပိုမ်ဓဲ့တ်ဒရဲရ် ခဲင်ခနားဖို့ချိုင်ဒီန်လူမ်တြား တိုအီးအယာတ် အီမိုဲ့ပုံန်ရုပ်ရိုဲ့အူန်း “ဘြောင်ချ္ာင်ကုင်လံပ်ကရောမ်ခြိုုဝ်း”မာ်လ၊ ဆနီတ်ဒေင်လံပ်ဘ္လံက်ချ္ာင်တြားတိုအီးအယာတ် အီဟည်ပြိုဝ်ဲ့မှိုဝ်ဲ့အူန်း ချုံန်မှော ချုံန်အုံန် ခဲင်အိုမ်ဘြည်ကတာည်း ဖုင်ကောန်တီုင်ကုင်အီယှိုဝ်,တိုက်ဗှီုန်းဂဲမာ်လ အုံန်ဘုံပ်မှိုဝ်ဲ့ ။ ဘုီန်းဒါ လူမ်တြား ကာည်း ဆနီတ်ဒေင်လံပ်တြားဂဲဒီန် တအာဏာဘ္လံက်ချ္ာင်တြား၊ ဘုံပ်မိုဲ့ဆနီတ်ဒေင်လံပ်ဘ္လံက်ချ္ာင်တြား လောတ်လာပ် အီတြားကဒှိုဝ်ဲ့အိုမ်ဘံန်း။

48. တောပ်ဘည်လံပ်ဘ္လံက်ချ္ာင်တြား ခဲင်**ကပီုန်/ဓဲ့တ်ဒရဲရ်ယူနီတ်**[A] ကနာည် က်ုန်လို (က်ုန်ဟျုံတ်ဒေလို)ကဘ္လာင်းပျဆနာ ပုံန်ကထင်ကကံန်းကြော့ဒီန် ကောင်ဆံရ် အွံရ်ဇီုင်းလံပ်ကရောမ်ခြိုုဝ်း ဘုံပ်ခမိုပြိုဝ်ဲ့ဒဲ့ဖုင် ဒါ **ကနာည်းက်ုန်ရံရ်အီဘုီန်းဘ္လံက်ချ္ာင်တြားဂဲ** အီယှိုဝ်,အရာပ်ဆေအရာပ်အုံန်တ **ကာ်မ်မတီလံပ်ကရောမ်ကမိုန်ကဒါ့,လံပ်တြား** ။

49. ဘ္လံက်ချ္ာင်တြား ဓဲ့တ်ဒရဲရ်ကပီုန် ကာည်း ဓဲ့တ်ဒရဲရ်ယူနီတ်ဂဲ အီလီပ်ဖုင် ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဂဲဒီန် ကဲဘုီန်းဘ္လံက်ချ္ာင်တြားလလမှိုမ်မှိုမ် ၊ ဘုံပ်လှိုည်ရုပ်ဇီုင်း ကပ္လှိုင် အီမိုဲ့တြားဥပဒေ။ ဥပဒေထုင်ရိုဘိုဇေန်အီအာဝ်ဆံင်ခံတ် တအခ္ဂါင်းအရေး တိုအီးမာ် ဘုံပ်ရုပ်ရိုဲ့ဒါတောပ်။

50. ဆဲဲ့ဒါ့ပွေ္လဝ်ဥပဒေအူနဲ ဂေါ့ပုံန်တဂေန်း ပုံန်ကျာမ်အီရဲန်ဇေဝ်းမာ်လ၊ ဂေါ့အဂတိမာ်လ ၊ တောပ်ဘည်ပုံန်ဘ္လံက် ကဒါ့,လံပ်ဘ္လံက်ချ္ာင်တြားအုံန်၊ ဘုံပ်ဒဲ့အုံန်လောတ်ဓဲ့ ဘည်စွည်တြားတှိုဝ်ဲ့အရေး တဘ္လံက်ချ္ာင်တြား ခနားဖို့ချိုင် ။

51. အမိင်(ဆာ်အာဝ်မိုဲ့)ပုံန်ဘ္လလူမ်တြားအူလူမ်ခနားဖို့ချိုင်ဒီန် အုံန်ဘုံပ်မှိုဝ်ဲ့**ဘည်ကတာ်န်း ရီတ်မံင်** တေါင်အီကဆာ်င်ပါဒို့,ဒိုည်, ကာည်း ယန္တရားလံပ်ဘြောင်ချ္ာင် ပါဒို့,ဒိုည်,။

[A] ကပီုန်ကာည်း အရာပ်တီုင်းဒါင်း အရာပ်မှောဒေါန်မှော တောပ်ဘည်အရေးတီုင်ကုင်၊ လံပ်ဘြောင်ချ္ာင် ဘည်ဘာည်းကဇေန်းနီး ၊အူဒံင်ခနားဖို့ချိုင်နီန် အယ်တော့,ဒါဲ့ကပီုန်/ဓဲ့တ်ဒရဲရ်ယူနီတ်။

အခန်း (၇)

ကြားကာလ တရားစီရင်ရေး

၄၆။ ကြားကာလအတွင်း တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စုတွင် ရှိရင်းစွဲ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေများတွင် ၎င်းတို့၏ တရားစီရင်ရေး စနစ်သည် တရားဝင်ဖြစ်သည်။

၄၇။ ကြားကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စု၏ တရားစီရင်မှုအာဏာသည် "အမျိုးသား ညီညွတ်ရေးအစိုးရ" က အသိအမှတ်ပြုထားသော အရပ်ဘက် တရားရုံးများတွင် လည်းကောင်း၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေများအတွင်း ဖွဲ့စည်းတည်ရှိထားရှိသည့် အဆင့်ဆင့်သော အရပ်ဘက် တရားစီရင်ရေးစနစ်တွင်လည်းကောင်း တည်ရှိရမည်။ တရားစီရင်ရေးအာဏာကို အဆိုပါ တရားရုံးများနှင့် တရားရေး စနစ်များတွင် ကျင့်သုံးပိုင်ခွင့်ရှိပြီး လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် ဖြစ်ရမည်။

၄၈။ ပြည်နယ်/ဖယ်ဒရယ်ယူနစ်များ[1]အတွင်း တရားစီရင်ရေးနှင့် ပတ်သက်ပြီး အငြင်းပွားမှု များအား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါက ဖြေရှင်းဆောင်ရွက်ရန်အတွက် အမျိုး သားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက တရားရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော် တီကို သက်ဆိုင်ရာဒေသများမှ တရားစီရင်ခွင့်အာဏာပိုင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေး ရမည်။

၄၉။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ဖက်ဒရယ်ပြည်နယ်များနှင့် ဖက်ဒရယ်ယူနစ်ရှိ တရားသူကြီး များသည် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိပြီး တရားဥပဒေကိုသာ တာဝန်ခံ ရမည်။ လူ့အခွင့်အရေးများနှင့် မဆန့်ကျင်သော ရိုးရာဓလေ့ထုံးတမ်း ဥပဒေများကိုလည်း လေးစား လိုက်နာကျင့်သုံးရမည်။

၅၀။ ကြားကာလ တရားသူကြီးများအား တင်ကူးကြံရွယ်ချက်ကြောင့်သော်လည်းကောင်း၊ အဂတိကြောင့်သော်လည်းကောင်း ဥပဒေချိုးဖောက်ခြင်းမှတစ်ပါး ၎င်းတို့၏ တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး အရေးယူ တရားစွဲဆိုခံ ရခြင်းမှ ကင်းလွတ်စေရမည်။

၅၁။ ကြားကာလအတွင်း တရားရုံးတစ်ခု၏ အမိန့်တစ်ရပ် (သို့) ဆုံးဖြတ်ချက်သည် သက်ဆိုင်သူ အားလုံးနှင့် အုပ်ချုပ်ရေးယန္တရားအားလုံးအပေါ် စည်းနှောင်မှုရှိရမည်။

---

[1] ယခုလက်ရှိဖြစ်တည်နေသော နိုင်ငံရေး၊ အုပ်ချုပ်ရေးအခြေအနေအရ ပြည်နယ်နှင့် တိုင်းဒေသကြီး အပိုင်းအခြားများကို ကြားကာလအတွင်းတွင် ပြည်နယ်/ဖက်ဒရယ်ယူနစ်ဟု ခေါ်ဆိုသည်။

ခါင်း (8)

လံပ်ဩြောင်ချာင် ၊ လံပ်ပ္လဥပဒေ ကာည်း လံပ်ဘ္လုံက်ချာင်တြား ကပိုန်/ဗုတ်ဒရဲရ်ယူနီတ်

52. တံင်ဖူးဒါ ဘည်ပျိူဝ်,ဗုဲတ်ဒရဲရ် အီတောပ်တ ပဋိညာဉ်နီန် တောပ်ဘည်ဘိုုန်းဩြောင်ချာင် ကပိုန်/ဗုဲတ်ဒရဲရ်ယူနီတ်ဂဲ ရာင်ဆေရာင်အုန်ဒီန် ဘုပ်ခမိုပြိူဝ်ႇဟာဝ်းပွံတ် ဘည်လိုအုန် ယန္တရားလံပ်ပ္လဥပဒေ၊ လံပ်ဩြောင်ချာင် ကာည်း လံပ်ဘ္လုံက်ချာင်တြား ကပိုန်/ဗုဲတ်ဒရဲရ်ယူနီတ်ဂဲ လံမ်ဆေလံမ်အုန် ။

53. ဇိုင်းအရေး ကဒါ,လံပ်ပ္လဥပဒေ၊ လံပ်ဩြောင်ချာင် ကာည်း လံပ်ဘ္လုံက်ချာင်တြား ကဒည်ခနား ကုင်ကပိုမ် ကာည်း ကပိုန်/ဗုဲတ်ဒရဲရ်ယူနီတ်ဂဲဒီန် ဘုပ်ကမိုန်ရဲန် တကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိူဝ်း။

INTERNAL

အခန်း (၈)

ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး

၅၂။ ဤပဋိညာဉ်ပါ ဖက်ဒရယ်တည်ဆောက်မှု အခြေခံဖြင့် ပြည်နယ်/ဖက်ဒရယ်ယူနစ်များ၏ ကိုယ်ပိုင်ပြဌာန်းခွင့်အရ သက်ဆိုင်ရာပြည်နယ်/ဖက်ဒရယ် ယူနစ်များ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ယန္တရားများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရမည်။

၅၃။ ပြည်ထောင်စုနှင့် ပြည်နယ်/ဖက်ဒရယ်ယူနစ်များအကြား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အရေးကိစ္စများကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ တွင် ညှိနှိုင်းဆောင်ရွက်မည်။

ဗါင်း(9)

ပိုန်ပ္လချာင် ဘည်ဘြဲဆား အူဒံင်ဍ္ဍဲညး်ရာင်ပိုင်

54. မိုဲပွံတ်ခနားဇိုချိုင်နီန် ဘ်ုပ်ခမိုပြိုဝ်ဖုင် အာပ်ဒဲ့ဇိုင်းကပ္လိုင် တ ဖုင်ကိက်ဘည်ခမိုတံင် ရျံရို ဥပဒေ အူဒံင်ခနားဇိုချိုင်ဍ္ဍဲညး်ရာင်ပိုင် ။

55. ပံပ်ဂြိုမ် ဘည်ခမိုတံင်ရျံရိုဥပဒေ အူဒံင်ဇိုချိုင်ဍ္ဍဲညး်ရာင်ပိုင်ဒီန် ဟောည်ပ္လရိတ် မံင်အူန်း အိုရ်ဆိုင်ယာမ်ဇေဝ်း တကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း၊ နံင်ပြာင်း ဟိုက် ပ္လရိတ်မံင်အ်ုန် တပါင်မိုန်ဒါင်းကုင် ။

56. က်ုန်ဟောည်ခ္လေဲခနားဇိုချိုင် တောပ်**ဘည်ခမိုတံင်ရျံရိုဥပဒေ အူဒံင်ဍ္ဍဲညး်ရာင်ပိုင်**၊ ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်းကဲ ဘ်ုပ်ခမိုပြိုဝ်ဒဲ့ ဗြောင်ချာင်ကုင်လံပ် ကရောမ်ခြိုဝ်း အူဒံင်ဍ္ဍဲညး်ရာင်ပိုင်(Transitional National Unity Government – TNUG) အီတောပ် ရဲင်ဗ္လောမ်တောန်ကဒါ, အီကလဲ့ကဒေါမ်တောန်ဒီ ။

57. ကတံက်ကဘားဟာဝ်းပွံတ် တောပ်ဘည်ခမိုတံင်ရျံရိုဥပဒေအူဒံင်ဍ္ဍဲညး်ရာင်ပိုင် ၊ **ဗြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်းခနားဇိုချိုင်**ဒီန် ဘ်ုပ်အာပ်ဒဲ့ဇိုင်းကပ္လိုင် ပိုန်ဘိုန်း ရေန် တ **ဗြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်းအူဒံင်ဍ္ဍဲညး်ရာင်ပိုင်**။

58. က်ုန်ဟောည်ပ္လရိတ်မံင် ဆံင်ကိုပ် 56 ကာည်း 57 ပိုန်ကိက်ပ္လိုရိုအူန်း တပါင်မိုန်ဒါင်း ကုင်အူစ်ာန်းပွံတ် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ဘ်ုပ်ပ္လိုရိုစေညာ ဘည်ဟည် ပျံတ်တကြျံတ်ဆီမ်းဟောည်, ပိုန်ပ္လချာင် ဘည်ခမိုတံင်ရျံရိုဥပဒေ ခနားဇိုချိုင် ပဋိညာဉ်ဗ္ဂဲတ်ဒရဲရ်ဒီမိုကရေဆီ ဒေါန်(2) ဒီန်။

အခန်း (၉)
အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှု အစီအမံများ

၅၄။ ကြားကာလမှာပင် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်း အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်မည်။

၅၅။ အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ တွင် ကနဦးအတည်ပြု၍ ပြည်သူ့ ညီလာခံသို့ တင်ပြ အတည်ပြုမည်။

၅၆။ ကြားကာလလွန်မြောက်သည်နှင့် အင်အားစုအသီးသီး ပိုမိုကျယ်ပြန့်စွာ ပါဝင်သော အသွင်ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရ (Transitional National Unity Government – TNUG) ကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပေး ရမည်။

၅၇။ တဆက်တည်းမှာပင် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရက အသွင်ကူးပြောင်း ရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းရေးကာလ အမျိုးသား ညီညွတ်ရေးအစိုးရကို လုပ်ပိုင်ခွင့် တာဝန်လွှဲပြောင်းအပ်နှင်းရမည်။

၅၈။ ဖော်ပြပါပုဒ်မ ၅၆ နှင့် ၅၇ ကို ပြည်သူ့ညီလာခံတွင် ဆောင်ရွက်ပြီးစီး အတည်ပြုပြီးသည်နှင့် တပြိုင်နက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂) ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံကို ဖျက်သိမ်းပြီးကြောင်း အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီက ကြေညာရမည်။

ဓါင်း(10)
ဘြဲဆားပနိုက် ပဋိညာဥ်

59. တောပ်အီဘာည်းဒေဲ့ ဘည်မိုးဘည်ဘာည်း အရေးတိုင်ကုင် ၊ ကိုန်ဆိင်ဘြဲဆား ပိုန်ပ္လချာင် ကဒါ့ဘည်ခမိုတံင်ရျံရုံ့ဥပဒေ ခနားဖိုချိုင်နီန် တောပ်ဘည်ဘာည်းထုင် တဘာည်ရဲန် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ၊ ဘြဲဆားပနိုက်ပောည့် စီတိူဝ်ႏလာည်း ပိုန်ပ္လရီတ်မံင် တပါင်မိုန်ဒါင်းကုင် ။

အခန်း (၁၀)
ပဋိညာဉ်အား ပြင်ဆင်ဖြည့်စွက်ခြင်း

၅၉။ ဖြစ်ပေါ်တိုးတက်လာသော နိုင်ငံရေးအခြေအနေများနှင့်အညီ ဤကြားကာလဖွဲ့စည်းပုံ ဥပဒေဆိုင်ရာ အစီအမံအား ပြင်ဆင်လိုပါက အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပြီး ပြည်သူ့ညီလာခံသို့တင်သွင်းအတည်ပြုချက်ရယူရမည်။

ဗှါင်း(11)

ပိုန်ကိက်ပွိုး်ရုံးပျဌာန်းတောန်နဲ(General Provisions)

60. ဇိုချိူင်အဆာက် ဒေါန်(2) ပဋ္ဌိညာဉ်ဗ္ဗဲတ်ဒရဲရ်ဒီမိုကရေဆီနီန် မောကံပ်ရောတ် ဇူးလီပ်အဆာက် ကိက်ပျဌာန်းဟောည်, ဘည်ခမိုတံင်ရျံရုံးဥပဒေအူဒံင်ခ္လါည်းရာင်ပိူင် ။

61. ဘုိပ်ရိုရုံးပ္လါ့,ဘဲာ,အမိင် ဇူးပွံတ်ဆန့်မ် 2021 ကျံရ်အာရ် ဆငည်း(1) ၊ ဥပဒေ ၊ ပိုန်ဆူည်,ပိုန်ဒါ့ ၊ ကာည်းအမိင် ပိုန်ရိုရုံးလေ့ ဖုင်ဆိုက်ဘြာန်အီကဖါ,အာဏာကုင် ပါဒို,ဒိုည်, ဘည်ဘာည်းအာဝ်လီပ်ဘောင်အာဝ်တြားဒီန် ။

62. အူဒံင်(ခနားဇိုချိူင်)ညှံမ်ပ္လရီတ်မံင် ညှံမ်ပွိုး်ရုံးပျဌာန်း ပဋ္ဌိညာဉ်ဗ္ဗဲတ်ဒရဲရ်ဒီမိုကရေဆီနီန် ဥပဒေ၊ အမိင် ၊ ပိုန်ဆူည်,ပိုန်ဒါ့ ၊ ပိုန်ကအံမ်(ပိုန်ဂြေါပ်) ပိုန်ရိုရုံးဒေ့ ကာ်မ်မတီ ကနာည်းကုိန်ရံရ်ကုင်ပိုမ်ဒီန် ကုိန်အာဝ်ဆံင်ခံတ်တပဋ္ဌိညာဉ်ဗ္ဗဲတ်ဒရဲရ် ဒီမိုကရေဆီနီန် အုိန်မို့ အုိန်ရီတ်မံင်ဟာဝ်းပွံတ်ဟာ်,။ ကာ်မ်မတီကနာည်းကုိန်ရံရ်ကုင်ကပိုမ်ဒီန် ဘူိန်းဘြဲဆား ၊ ဘူိန်းပျံတ်ဗီန် ဥပဒေ၊ အမိင် ၊ ပိုန်ဆူည်,ပိုန်ဒါ့ ၊ ပိုန်ကအံမ် အီအာဝ် ကပျားတောပ် ပဋ္ဌိညာဉ်နီန် ဒါပိုန်ဘ္လဆဖော ကမိုန် ကဒါ,မူဝါဒ တောပ်ဘည်မဟာ ဗျူဟာမူဘောင်ဒါင်း အီမို့ပိုန်ကိက်ပ္လအူန်း ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိူဝ်း ။

63. ယာမ်ရဲန် တောပ်ဘည်ပိုန်ကကာမ်း၊ ကခံပ်ကယည်မဟာဗျူဟာဇိုင်းကာန်ဒါင်း ခဲင် ပဋ္ဌိညာဉ်နီန် ကုိန်ဟျံတ်ဒေလို(ကုိန်ပျားဒေလို) ကနာည်ပဘိုးပနိုက် ကရောမ်ပ္လ ဂေါ,အရေးတိုင်ကုင်ခ္လါည်း အီနံင်ပဲန်ဒေ့ ပိုန်အာဝ်ရဲန်အာဝ်ဘူိန်း ဇိုင်းကာန်ဒါင်းဒီန် ဒဲ့ ခမိုဖုင်အီကဆ်ာင်ပိုန်အာပ်ဒဲ့အူန်းဇိုင်းကပွိူင်ဂဲဒီန်ကိက်ဟောည်,၊ ကောင်ဆံရ်အွံရ်ဇိုင်း လံပ်ကရောမ်ခြိူဝ်း စီပ္လရီတ်မံင်အုိန် တပါင်မိုန်ဒါင်းကုင် ။

64. တောန်ကဲအီလီပ်ဖုင်ကပါင်း ၊ အီလီပ်ဖုင် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိူဝ်းဒီန်ကဲ ဘုိပ်ရံပ်လာည်းဇိုင်းကပွိူင် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိူဝ်း။

အခန်း (၁၁)

အထွေထွေပြဋ္ဌာန်းချက်များ (General Provisions)

၆၀။ ဤဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂) ၏ သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီး စတင် အသက်ဝင်သည့် အချိန်အထိ ဖြစ်သည်။

၆၁။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ အာဏာသိမ်းစစ်အုပ်စုက ထုတ်ပြန်ခဲ့သော ဥပဒေ၊ ညွှန်ကြားချက် နှင့် အမိန့်များ အားလုံးသည် တရားဝင်ခြင်း မရှိကြောင်း အမိန့်ထုတ်ပြန်ရမည်။

၆၂။ ဤဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်ကို ပြဋ္ဌာန်းအတည်ပြုနိုင်ခြင်းမရှိသေးမီ ကာလအတွင်း–ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီမှ ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လက်စွဲများသည် ဤဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့် မဆန့်ကျင်ပါက အတည်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် ဤပဋိညာဉ်နှင့် ကိုက်ညီမှုမရှိသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လက်စွဲများကို အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ချမှတ်ရေးဆွဲထားသော မဟာဗျူဟာ မူဘောင်များ နှင့်အညီ မူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

၆၃။ ဤပဋိညာဉ်ပါ ဦးတည်ချက်၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နေချိန်တွင် ဖြစ်ပေါ်လာသော နိုင်ငံရေးအပြောင်းအလဲများကြောင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို မဖြစ်မနေ ထပ်မံပေါင်းစပ်ချမှတ်ဖော်ဆောင်ရန် လိုအပ်လာပါက အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ အစုအဖွဲ့ကို ရေးဆွဲစေပြီး ပြည်သူ့ညီလာခံတွင် အတည်ပြုသွားရန်ဖြစ်သည်။

၆၄။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ အဖွဲ့ဝင် အဖွဲ့အစည်းတိုင်းသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီကိုတာဝန်ခံရမည်။

ဓါင်း(12)

ကဒိဆေတ်စာ ကဒါ့လံပ်ပျိုဝ်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ

ပိုန်ရေန် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း၊ ပိုန်ရေန်ဘြောင်ချောင်ကုင်ခနားဇိုချိုင်၊ ဇိုင်းကဒါ့လံပ်ဘွံကျ်ချောင်တြား ၊ ဇိုင်းကဒါ့ လံပ်ပ္လဥပဒေ အီမိုးပိုန်ဒါခနားဇိုချိုင်ဂဲဒီန် ပိုန်ကကာမ်း၊ ပိုန်ကယေင်၊ ငေါ့ခံန်(စံ)၊ ဇိုင်းကာနယိုဝ်ဒေင်အရေးတိုင်ကုင် အီတောပ်ခေဲင်ပဋိညာဉ်ဒေါန်(1) ကာည်း တောပ်ဘည်ပ္လိုရ်ုပျဌာန်းအူန်း ဒါဘည်ကရောမ်အွံရ်၊ ဘည်ကရောမ်ရံပ်ဇိုင်းကပ္လိုင် အီတောပ်ခေဲင်ပဋိညာဉ်ဒေါန်(2)ဂဲဒီန်(ratify) ပ္လရိတ်မံင် ဆဖောရှမ်ဆဖောရာ့ နံင်ရေန်ဟာဝ်းပွံတ်အလှိုးအနံုဟာ်ဲ ။

ခမို ဖုင်ပါ်ဒြို့ဒိုည့် အီပ္လရိတ်မံင် ဆဖောရှမ်ဆဖောရာ့ တပဋိညာဉ်နီန် ယာမ်ရေန်ဇိုင်းကဒါ့ အရေးတိုင်ကုင်၊ လံပ်ငိုပ်မေန်ကဇောည်၊ လံပ်ကုင်ဟံရ် ၊ လံပ်ဒံန်ခြဲကာည်းလံပ်ကတုံမ် ဒီန် ခါမ်အူန်းကဒိဆေတ်စာ နံင်ရေန်ဟာဝ်း အီမိုဝ်ုအကျိုး တကုင်ကပိုမ်ဓဲ့တ်ဒရဲရ် ကာည်း တတိုအီးကုင်/ကူန်ရဝ်မာဂါင်ဂဲပါ်ဒြို့ဒိုည့် ။

အခန်း (၁၂)

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ လုပ်ဆောင်ချက်များ၊ ကြားကာလအစိုးရ၏ လုပ်ဆာင်ချက်များ၊ ကြားကာလတွင် ကျင့်သုံးဆောင်ရွက်သည့် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပဋိညာဉ် အစိတ်အပိုင်း(၁)ပါ ပြည်ထောင်စု မျှော်ရည်ချက်၊ စံတန်ဖိုး၊ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ နိုင်ငံရေးလမ်းပြမြေပုံများနှင့် ပဋိညာဉ်အစိတ်အပိုင်း(၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ခံမှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်ဟု သဘောတူအတည်ပြု (ratify) ကြပါသည်။

ဤပဋိညာဉ်ကို သဘောတူအတည်ပြုထားကြသော အစုအဖွဲ့အားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး ဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကတိပြုအပ်ပါသည်။

ပငွှိညာဉ်ဇဲ့တ်ဒရဲရ်ဒီမိုကရေဆီ

ဒေါန်(2)

ပ္လျှာင် ဘည်ခမိုတံင်ရျံရ်ှ့ဥပဒေ ခနားဇိုချိုင်

ဆန့်မ်– 2021

Federal Democracy Charter

Part -2

Interim Constitutional Arrangements

2021

ခဲင်ဆန့်မ် 2021 ကျံရ်အိုည်၊ ဆငည်း(31)ဟောည့်,ရှိုရ်ှ့စေညာပ္လျူရ်ှ့ဒေဲ့ ။ ခဲင်ဆန့်မ် 2022 ကျံရ်အူ ၊ ဇူး့ဆငည်း (27) ရောတ်ဆငည်း(29) ဇီရ်ဘ္လုံက်ဒေဲ့ ဒါပ့်န်ဇီရ်ဘြဲဆားပနိုက် ပ့်န်ရေဲန်ဒေဲ့ တပါင်မိုန်ဒါင်းကုင် လှိုဝ်ှ့(1) ။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်

အစိတ်အပိုင်း (၂)

ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံ

၂၀၂၁ ခုနှစ်

Federal Democracy Charter

Part –2

Interim Constitutional Arrangements

2021

၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ်ပြည်သူ့ညီလာခံတွင် ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် အတည်ပြုခဲ့သည်။

မာတိကာ

ရှူႉဘံင် နိဒါန်း

ဗှါင်း (1) ပုန်ကယေင် ပ္လျှာင် ဘည်ခမိုတံင်ရျံရ်ႉဥပဒေ ခနားဖိုချီုင်

အခန်း (၁) ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံ၏ ရည်ရွယ်ချက်

ဗှါင်း (2) ပါင်မိုန်ဒါင်းကုင်

အခန်း (၂) ပြည်သူ့ညီလာခံ

ဗှါင်း (3) ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိူဝ်း

အခန်း (၃) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ

ဗှါင်း (4) ဇိုင်းကပ္လိူင် ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိူဝ်း ခနားဖိုချီုင်

အခန်း (၄) ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ

ဗှါင်း (5) လံပ်ပ္လဥပဒေ ခနားဖိုချီုင်

အခန်း (၅) ကြားကာလ ဥပဒေပြုရေး

ဗှါင်း (6) လံပ်ဘြောင်ချာင် ခနားဖိုချီုင်

အခန်း (၆) ကြားကာလ အုပ်ချုပ်ရေး

ဗှါင်း (7) လံပ်ဘ္လုံက်ချာင်တြား ခနားဖိုချီုင်

အခန်း (၇) ကြားကာလ တရားစီရင်ရေး

ဗှါင်း (8) လံပ်ဘြောင်ချာင် ၊ လံပ်ပ္လဥပဒေ ကာည်း လံပ်ဘ္လုံက်ချာင်တြား ကပိုန်/ဗှဲတ်ဒရဲရ် ယူနီတ်

အခန်း (၈) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး

ဗှါင်း (9) ပုန်ပ္လချာင် ဘည်ဘြဲဆား အူဒံင်ခ္လါည်းရာင်ပိုင်

အခန်း (၉) အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှု အစီအမံများ

ဗှါင်း (10) ဘြဲဆားပနိုက် ပဋိညာဉ်

အခန်း (၁၀) ပဋိညာဉ်အား ပြင်ဆင်ဖြည့်စွက်ခြင်း

ဗှါင်း (11) ပုန်ကိက်ပ္လိူရ်ႉ ပျ္ဍာန်းတောန်နဲ (General Provisions)

အခန်း (၁၁) အထွေထွေပြဋ္ဌာန်းချက်များ

ဗှါင်း (12) ကဒိဆေတ်စာ ကဒါႉလံပ်ပျိူဝ်ႉကုင်ကပိုမ်ဗှဲတ်ဒရဲရ်ဒီမိုကရေဆီ

အခန်း (၁၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ

ရှူးဘံင်

ပိုန်ဆိင်ဘိုန်းပိုန်မောင်ရဲ့(အီရီတ်မံင်)တိုအီးကုင် ကူန်ရဝ်မာဂါင်ပါဒို့ဒိုည့် တောပ်ပည် ခြိုဝ်းကောန်တိုင်ကုင်ဂည်ခြိုဝ်း အီဂေါ်ည်ခဲင်ကုင်ကပိုမ်နီန် မိုဲ့ကုင်ကပိုမ် ဓဲ့တ်ဒရဲရ် ဒီမိုကရေဆီ အီနံင်ဒဲ့ပိုန်အာမခါမ် ဖည်းဖည်းနိုက်နိုက် အခွါင်းအရေးလံပ်ဒီမိုကရေဆီ၊ လံပ်ကဒိုဝ်ဲ့အီမ်ဘံန်းကာည်း ဘိုန်းဩောင်ချာင်ရာင်ဆေရာင်အ်ုန် အီတံင်ရှူဲ့တ ဘည်ဘိုန်း ဂေါ်ည်မှိုမ် လောတ်လာပ်၊ ကဒိုဝ်ဲ့အီမ်ဘံန်း၊ တြားဖြေင်ကဒိုဝ်ဲ့ဂဲဒီန် ။ ကနာည်ပျိုဝ့် ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ၊ ကနာည်ငေါ်ဲ့ခံန်(စံ) အီအူန်းမိုဝ်ဲ့ကနေဲ့ အခွင်းအရေး တောပ်ဒေဲ့တိုကာည်းဂုင်သိက္ခာ ကောန်တိုင်ကုင်တောန်ဗံရ်ခြိုဝ်းဂဲဒီန် ခဲင်ပဋိ ညာဉ် ဒေါန်(1) ဟောည့်ကိက်ပ္လိုရ်ဲ့ဒေဲ့ တံင်ရှူဲ့မူဂဲ၊ တံင်ရှူဲ့မူယိုဝ်နဲ့ဒေင်ဂဲ ၊ ကခံပ်ကယည ်ဇိုင်းကာန်ပိုန်နံင်ရေန် (ဆဉ်အာဝ်မိုဲ့) ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင် ဂဲဒီန်ဟာဉ့်။ ရဲင်ဘြွာမ်ခမို အီကဆ်ာင်တောန်လေ့တောန်ဖုင်မဉ် ဟောည့်ခါမ်ကဒိဆေတ်စာ ချပ္လေဲ့သန္နိဌာန် ဒါရဲင်ဘြွာမ်ကရောမ် နံင်ကဖောည်ပျိုဝ့်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ။ ကနာည်နံင်ဘယ် ပျိုဝ့်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီနီန် ပိုန်နံင်ရေန်ဟာဝ်းအလှိုးအန်ု ဇိုင်းကာန်ယိုဝ် ဒေင်အရေးတိုင်ကုင် ချံုန်မှောချံုန်အ်ုန် တေဲင်ပိုန်ကကာမ်း ပိုန်ကယေင် တပိုန်ကိက်ပ္လိုရ်ဲ့အူန်း ခဲင်ပဋိညာဉ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ဒေါန်(1)ဒီန် ပ္လရီတ်မံင်ပျဌာန်း ဒဲ့အ်ုန်ပဲန် ပဋိညာဉ် ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ဒေါန်(2)၊ ပိုန်နံင်တံင်ရှူဲ့ အူဒံင်ဇိုချိုင်ခွါည်း **“ကခံပ်ကယည် ကဒါ့ဘည်ခမိုတံင်ရျံရ်ဲ့ဥပဒေ ခနားဇိုချိုင် (Interim Constitutional Arrangements)”** ။ (ဇို)အဆာက် ပိုန်ပ္လချာင် ကဒါ့ဘည်ခမိုတံင်ရျံရ်ဲ့ဥပဒေ ခနားဇိုချိုင် နီန် ရှူဲ့ဒေအီမ်း (လီပ်အဆာက်) မောကံပ်ရောတ်အခိုင် ဟောည့်ကိက်ပ္လိုရ်ဲ့ပျဌာန်း ဘည်ခမို တံင်ရျံရ်ဲ့ဥပဒေ အူဒံင်ဇိုချိုင်ခွါည်း။

နိဒါန်း

ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံအပါအဝင် ပြည်သူလူထု တစ်ရပ်လုံး တို့၏ ခိုင်မာသည့် လိုလားတောင့်တချက်မှာ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု တို့ကိုအခြေခံသည့် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံချက် ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးပင် ဖြစ်သည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ မွေးရာပါအခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာတို့ကို လေးစားတန်ဖိုးထားသော စံတန်ဖိုးများ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံရမည့် အခြေခံမူများ၊ လမ်းညွှန်အခြေခံမူများ၊ အကောင်အထည် ဖော်ရမည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြ မြေပုံတို့ကို ဤပဋိညာဉ်၏ အစိတ်အပိုင်း (၁) တွင် ဖော်ပြခဲ့ပြီးသည်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို စုပေါင်း အင်အားဖြင့် ကြိုးပမ်း ဆောင်ရွက်ကြမည့်သက်ဆိုင်ရာအင်အားစု အသီးသီးတို့ကလည်း သန္နိဋ္ဌာန်ချမှတ် ကတိပြု ကြပြီး ဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အစိတ်အပိုင်း (၁) တွင် ဖော်ပြထားသည့် ဦးတည်ချက်၊ ရည်ရွယ်ချက်များကို လက်တွေ့ အကောင်အထည် ဖော်ရန်နှင့် ရှေ့ဆက်သွားမည့် နိုင်ငံရေးလမ်းပြ မြေပုံအဆင့်ဆင့်အား လက်တွေ့အကောင် အထည်ဖော်ခြင်းဖြင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အလို့ငှာ ကြားကာလတွင် အခြေခံ ရမည့် “ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အစီအမံများ (Interim Constitutional Arrangements)” ကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၂) အဖြစ် အတည်ပြု ပြဋ္ဌာန်းလိုက်သည်။ ဤကြားကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အစီအမံများ၏ သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီး စတင်အသက်ဝင် သည့်အချိန်အထိဖြစ်သည်။

ဓါင်း(1)

ပိုန်ကယောင် ပ္လချာင် ကဒါ့ဘည်ခမိုတံင်ရျံရုံ့ဥပဒေ ခနားဇိုချီုင်

1. နံင်ရေဲန်ဟာဝ်းအလိုီးအန် တေါဲင်ကခံပ်ကယည်ဇိုင်းကာန် ပိုန်နံင်ဘုံပ်ရေဲန်ဒီန် တောပ်ပည်ကညာအာဏာဆိုက်ဖေဝ် ကာည်း ဘိုူရ်ဆနီတ်ဒေင်ကညာအာဏာဖေဝ်ဂဲ မောကံပ်ဓေါတ် ရာ်ကမာ််ပြာည် ၊ မောကံပ်လေ့ဒဲေ့ ဘည်ခမိုတံင်ရျံရုံ့ဥပဒေ ၊

2. ကနာည် ပျံတ်ဓေါတ် ရာ်ကမာ််ပြာည် တောပ်ပည်ကညာအာဏာဆိုက်ဖေဝ် ကာည်း ဘိုူရ်ဆနီတ်ဒေင်ကညာအာဏာဖေဝ်ဂဲ ကာည်း ကနာည်ပျိုူဝ်ကုင်ကပိုမ် ဗဲ့တ်ဒရဲရ်ဒီမို ကရေဆီဒီန် နံင်ဖူ့တော ရေဲန်ပါင်မိုန်ဒါင်းကုင်၊ ပိုန်ကယောင် အီကန္ဓေရ် အီတောပ် ရဲင်ဘွောမ်ခမိုပါဒို့ဒိုည်။

3. နံင်ပြိုူဝ်ပ္လရီတ်မံင် **ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်း** အီနံင်အွံရ်ရေဲန်ဟာဝ်း အလိုီးအန် ပိုန်ကယောင်ကကာမ်း ကာည်း ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင် ချုံန်မှော ချုံန်အုံန် အီတောပ်ခေဲင် ပဋိညာဉ်ဗဲ့တ်ဒရဲရ်ဒီမိုကရေဆီ ဒေါန်(1)၊

4. **ကာ််မ်မတီကနာည်းကုံန်ရံရ်ကုင်ကပိုမ်**ဒီန် နံင်ပ္လပျဍာန်ဒဲ့ ဘည်ကပိုမ်ခမို၊ ဇိုင်းကပ္လိုူင် ကာည်းပိုန်ဘိုူန်းရေဲန် တပိုန်ပြိုူဝ့် **ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုူဝ်းခနားဇိုချီုင်** ဒါပိုန်ကမိုန်ဘ္လဆဖော ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်း ၊

5. နံင်ရေဲန်ဘည်လိုကပိုမ်ခမို ကနာည်ဇိုချီုင်တိုက်ဓိုူန်း ဗဲ့တ်ဒရဲရ်ဒီမိုကရေဆီ ကာည်း နံင်ပ္လပျဍာန်ဒဲ့ ဘည်ကပိုမ်ခမို၊ ဇိုင်းကပ္လိုူင် ကာည်း ပိုန်ဘိုူန်းရေဲန် ၊

6. ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်းဒီန် နံင်ကိုက်ပ္လေ့ ဘည်ပ္လချာင်ဘြဲဆား အူဒံင်ခ္လါည်းရာင်ပိုူင်။

အခန်း (၁)
ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံ၏ ရည်ရွယ်ချက်

၁။ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆိုအပြီးတိုင် ချုပ်ငြိမ်းရေးကိုဦးတည်သည့် လုပ်ငန်းစဉ်များနှင့် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်သည်အထိ လိုအပ်သည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

၂။ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံး ပါဝင်သော ပြည်သူ့ညီလာခံတစ်ရပ်ကို စတင်ခေါ်ယူ ကျင်းပရန်၊

၃။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၁) ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့်ဆင့်တို့ကို ဦးဆောင်အကောင်အထည်ဖော်မည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီအား အတည်ပြု ဖွဲ့စည်းရန်၊

၄။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းကာ ၎င်း၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်၊

၅။ ဖက်ဒရယ်ဒီမိုကရေစီ တော်လှန်ရေးကာလအတွက် လိုအပ်သောစုဖွဲ့မှုများကို ပြုလုပ်ရန်နှင့် ၎င်းတို့၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်၊

၆။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှုအစီအမံများရေးဆွဲရန်၊

ခါင်း(2)
ပါင်မိုန်ဒါင်းကုင်

ပိုန်ကယောင်

7. ကပိုမ်ရဲင်ဘွေဘာမ်ခမို ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ကနာည်ဆနီတ်ကညာအာဏာဖေဝ် မောကံပ်ရာ်,ကမာ်;ပြာည်ပောည်, ကာည်း ပျို့ဝ်,ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီဒီန် ကနာည်ကမိုန်ပ္လရီတ်မံင် တံင်ဖူးမူဂဲ၊ မူဝါဒဂဲ၊ မဟာဗျူဟာ ကာည်း ကခံပ်ကယည် ဘည်အူဒံင်ဖိုချိုင်ခွါည်း၊ လံပ်အရေးတိုင်ကုင်၊ လံပ်ဘြောင်ရှိုန်းခြီရ်၊ လံပ်ကတ့်မ်ကာည်း လံပ်တိုက်ယား;ဆနီတ်ကညာအာဏာဖေဝ်ဂဲဒီန် စီပဲန်ရေဲန် ပါင်မိုန်ဒါင်းကုင်နီန် ။

ကခံပ်ကယည်ကာည်းဇိုင်းကပ္လိုင် ဘည်ခမိုရေဲန်ပါင်မိုန်ဒါင်း

8. ကောင်ဆံရ်အွံ့ရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ဘုံပ်အွံ့ရ်ရေဲန် ပါင်မိုန်ဒါင်းတိုအီးကုင်/ ပါင်မိုန်ဒါင်းကုင်။ ကနာည်နံင်ဘယ်ရေဲန် ပါင်မိုန်ဒါင်းကုင် မောကံပ်အော်င်ဘယ်ဒီန် ဘုံပ်ကိက်ပ္လေ့ ထုင်ဇာမ်ဘည်ရေဲန်ဘည်ဘာည်း ပါင်မိုန်ဒါင်းကုင် ။

9. နံင်တောပ်ကနာည်းကိုန်ရံရ် ဖုင်ခမိုဂဲရခြူမ်နီန် ဖုင်ဂဲအီဖြော်မ်ဆဖော ပဋိညာဉ်ခဲ့တ် ဒရဲရ် ဒီမိုကရေဆီ တပါင်မိုန်ဒါင်းကုင်။

(က) တောပ်ပည် ကာ်မ်မတီကနာည်းကိုန်ရံရ်ကုင်ကပိုမ်၊ ဆဲ့ဒီန် ကနာည်းကိုန်ရံရ်ဂဲ အီကတူးရံရ်; ၊

(ခ) ပါတီအရေးတိုင်ကုင်ဂဲ ၊

(ဂ) သမဂ္ဂဂဲ ၊ ကောန်အီပုံန်ဂဲ ၊ ဖုင်ကပါင်းတိုအီးအယာတ် တောပ်ပည်ဖုင်ကောန် တဘိုက် ကာည်းစံရ်ခြိုဝ်းဘွေဂဲ၊ ဖုင်အီလီပ် CDM တောပ်ပည်ကဲအီရံပ် ဇိုင်း ကပ္လိုင် အီတောပ်ခဲင် လံပ်ဆံင်ခံတ်ဆနီတ်ကညာအာဏာဖေဝ် ၊ ဖုင်ကပါင်းဂဲ အီယို့ဝ်, မှိုန်း ၊

(ဃ) ဖုင်ကပါင်းကောန်တိုင်ကုင် အီယို့ဝ်,တိုက်မှိုန်းဂဲ ၊

(င) ဖုင်ကပါင်း/ကောင်ဆံရ် အီတံင်ဖူ့ တကနာည်းကိုန်ရံရ်ကာည်းခြိုဝ်း ကပိုန်/ ခဲ့တ်ဒရဲရ်ယူနီတ် ခနားဖိုချိုင် ။

10. ဖုင်ဂဲ အီတောပ်ခဲင် ပါင်မိုန်ဒါင်းကုင်နီန် ကဲမိုးကနာည်းကုံန်ရုံရ်အီလီပ်ဘောင် လီပ်တြား တဖုင်ဆေဖုင်အုံန်၊ ဘုံပ်ကရောမ်ရဲန်ဟာဝ်းအလိုးအန် တောပ်ဘည်ပုံန်ဘ္လ တပါင်မိုန်ဒါင်းကုင် ။

11. **ဇိုင်းကပ္လုံင်ကာည်း ပုံန်ဘိုန်းရဲန်**

ပါင်မိုန်ဒါင်းကုင်ဒီန် ဘုံပ်ရဲန်ဟာဝ်းအလိုးအန် ဇိုင်းကပ္လုံင် ကာည်း ကခံပ် ကယည်ဇိုင်းကာန် ရခြူမ်ဂဲနီန် ။

(က) ကနာည်ပျူဝ်, ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ အီတံင်ဖူးတ ဘည်ဘိုန်းဂေါည် မှူမ်လောတ်လာပ်၊ ကဒိုဝ်းအိုမ်ဘံန်း၊ တြားဖြေင်ကဒိုဝ်း ကာည်း ဘိုန်းဘြောင် ချှာင်ရာင်ဆေရာင်အုံန်ဒီန် နံင်အွံရ်ဒဲ့ဒေင် ၊ ကကာ့ဇိုင်းကပ္လုံင် ပဲန်ဘဝ်ကိုက် ဘဝ်ဂေါ။

(ခ) ကမိုန်ပ္လရီတ်မံင် တံင်ဖူးမူဂဲ မူဝါဒ ၊ မဟာဗျူဟာ ကဒါ,အရေးတိုင်ကုင်၊ လံပ်ဘြောင်ရှုန်းခြီရ် ၊ လံပ်ငိုပ်မေန်ကဇောည်၊ လံပ်ကတုံမ် ကာည်းလံပ်တိုက် ယာ့ဆနီတ်ဒေင်ကညာအာဏာဇေဝ်ဂဲဒီန် ။

(ဂ) ကမိုန်ပ္လရီတ်မံင်ပဋိညာဉ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ပုံန်ဘ္လဆဖောဟြာင်းဟိုက် ကောင် ဆံရ် အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း(ယာယီ) ။

(ဃ) ပြိုဝ်းပျေဲ့ဖုင် **ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း** အီတောပ်ကနာည်းကုံန်ရုံရ် ယိုဝ်,တရဲင်ဘ္လောမ်ခမို အီရောတ်ဒေ့တ ပါင်မိုန်ဒါင်းကုင်။

(င) ပ္လရီတ်မံင်ဒဲ့ **ဘြောင်ချှာင်ကုင်လံပ်ကရောမ်ခြိုဝ်း(NUG)** ။

(စ) ပါင်မိုန်ဒါင်းကုင်ဒီန် ကကျိုည်တိုရ်း မူဝါဒဟောည်, စီဘ္လ ပ္လရီတ်မံင်ဒဲ့၊ အမဒါင်း အုံန် နံင်ဘုံပ်ပ္လဒဲ့ဇိုင်းကာန် ပုံန်နံင်ရဲန် ကာည်း ဇီရ်ကျိုည်တိုရ်းမေန်း ဇိုင်းကာန်ပုံန်ရဲန် ။

(ဆ) ပါင်မိုန်ဒါင်းကုင်ဒီန် နံင်ဘုံပ် ပ္လရီတ်မံင်ဒဲ့ဖုင် ကာ်မ်မတီ ၊ ကောင်ဆံရ် ၊ ကာ်မ်မဆျှီန် ပုံန်ပြိုဝ်းလေ့ ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ။

(ဇ) ကမိုန်ပ္လရီတ်မံင် ကခံပ်ကယည်ဘည်ကထောက်ခ္လည်းရာင်ပိုင်လကၡဏာ ကာည်း ကခံပ်ကယည်ဇိုင်းကာန်ပုံန်နံင်ရဲန်အလိုးအန် ။

(ဈ) ပ္လရီတ်မံင် ဘည်ခမိုတံင်ရျုံရ်း့ဥပဒေ လံပ်ကထောက်ခ္လည်းရာင်ပိုင်လကၡဏာ ။

(ည) ကောင်ဆံရ်အွ့်ရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ဘုံပ်ပ္လဟောည်, ကခံပ်ကယည်ဇိုင်းကာန် ကဒါ,ဘည်ခမိုတံင်ရျုံရို့ဥပဒေ ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ၊ စီပ္လရီတ်မံင်အ့ဲန် တ ပါင်မိုန်ဒါင်းတိုအီးကုင်/ပါင်မိုန်ဒါင်းကုင် ။

12. ဘည်ရေဲန်ပါင်မိုန်ဒါင်း

(က) ဘုံပ်ရေဲန်ပါင်မိုန်ဒါင်းကုင် (6)ကျုံရ်အူလိူဝ်း ။

(ခ) ကုံန်ဟျုံတ်ဒေလို(ကုံန်ပျားဒေလို) ပါင်မိုန်ဒါင်းကမှည်မာ် ဘူိန်းရေဲန် ။

(ဂ) ကနာည်းကုံန်ရံရ် ကုံန်ဟိုက်(60%)ခဲေင်ပယာ့ ပါင်မိုန်ဒါင်းစီပဲန်စီအော်င်။ ဘည် ပဲန်ဘည်အော်င်ပါင်မိုန်ဒါင်း၊ ကောင်ဆံရ်အွ့်ရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ဘူိန်းဘ္လဒဲ့ ပုံန်အာဝ်ထာင်အာဝ်ထိုမ် ဘည်မို့ဘည်ဘာည်းအူနဲအူလေ့ ကုံန်ရောတ်ဒေဲ့ ၊ ပါင်မိုန်ဒါင်းကမှည်ဂဲဒီန် ။

13. ဘည်ပ္လ ပုံန်ဘ္လတပါင်မိုန်ဒါင်း

(က) ဘုံပ်ပ္လပုံန်ဘ္လ ဒါပုံန်ဆဖောရူမ် ပုံန်ဖြောမ်ဒူးအီဂို့ပ်ကျုံဝ်း(Sufficient Consensus) အီခ္လေါ့(65%)ခဲေင်ပယာ့။

အခန်း (၂)
ပြည်သူ့ညီလာခံ

ရည်ရွယ်ချက်

၇။ အာဏာရှင်စနစ်အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီအင်အားစုများ စုပေါင်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် အာဏာရှင်စနစ်တိုက်ဖျက်ရေးဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ မဟာဗျူဟာများနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာအစီအမံများ ညှိနှိုင်းဆွေးနွေး အတည်ပြု ဆောင်ရွက်ရန် ဤပြည်သူ့ညီလာခံကို ကျင်းပခြင်းဖြစ်သည်။

ညီလာခံဖွဲ့စည်းကျင်းပပုံ တာဝန်နှင့် လုပ်ငန်းစဉ်

၈။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီသည် ပြည်သူ့ညီလာခံကို ဦးဆောင်ကျင်းပရမည်။ ပြည်သူ့ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်သူ့ညီလာခံကျင်းပပုံ လုပ်ထုံးလုပ်နည်းများ ကို ရေးဆွဲရမည်။

၉။ ပြည်သူ့ညီလာခံတွင် အောက်ပါနယ်ပယ်များမှ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို သဘောတူ သော အစုအဖွဲ့များ၏ ကိုယ်စားလှယ်များပါဝင်မည်။

(က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ

(ခ) နိုင်ငံရေးပါတီများ

(ဂ) သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

(ဃ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ

(င) ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ် ကိုယ်စားပြုနှင့် လူမျိုးအခြေပြု အဖွဲ့အစည်း/ ကောင်စီများ

၁၀။ ဤပြည်သူ့ညီလာခံတွင် ပါဝင်သည့် အဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများအား တရားဝင်ကိုယ်စားပြုသူများဖြစ်၍ ပြည်သူ့ညီလာခံ၏ ဆုံးဖြတ်ချက်များအတိုင်း ရပ်တည်၍ ပူးပေါင်း အကောင်အထည် ဖော်ဆောင်ရမည်။

လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၁။ ပြည်သူ့ညီလာခံသည် အောက်ပါတာဝန်နှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(က) လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အခြေခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဖွဲ့စည်းတည်ထောင်သွားရန်အတွက် လမ်းညွှန်မှုများပေးရန်၊ မိတ်ဖက်များအဖြစ် တာဝန်ခွဲဝေမှု ပြုလုပ်သွားရန်။

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် အာဏာရှင်စနစ် တိုက်ဖျက်ရေး ဆိုင်ရာ အခြေခံမူများ မူဝါဒများ၊ မဟာဗျူဟာများ ကို ဆွေးနွေးအတည်ပြုရန်။

(ဂ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (ယာယီ)မှ သဘောတူတင်သွင်းသော ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်ကို ဆွေးနွေးအတည်ပြုရန်။

(ဃ) ပြည်သူ့ညီလာခံတက်ရောက်သည့် အင်အားစုအားလုံးမှ ကိုယ်စားပြုပါဝင်သော အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီအား ဖွဲ့စည်းရန်။

(င) အမျိုးသားညီညွတ်ရေးအစိုးရကို အတည်ပြုပေးရန်။

(စ) ပြည်သူ့ညီလာခံသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)တို့၏ မူဝါဒများကို သုံးသပ်ပြီး ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဓိက လုပ်ဆောင်သွားမည့် လုပ်ငန်းနယ်ပယ်များကို ချမှတ်ပေးခြင်းနှင့် ၎င်းတို့၏ ဆောင်ရွက်ချက်များကို သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရန်။

(ဆ) ပြည်သူ့ညီလာခံသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ဖွဲ့စည်းသော ကော်မတီ၊ ကောင်စီ၊ ကော်မရှင်များကို အတည်ပြုပေးရန်။

(ဇ) အသွင်ကူးပြောင်းမှုဆိုင်ရာ အစီအမံများနှင့် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုရန်။

(ဈ) အသွင်ကူးပြောင်းရေး ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရန်။

(ည) ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကို အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီမှ ချမှတ်ပြီး ပြည်သူ့ညီလာခံတွင် အတည်ပြုရန်

၁၂။ **ညီလာခံ ကျင်းပခြင်း**

(က) ပြည်သူ့ညီလာခံအား (၆) လ တစ်ကြိမ် ကျင်းပရမည်။

(ခ) လိုအပ်ပါက အရေးပေါ် ညီလာခံအားလည်း ကျင်းပနိုင်သည်။

(ဂ) ညီလာခံ ကိုယ်စားလှယ်များ၏ ၆၀ ရာခိုင်နှုန်းတက်ရောက်မှသာလျှင် ညီလာခံ အထမြောက်သည်။ ပုံမှန်ညီလာခံများတွင် မမျှော်လင့်ထားသည့် အကြောင်းတစ်စုံ တစ်ရာ ပေါ်ပေါက်လာသည့် အခြေအနေများနှင့် အရေးပေါ် ညီလာခံများတွင် ညီလာခံ အထမြောက်မှုကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီက ဆုံးဖြတ်နိုင်သည်။

၁၃။ ညီလာခံတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း

(က) လုံလောက်သော ဘုံသဘောတူညီမှု (Sufficient Consensus) ၆၅ ရာခိုင်နှုန်း ကျော်ဖြင့်ဆုံးဖြတ်ချက်ချမှတ်ရမည်။

ဓါင်း(3)
ကောင်ဆံရ်အွ့်ရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း

ပ်ုန်ကယေင်

14. ပ်ုန်ကယေင် ကောင်ဆံရ်အွ့်ရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း မို့ဘည်ရခြူမ်ဂဲနီန် ။

(က) ကနာည်အွ့်ရ် ယာမ်ရေဲန်ဇိုင်းကာန်အလှ်ိုးအန်ု အီတောပ်ခေဲင်ပဋိညာဉ် ပ်ုန်ကကာမ်း ပ်ုန်ကယေင် ကာည်း ဇိုင်းကာန်ယီုဝ်ဒေင်အရေးတိုင်ကုင် ၊

(ခ) ကနာည်ကမိုန်/ရေဲန်ခနားလူိဝ့်ပါင်မိုန်ဒါင်းကုင် ကာည်း ဒါဘည် ကရောမ်အွ့်ရ် ကနာည်ငူိပ်စေတ်မေန်းဒဲ့ ကဒါ့မူဝါဒ ယာမ်ရံပ်ဇိုင်းကပ္လိုင်ရေဲန် မူဝါဒ ကာည်း မဟာဗျူဟာပ်ုန်ပ္လအူန်း တပါင်မိုန်ဒါင်းတိုအီးကုင်၊

(ဂ) မောကံပ်ဘယ်ကပိုမ်ကရောမ်ပ်ုန်ကယေင်ကနေ့ရ် ရဲင်ဘ္လောမ်ခမိုဂဲပါ်ဒို့ ဒိုည့် ကနာည်လံပ်ထောည့်ပျံတ်ကမၥ့်ဓိုန် ကညာအာဏာဆိုက်ဖေဝ်၊ လံပ် ပျိုဝ့်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ကာည်း ကရောမ်ကမိုန်ဒဲ့ မောကံပ် တောပ် ရဲင်ဘ္လောမ်ခမိုပါ်ဒို့ဒိုည့် တောပ်ဘည်ပဋိညာဉ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ယာမ်ရေဲန်အလှ်ိုးအန်ု ကခံပ်ကယည်ဇိုင်းကာန်ဒါင်း ။

15. ဘ်ုပ်ခမိုပြိုဝ့်လေ့ ကောင်ဆံရ်အွ့်ရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း၊ ဒါကနာည်းကုန်ရံရ် ခမိုဖုင်ရခြူမ် ဂဲနီန် ။

(က) တောပ်ပည် ကာ်မ်မတီကနာည်းကုန်ရံရ်ကုင်ကပိုမ်၊ ဆဲ့ဒီန် ကနာည်းကုန်ရံရ်ဂဲ အီကတူ့ရံရ်ှ ၊

(ခ) ပါတီအရေးတိုင်ကုင်ဂဲ ၊

(ဂ) သမဂ္ဂဂဲ ၊ ကောန်အီပ်ုန်ဂဲ ၊ ဖုင်ကပါင်းတိုအီးအယာတ် တောပ်ပည်ဖုင်ကောန် တဘိုက် ကာည်းဓံရ်ခြိုဝ်းဘြေဂဲ၊ ဖုင်အီလီပ် CDM တောပ်ပည်ကဲအီရံပ် ဇိုင်းကပ္လိုင် အီတောပ်ခေဲင် လံပ်ဆံင်ခံတ်ဆနီတ်ကညာအာဏာဖေဝ် ၊ ဖုင်ကပါင်းဂဲ အီယူိဝ့် ဗီုန်း ၊

(ဃ) ဖုင်ကပါင်းကောန်တိုင်ကုင် အီယူိဝ့်တိုက်ဗီုန်းဂဲ ၊

(င) ဖုင်ကပါင်း/ကောင်ဆံရ် အီတံင်ဖူ့ တကနာည်းကုန်ရံရ် ကပိုန်/ဓဲ့တ်ဒရဲရ် ယူနီတ်/ ခြိုဝ်း ခနားဇိုချိုင် ။

16. ဒါရဲင်ဘ္ဘောာမ်တိုအီး အီရာမ်ဆံင်တောဝ ဘ်ုပ်ခမိုပြိုဝ်ႋအူန်း ဖုင်အီအွံရ်ပါင် (သဘာပတိ) ၊ ဖုင်ချာင်ဇိုင်းကာန်ကဒါ့ရဒေင်(နီး)ပိင်ပျာ ခဲင်ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း။

ဇိုင်းကပ္လိုင် ကာည်း ပိုန်ဘိုန်းရေန်

17. ဇိုင်းကပ္လိုင် ကာည်း ပိုန်ဘိုန်းရေန် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း အုန်မိုႋ ဘည်ရခြူမ်ဂဲနီန် ။

(က) နံင်ဘ်ုပ်အွံရ်ကိက် ပိုန်နံင်ထောည့်ပ္လဟောည့် ပဋ္ဌိညာဉ်ဗဲ့တ်ဒရဲရ်ဒီမိုကရေဆီ ပါင်မိုန်ဒါင်တိုအီးကုင် ။

(ခ) နံင်ဘ်ုပ်ကရောမ်ကရဲမ်ဆဘ်ႋနေဘႋဖိူမ် ကာည်း ကရောမ်ကမိုန်၊ ကနာည် ရဲင်ဘ္ဘောာမ်ခမိုဂဲ ပိုန်ကယေင်ရူမ်ဒေင်ကနေ့ရ် ကရောမ်တောပ်လီပ်ဒို့အလိုးအန်ု ပါဒို့ဒိုည့်၊ ကနာည်လံပ်ထောည့်ပျံတ်ကမဘ်ႋစိန် ကညာအာဏာဖေဝ်ကာည်း လံပ်ပျိုဝ့်ကုင်ကပိုမ်ဗဲ့တ်ဒရဲရ်ဒီမိုကရေဆီ ။

(ဂ) နံင်ဘ်ုပ်ကမိုန်ပ္လ ဇိုင်းကဒါ့မူဝါဒ၊ ရံပ်ဇိုင်းကပ္လိုင်ပါင်မိုန်ဒါင်း ဇိုချိုင်ပါင်မိုန်ဒါင်း တိုအီးကုင် အူလိူဝ်ႋခနားအူလိူဝ်ႋ ။

(ဃ) နံင်ဘ်ုပ်ကိက်ပ္လမဟာဗျူဟာဇိုင်းကာန်ဒါင်း ကနာည်ဘိူရ်ဆနီတ်ကညာအာဏာ ဖေဝ်တောပ်ပည်ကညာအာဏာဆိုက်ဖေဝ်မောကံပ်ကမဘ်ႋပြာည် ကာည်း ကနာည်ပျိုဝ့်ကုင်ကပိုမ်ဗဲ့တ်ဒရဲရ်ဒီမိုကရေဆီ၊

(င) တောပ်ဘည်ပဋ္ဌိညာဉ်ဗဲ့တ်ဒရဲရ်ဒီမိုကရေဆီ နံင်ဘ်ုပ်အွံရ်ဒဲႋ ၊ ငိူပ်စေတ်မေန်း ၊ ကရောမ်ကမိုန် ကဒါ့မူဝါဒ အီတံင်ဇူႋတောဲင် ဘည်ခမိုတံင်ရျံရ်ႋဥပဒေ2008 အီဟောည့်ယံတ်ဓါတ်(ပိုန်အာဝ်ဒါ) ယာမ်ရေန်အလိုးအန်ု အီမိုႋပိုန်ပ္လရီတ် မံင်အူန်း ခံပ်ကယည် မဟာဗျူဟာဇိုင်းကာန်ဒါင်း ၊

(စ) နံင်ဘ်ုပ်ကမိုန်ပ္လဟောည့် ပိုန်ပ္လချာင် ကဒါ့ဘည်ခ္လါည်းရာင်ပိူင်ဂဲဒီန် နံင်ဘ်ုပ် ပြာင်းဟိုက် ၊ တိူဝ်ႋလာည်းပိုန်ပ္လရီတ်မံင် ပါင်မိုန်ဒါင်းကုင်၊

(ဆ) နံင်ဘ်ုပ်အွံရ် ကခံပ်ကယည် ဇိုင်းကာန်ကိက်(ပံပ်ဂြိူမ်) ဘည်ခမိုတံင်ရျံရ်ႋဥပဒေ အူဒံင်ခ္လါည်းရာင်ပိူင် ကာည်း ပံပ်ဂြိူမ်ဒီန် နံင်ဘ်ုပ်လာည်း ပိုန်ပ္လရီတ်မံင် ပါင်မိုန်ဒါင်းကုင် ။

(ဇ) နံင်ဘုံပ်အွံရ်ယာမ်ရေန်ဇိုင်းကာန်ကဒါ, ဘည်ခမိုတံင်ရျံရုံ့ဥပဒေဓဲတ်ဒရဲရ်ဒီမိုကရေဆီ အီမိုးပုံန်ဟောည်,ပြာင်းဟိုက် ဘိုူန်းပုံန်ပ္လရီတ်မံင် တပါင်မိုန်ဒါင်းကုင် ၊

(ဈ) ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်းဒီန် နံင်ဘုံပ်ရုပ်ဇိုင်းကပ္လိုူင် ပါင်မိုန်ဒါင်းကုင် ၊

(ည) ဘိုူန်းမှာန်း(ဖိက်ပါင်း) တီုင်ကပ္လိုူင်ဘြောင်ချာင်ကုင်ဂဲ အီကဆ်င် တောပ်ဘည်မိုး့ဘည်ဘာည်းပုံန်ကမိုန် ဟိုက်ပါင်ကမိုန်ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်း ၊

(ဋ) ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်းဒီန် မောကံပ်ဘယ်ရေန်ဇိုင်းကာန် အလှိုးအနုံ ကံပ်ကရောတ်ကဒေဲ့၊ တောပ်ဘည်လိုအုံန် ဘိုူန်းခမိုပြိုူဝ်း့ **ဖုင်ကဓောည်ဒေင်(နီုး)ပိင်ဂျာ** ။

ကာ်မ်မတီ၊ ကာ်မ်မဆျှီန် ကာည်း ဖုင်ရေန်ဇိုင်းကာန်

18. ကနာည်ပျိုူဝ်,ကုင်ကပိုမ်ဓဲတ်ဒရဲရ်ဒီမိုကရေဆီ တောပ်ဘည်ကဏ္ဍာ ဘည်လိုအုံန် မောကံပ်ဘယ်ကဘားတည်းရေန်ဒီန် ဘုံပ်ခမိုပြိုူဝ်း့ဖုင် ဒါအီလီပ်ဖုင်၊ ဖုင်ကပါင်း ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်း၊ ဆဲ့ဒီန် ဒါဘိုး ကနာည်းကုံန်ရုံရ် ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုူဝ်း(NUG)။ ယာမ်ခမိုပြိုူဝ်း့ဖုင်ဒီန် ဘိုူန်းပြိုူဝ်း့ပျေဲ့ တောပ်ဘည်လိုအုံန် ကာ်မ်မတီဂဲ ၊ ကာ်မ်မဆျှီန်ဂဲ ကာည်း ဖုင်ရေန်ဇိုင်းကာန် လံပ်ကရောမ်ကမိုန်(Joint Coordination Committees, Commissions and Working Groups) အီတောပ်ကဲအီနံပ်ဆမား ကဏ္ဍာမှောကဏ္ဍာအုံန် အီပြာင်းဟိုက်ဓြာင်းဇိုဝ်တ ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်း ကာည်း ဘြောင်ချာင်ကုင်လံပ်ကရောမ် ခြိုူဝ်း ။

19. ကာ်မ်မတီဂဲ ၊ ကာ်မ်မဆျှီန်ဂဲ ကာည်း ဖုင်ရေန်ဇိုင်းကာန် လံပ်ကရောမ်ကမိုန် ပုံန်ပြိုူဝ်း့လေ့ ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်းဒီန် ကဲနံင်ဘုံပ်ကိက် ဇိုင်းကာန်ကပ္လိုူင်ဂဲ ကရီးကတီးဒဲ့အုံန်ကဘ္လာင်း၊ နံင်ဘုံပ်တီုဝ်း့လာည်း ပုံန်ကမိုန်ပ္လရီတ်မံင် တကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်း။ ကာ်မ်မတီ ၊ ကာ်မ်မဆျှီန်ဂဲဘိုူန်းပြိုူဝ်း့အာပ်ဒဲ့ဇိုင်းကပ္လိုူင် **တဖုင်ကဓောည်ဒေင်ပိင်ဂျာ** ဒါပုံန်ပ္လရီတ်မံင်(ပုံန်ဘ္လဆေဖာ) ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုူဝ်း။

အခန်း (၃)
အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ

ရည်ရွယ်ချက်

၁၄။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့်နိုင်ငံရေးလမ်းပြမြေပုံများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင်ရန်၊

(ခ) ပြည်သူ့ညီလာခံက ချမှတ်လိုက်သောမူဝါဒနှင့် မဟာဗျူဟာများကို တာဝန်ခံအကောင်အထည်ဖော်ရာတွင် ပြည်သူ့ညီလာခံတစ်ခုနှင့်တစ်ခုအကြား ညှိနှိုင်းလုပ်ဆောင်ရန်နှင့် မူဝါဒရေးရာများအား စုပေါင်းခေါင်းဆောင်မှုဖြင့် ကြီးကြပ်မှုပေးရန်၊

(ဂ) စစ်အာဏာရှင် ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး အတွက် ဘုံပန်းတိုင်တူသော အင်အားစုများအားလုံးကို စုစည်းနိုင်ရန် နှင့် ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်နှင့်အညီ မဟာဗျူဟာ လုပ်ငန်းစဉ်များကို လက်တွေ့ အကောင်အထည်ဖော်ရေးတွင် အင်အားစုအားလုံး ပါဝင်လာနိုင် ရန် ပေါင်းစပ်ညှိနှိုင်း ပေးရန်။

ဖွဲ့စည်းပုံ

၁၅။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီကို အောက်ပါအစုအဖွဲ့များမှ ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းရမည်။

(က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ၊

(ခ) နိုင်ငံရေးပါတီများ

(ဂ) သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

(ဃ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ

(င) ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်/လူမျိုး ကိုယ်စားပြု အဖွဲ့အစည်း/ ကောင်စီများ

၁၆။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတွင်း၌ သဘာပတိအဖွဲ့၊ နည်းပညာဆိုင်ရာ အတွင်းရေးမှူးအဖွဲ့ တို့ကို သင့်လျော်သော လူဦးရေဖြင့် ဖွဲ့စည်းထားရှိရမည်။

လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၇။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(က) ပြည်သူ့ညီလာခံက အပြီးသတ်အတည်ပြုမည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ဦးဆောင် ရေးဆွဲရန်၊

(ခ) အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုများအားလုံး လက်တွေ့ ပူးပေါင်းပါဝင်လာရေးအတွက် စည်းရုံးစုစည်းရန် နှင့် ပေါင်းစပ်ညှိနှိုင်းရန်၊

(ဂ) ပြည်သူ့ညီလာခံ တစ်ခုနှင့်တစ်ခုအကြား ကာလများတွင် ညီလာခံအား တာဝန်ခံ၍ မူဝါဒရေးရာကိစ္စရပ်များကို ဆွေးနွေးချမှတ်ရန်၊

(ဃ) စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေး၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အတွက် မဟာဗျူဟာ ရေးဆွဲချမှတ်ရန်၊

(င) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ ချမှတ်အတည်ပြုထားသော မဟာဗျူဟာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပျက်ပြယ်ပြီးဖြစ်သည့် အခြေခံပေါ်မူတည်၍ မူဝါဒ ဆိုင်ရာ ဦးဆောင်မှု ပေးရန်၊ ကြီးကြပ်ထိန်းကျောင်းရန်နှင့် ပေါင်းစပ်ညှိနှိုင်းရန်၊

(စ) အသွင်ကူးပြောင်းမှုဆိုင်ရာ အစီအမံများကို ဆွေးနွေးချမှတ်၍ ပြည်သူ့ညီလာခံသို့ တင်ပြကာ အတည်ပြုချက်ရယူရန်၊

(ဆ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး လုပ်ငန်းစဉ်ကို ဦးဆောင်ရန်နှင့် အဆိုပါမူကြမ်းကို ပြည်သူ့ညီလာခံ၌ အတည်ပြုချက် ရယူရန်၊

(ဇ) ပြည်သူ့ညီလာခံသို့ တင်ပြကာ အတည်ပြုချက်ရယူထားသော ဖက်ဒရယ်ဒီမို ကရေစီဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင်ရန်၊

(ဈ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီသည် ပြည်သူ့ညီလာခံကို တာဝန်ခံ ရမည်။

(ည) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ အစည်းအဝေးများတွင် ဆွေးနွေးမည့် အကြောင်းအရာအလိုက် အမျိုးသား ညီညွတ်ရေးအစိုးရ၏ သက်ဆိုင်ရာ ဝန်ကြီး များကို ဖိတ်ကြားနိုင်သည်။

(ဋ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီသည် လုပ်ငန်းများထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းပညာအထောက်အကူပြု အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

ကော်မတီ၊ ကော်မရှင်များ နှင့် လုပ်ငန်းအဖွဲ့များ

၁၈။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကို ဖော်ဆောင်ရေးအတွက် လိုအပ်မည့် ကဏ္ဍအလိုက် ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီအဖွဲ့ဝင် အဖွဲ့အစည်းများအပြင် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ၏ ကိုယ်စားလှယ်များ ဖြင့် ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ နှင့်အမျိုးသား ညီညွတ်ရေး အစိုးရ တို့မှ အမည်စာရင်း တင်သွင်းသည့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်သူများ ပါဝင်သည့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီများ၊ ကော်မရှင်များနှင့် လုပ်ငန်းအဖွဲ့များ (Joint Coordination Committees, Commissions and Working Groups) စသည်တို့ကို လိုအပ်သလို ဖွဲ့စည်းနိုင် သည်။

၁၉။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ဖွဲ့စည်းလိုက်သည့် ကော်မတီ၊ ကော်မရှင်များ နှင့် လုပ်ငန်းအဖွဲ့များသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတိကျစွာ ရေးဆွဲပြီး အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတွင် ဆွေးနွေး အတည်ပြုချက်ရယူရမည်။ ကော်မတီ၊ ကော်မရှင်များသည် သက်ဆိုင်ရာ **နည်းပညာအထောက်အကူပြုအဖွဲ့**များကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ် နိုင်သည်။

ဗါင်း(4)
ဒိုင်းကပ္ဍိုင် ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဗိုချိုင်

20. ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ဘုံပ်ရေန်အလိုးအန် ပုံန်ကယေင်လံပ်အရေးတိုင်ကုင်၊ ပုံန်ကကာမ်းကယေင်ဂဲ ကာည်း ဒိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင် အီတောပ်ခဲေင်ပဋ္ဌိုညာဉ် ။

21. ကနာည်နံင်ဘယ်ရေန်ဟာဝ်းအလိုးအန် ကခံပ်ကယည်ဒိုင်းကာန်ရအာည်, ပုံန်ပ္လအူန်းကောင်ဆံရ်အွံရ်ဒိုင်းလံပ်ကရောမ်ခြိုဝ်းဒီန် ဘုံပ်ကဘားတည်းရေန်တောပ် ပါတီလံပ်ကိုက်ဂေါအရေးတိုင်ကုင်၊ ဖုင်ကောန်တိုင်ကုင် အီယိုဝ်,တိုက်မှိုန်းဂဲ၊ ဖုင်ကပါင်းတိုအီးကုင်/ရဝ်(အယာတ်)ဂဲ ။

22. ကနာည် **ပျံတ်ဓေါတ်ရာဲ့,ကမာ်ႏ ဆနီတ်ကညာအာဏာဖေဝ်** ကာည်း ပျိုဝ်,ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီဒီန် ဖုင်ဘြောင်ချာင်လံပ်ကရောမ်ခြိုဝ်း ဘုံပ်ရေန်ဟာဝ်း ဘုံပ်ပ္လမူဝါဒ ကာည်း မဟာဗျူဟာ တောပ်ဘည်မဟာဗျူဟာ ပုံန်အွံရ်ကိက်အူန်းကောင်ဆံရ်အွံရ်ဒိုင်းလံပ်ကရောမ်ခြိုဝ်း။

23. **လံပ်အရေးတိုင်ကုင်**

(က) တောပ်ဘည် ပုံန်ကကာမ်း၊ ပုံန်ကယေင်၊ ဒိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင် အီတောပ်ခဲေင်ပဋ္ဌိုညာဉ်၊ တောပ်ဘည်တိုင်ကပ္ဍိုင်မှောတိုင်ကပ္ဍိုင်အံုန် ဘုံပ်ပ္လရေန်ဟာဝ်းအလိုးအန်၊ မူဝါဒကာည်း ကခံပ်ကယည်မဟာဗျူဟာဒိုင်းကာန်ဒါင်းဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း။

(ခ) ကနာည် ဘူိရ်(ဂါဂါဆိင်မိုႏ)ဆနီတ်ကညာအာဏာဖေဝ် တောပ်ပည်ဆနီတ်ကညာအာဏာဆိုက်ဘြာန်ဖေဝ်ကဲ မောကံပ်ကမာ်ႏဟြာည်ဒီန် ဘုံပ်ဒါဒေင်ဂည်နဲရေန်ဟာဝ်း လံပ်အရေးတိုင်ကုင်၊ လံပ်ဘြောင်ရှိုန်းခြိရ်၊ လံပ်ငိုပ်မေန်ကဓောည်၊ လံပ်ကုင်ဟံရ်ကာည်း **လံပ်ကတူည်,ကဘားကုင်ဟံရ်** ၊ လံပ်ကတံမ်ကာည်းဒံန်ခြဲ ဂဲဒီန် ။

(ဂ) ဘည်အီမိုႏယန္တရားပုံန်ဘြောင်ချာင် ဆိုက်ဘြာန်အီကဖါ,အာဏာကုင် အီတကိုတ်ထိပ်ညဲ့ကယာင်ဖေဝ် တိုအီးကုင်(ကူန်ရဝ်မာဂါင်)ဒီန် ဒဲႏအံုန်ဇံင်းဒါ့်

ဘ္ဍာ်ညီး၊ မောဇိုင်းကာန် ပိုန်ရေန် ကဆိုဝ်ဗြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇိုချိုင် ကံပ်ရေင်ကံပ်ဘ္လောမ်ဒါင်း ဘိုပ်ကမိုန်ရေန်ဟာဝ်းတောပ် ကောင်ဆံရ် အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ။

(ခ) ကနာည်ပျိုဝ်ႇကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ဘိုပ်ရေန်တောပ်ကဒါႇမူဝါဒ ဘည်အွံရ် **ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း(NUCC)** ။

(ဂ) မောကံပ်ဘယ်ဘြဲဆား/ပျံတ်ဓိုန် ဥပဒေအီတက်ုတ်ထီပ်ည္ဒဲ့ တိုအီးကုင်/ရဝ်ပါဒ္ဒိႇ ဒို့ည်ႇဒီန် ကိက်ပြာင်းဟိုက် ဥပဒေဂြိုမ် အီဘယ်ဒေကတော့ကတောင်ဒံန်ခြဲ တံင်ဖူးအခွါင်းအရေးတိုအီး၊ တောပ်ဘည်ဓါင်း(5) တိုဝ်ႇလာည်းပိုန်ပ္လရီတ်မံင် လံပ်ပ္လဥပဒေခနားဇိုချိုင် ၊ နံင်ဘိုပ်ရေန်ဟာဝ်းအလှီးအန်ခ လံပ်ဘိုန်းဂေါည် ကတိုမ် ကာည်း လံပ်ဘ္လိုက်လှုပ်ဘြားဥပဒေ တိုအီးကုင်(ကူန်ရဝ်မာဂါင်)ဂဲ ။

(ဃ) ကနာည်ပဲန်ဟာဝ်းကတိုက်ကဘားဘည်ရည်းဓိုန်းတိုအီးကုင် တောပ်ပည်တို အီးကုင်/ကူန်ရဝ်မာဂါင် ဆံင်ခံတ်အာဏာ အာဝ်တောပ်ကယာင်ဖေဝ် ဆီဒီအဲမ် (Civil Disobedience Movement) ဒီန် နံင်ဆိုပ်ရေန်ဟာဝ်း ဒါပိုန်လိုအ်ုန် ဘည် ကဇိုင်ကဖောည်၊ ဆဘ်နှောဖို့မ်၊ ကရောမ်ကရေမ် ၊ လည်ကမိုန် ၊ ဘည်ကရောမ်အွံရ် ဂဲဒီန်။

(င) တံင်ရျံရ်ဒီယိုဝ်ႇ လံပ်ဘဏ္ဍာ ၊ လံပ်ဗြောင်ရှုန်းခြီရ် (ရှိုန်းလီပ်) အီနံင်ပဲန် ပိုန်ကဖောည် တယန္တရားဘည်ကယာင်ဖေဝ် ဖုင်ဆိုက်ဘြာန်အီကဖါႇအာဏာ ကုင် မောကံပ်ယောမ်ကံပ်ဗြော၊ ဘိုပ်ကရောမ်တောပ်တိုအီးကုင် ၊ ဖုင်ကပါင်းဂဲ အီဒဲ့ရေင်ထောက်ခါမ် ဘည်ရည်းဓိုန်း လံပ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ ခေင်ကုင် ရှိုဝ်ႇကုင် ။

(စ) ကနာည်ကခံပ်ကယည်မဟာဗျူဟာဇိုင်းကာန်ဒါင်းပိုန်ရေန် မောကံပ်ချာ်န်း ဖါည်း တပိုန်ကကာမ်းလံပ်အရေးတိုင်ကုင် ဗြောင်ချာင်ကုင်လံပ်ကရောမ် ခြိုဝ်းခနားဇိုချိုင်ဒီန် နံင်ပနိုက် ပိုန်လို လံပ်ဘဏ္ဍာ၊ လံပ်ဗြောင်ရှုန်းခြီရ် ဘိုပ်ကရောမ်တောပ်တိုအီးကုင်ဂဲ၊ တိုအီးပုဂ္ဂိုလ်အီဒဲ့ရေင်ထောက်ခါမ် ဘည် ရည်းဓိုန်း လံပ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီကုင်ကပိုမ် အီဂေါည်ခေင်ကုင်ရှိုဝ်ႇကုင် ။

(ဆ) ဘည်အာဝ်ရံပ်ရိုၣ် အာဝ်တူိဝ်ၣ်ကနေၣ် တဲၢ်ဖုင်ဆီိက်ဘြာန်ကဲ နံင်ဘုံပ် ကရောမ် တောပ်ဖုင်ကပါင်းဂဲ(ပါဒိုၣ်ဒိုည်ၣ်) အီဒဲၣ်ရဲင်ထောက်ခါမ် ဘည်ရည်းဗျိုန်း လံပ်ဓဲ့တ် ဒရဲရ်ဒီမိုကရေဆီကုင်ကပိုမ် တဖိုရံမ်တောန်ကုင် ၊ တပါင်ကမိုန်ပါဒိုၣ်ဒိုည်ၣ် ။

24. လံပ်ကုင်ဟံရ်

(က) ကနာည်လံပ်ပျိုဝ်ၣ်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီဒီန် နံင်ဘုံပ်ရေန်ဟာဝ်း ဒဲၣ်လံပ်ဘြောင်ချာင်ကုင်တောန်ကုင်ဂဲ ရံပ်ရိုၣ်တူိဝ်ၣ်ကနေၣ်၊ ဒဲၣ်ရဲင်ထောက်ခါမ် ကာည်း ကရောမ်ကရေမ်ရေန်ရှူမ် ။

(ခ) တောပ်ဘည်မူဝါဒကုင်ဟံရ် နံင်ကရောမ်ကရေမ်ရေန်တောပ် ကုလသမဂ္ဂကံမ် ဖာ၊ ဘြောင်ချာင်ကုင်တောန်ကုင်ဂဲ ၊ နံင်ရေန် မောကုင်တောန်ကုင်ဂဲ ကံပ်ရံပ် ရိုၣ်ဒဲၣ်အုန်လီပ်ဘောင်လီပ်တြား တဲၢ် ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ။

(ဂ) တောပ်ဘည်ဥပဒေတောန်ကုင်ဂဲ၊ နံင်ရေန်မောကံပ်ဘိုန်းဂြိရ်ၣ်ရောည်တည်း တပ္လိၣ်ဘဲၣ်ဖြောမ်တောန်ကုင် အီဘယ်ဒေကတေၣ်ကတေင် ကုင်ကပိုမ်ကာည်း တိုအီးကုင်/ကူန်ရဝ်မာဂါင် အီဂေါည်ခေင်ကပိုမ် ။

(ဃ) နံင်ကရောမ်ရေန် ကခံပ်ကယည်မဟာဗျူဟာ ဇိုင်းကာန်ဒါင်းတောပ်ကုင်ဘဝ် ကီိက်ဂေါ အီဒဲၣ်ရဲင် တဲၢ်ဘည်ရည်းဗျိုန်း လံပ်ဓဲ့တ်ဒရဲရ်ဒီမိုကရေဆီ။

(င) ဒါဒေင်လံပ်ကတူည်ၣ်ကဘားကုင်ဟံရ်(သံတမန်နည်း) ရေန်ဟာဝ်း ကနာည်ဒဲၣ် ကုင်တောန်ကုင်ဂဲ တူိဝ်ၣ်အရေးဘိဒေင် ကံပ်ကရောတ် ကာည်း တူိဝ်ၣ်အရေး စွည်တြား တလူမ်တြားကံမ်ဖာ တဲၢ်ဖုင်ဆီိက်ဘြာန်အီကဖါၣ် အာဏာကုင် ။

25. လံပ်ဘြောင်ရှိုန်းခြီရ်

(က) မောရှိုန်းလီပ်ကံပ်ယောမ်ဘြွေဟာဝ်း အီမိုၣ်တံင်ချုံရ်ၣ်လံပ်ဘဏ္ဍာ ၊ လံပ်ဘြောင် ရှိုန်းခြီရ် အီနံင်ပဲန်ကဇိုင်ကဓောည်တဲၢ်ဘည်ပုံန်ကယာင်ဇေဝ် ဖုင်ဆီိက်ဘြာန် အီကဖါၣ်အာဏာကုင်ဒီန် နံင်ကရောမ်ရေန်တောပ် ဖုင်ကပါင်းခေင်ကုင်ရှိုဝ်ၣ်ကုင် **အီမှိုဝ်ၣ်ကဘ္လာင်းပ္လါင်ပ္လါၣ်** ၊ **မှိုဝ်ၣ်ဘည်ရံပ်လာည်းဇိုင်းကပ္လိုင်** အီတောပ်ဘည်ချုံန် ဇာရ် (စံနှုန်း)တောန်ကုင်ဂဲ ။

(ခ) နံင်ရေန်ဟာဝ်း ဒဲၣ်မှိုဝ်ၣ်ရှိုန်းလီပ်တ တိုအီးကုင်ဂဲ၊ တံင်ဇူၣ်လံပ်ဘြောင်ရှိုန်းခြီရ် ၊ ဘည်ကပါ်ၣ်ကပံန်ရှိုန်းနှာင် မောကံပ်ဇာ်ၣ်လ ၊ မောကံပ်ဘယ်ပနိုက် ရှိုန်းနှာင်ပုံန်လိုဒါ တိုအီးကုင်/ကူန်ရဝ်မာဂါင်ဂဲ ။

(ဂ) နံင်ရေဲန် ပ္လကခံပ်ကယည်ဇိုင်းကာန် ကနာည်ဘယ်ဒဲ့လံပ်ဒံန်ခြဲ ကာည်း ဘယ်ပယောမ်ဒဲ့ **ဇိုင်းကာန်ဍ္လျုဝ်း** လံပ်ဘြောင်ရှုန်းခြိရ် အီနံင်ရောတ်ဒေဲ့တောဲင် တိုအီးကုင် ဂေါ့ပုန်ဘာည်းဖုင်ဆိုက်ဘြာန်အီကဖါ့အာဏာကုင်ဒီန်။

(ဃ) နံင်ဇူ့ရေဲန်ဟာဝ်း ကနာည်ကိက်မူဝါဒ လံပ်ဘြောင်ရှုန်းခြိရ် အီကပျားတောပ် တဇိုချိုင် ပျိုဝ်ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ။

26. လံပ်ငိုပ်မေန်ကဇောည်

(က) ဘည်တောပ်လီပ်ဒေဲ့တောန်ခေတ်ကာပ် လံပ်တိုက်ယား့ဆနိတ်ဒေင်ကညာ အာဏာဇေဝ် ဆာ်အာဝ်မို့ ကောန်တိုင်ကုင်တောန်ဗံရ်ခြိုဝ်းဂဲအီကတူ့ဘုံပ်ဒဝ် ကထောက်ဟာဝ်းခြုပ်ဂေါည်ကုင်ဟံရ် ဂေါ့ဘည်တကိုတ်ထီပ်ညွဲ့ဆဂေ လံပ် ဇိုင်းကာန်ဆိုက်၊ လံပ်ဘြောင်ရှုန်းခြိရ်၊ လံပ်ငိုပ်မေန် ဆနိတ်ဒေင်ကညာအာဏာ ဇေဝ်ကဲဒီန် ကဲကိုန်ဆိင်ဗီရ်ပြာင်းပ္လါ့ဘေဲ့ ဗီရ်မှာန်းဒေပဲန် ကောန်ကုင်ကပိုမ် (ဘြာန်) နံင်ရေဲန်ဒဲ့တကဲ မောကံပ်ဇာ့်လ ။ ဆဲ့ဒီန် ဘည်ကခံပ်ကယည် ဒဲ့ဘူန်းဂေါည် ခေဲင်ကုင်ကပိုမ်ဆေဆေဒီန်မာ် နံင်ချာင်ဒဲ့တကဲ ။

(ခ) နံင်ကရောမ်ရေဲန်တောပ် ဖုင်ကပါင်း ကုလသမဂ္ဂကံမ်ဖာ၊ ဖုင်အီကဇောည် တောန်ကုင်ဂဲ ၊ မောကံပ်ဘယ်ဒဲ့ **ပိုန်ကဇောည်ကဒါ့လံပ်ကဇေတိုအီးကနေ့ရ်** ကနာည်ကဲအီကတူ့ဘုံပ်ဒဝ် ဗိုန်ရဝ်ဂါင်၊ ကဲအီကတူ့ဘုံပ်ပ္လေဲဝ် လံပ်ဘြောင်ရှုန်း ခြိရ်ကဲ ကာည်း ဇိုဇာတ်ကဲဒီန် ။

(ဂ) ထာန်ဘယ်နံင်ရေဲန်နံင်ချာင်ဒဲ့ ကနာည် **လံပ်ဟောမ်ဒါဘည်ဂေါည်** တံင်ဇူ့ချုံန် တိုအီး ကဲအီရေဲန်အူဆည်းဟောမ်အူဆည်းဒီန် ။

(ဃ) နံင်ရေဲန်ဟာဝ်း မောကံပ်ဘူန်း ဒေင်ပိင်ပျာ ပိုန်ကဇောည် **ကညာပိင်ပျာ အီနံပ်ဆမား** အီရောတ်စာ်မ်း ကုင်ဟံရ်တောန်ကုင်ဂဲ။

27. လံပ်ကတုံမ်ကာည်းလံပ်ဒံန်ခြဲ

(က) ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း နံင်ကမိုန်တောပ် ကောင်ဆံရ်အွံရ်ဇိုင်းလံပ် ကရောမ်ခြိုဝ်း၊ နံင်ဘုံပ်ကိက် ကခံပ်ကယည် လံပ်ဒံန်ခြဲ ကနာည်ဇိုင်းကဒါ့ လံပ်ကတုံမ် ကာည်းဒံန်ခြဲတိုအီးကုင်၊ လံပ်ဒံန်ခြဲကုင်ကပိုမ် ။

(ခ)　ဘြောင်ချှာင်ကုင်လံပ်ကရောမ်ခြိုဝ်းခနားဗိုချိုင်ဒိန် နံင်ဘုံပ်ပ္လ ရဲန်ချာ်န်းချာ်န်း ကခံပ်ကယည် လံပ်ဒံန်ခြဲတိုအီးကုင် ကနာည် မောကံပ်ဘယ်ဒံန်ခြဲဒဲ့ လံပ်ဘ္လိုက်လှုပ်တြားဥပဒေ ကာည်း လံပ်ကတုံမ် တိုအီးကုင် ။

(ဂ)　ဘြောင်ချှာင်ကုင်လံပ်ကရောမ်ခြိုဝ်းခနားဗိုချိုင်ဒိန် ယာမ်ချှာင်လံပ်ဒံန်ခြဲ တိုအီးကုင် ကနာည်ဒံန်ခြဲဒဲ့တိုအီးကုင် အီဂေါည်ခဲင် ကပိုန်ဆေကပိုန်အုံန်၊ နံင်ရုံပ်ရိုဲ့တိူဝ်ဲ့ကနဲ့ ကမိုန်ရဲန်တောပ် ဓှါင်းကဏ္ဍ ဖုင်ကပါင်းကောန်တိုင် ကုင်အီယှိုဝ်ဲ့တိုက်ဗှိုန်း အီဂေါည်အီရည်းခဲင်ကပိုန်ဒိန် ။

အခန်း(၄)
ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ

၂၀။ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် ဤပဋိညာဉ်ပါ နိုင်ငံရေးရည်ရွယ်ချက်များ၊ ဦးတည်ချက်များနှင့် နိုင်ငံရေးလမ်းပြမြေပုံကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂၁။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီမှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လက်တွဲ လုပ်ဆောင် ရမည်။

၂၂။ အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှ ဦးဆောင်ရေးဆွဲထားသော မဟာဗျူဟာများနှင့်အညီ အမျိုးသားညီညွတ်ရေးအစိုးရက မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(က) ပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များ၊ နိုင်ငံရေးလမ်းပြမြေပုံတို့နှင့်အညီ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအလိုက် ချမှတ်အကောင်အထည်ဖော်ရမည်။

(ခ) စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံခြားရေးနှင့် သံတမန်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ရမည်။

၂၃။ **နိုင်ငံရေး**

(က) ပြည်သူလူထုကို အကြမ်းဖက် ဖိနှိပ်လျက်ရှိသည့် အာဏာသိမ်းစစ်အုပ်စု၏ စီမံအုပ်ချုပ်မှုယန္တရားများကို ချိနဲ့ရပ်တန့်စေပြီး၊ ကြားကာလ အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် ၎င်း၏ အကောင်အထည်ဖော်လုပ်ဆောင်မှုများ ခိုင်မာအားကောင်းစေရန် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်မည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ထောင်ရေးအတွက် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ၏ မူဝါဒရေးရာ ဦးဆောင်မှုနှင့်အညီ ဆောင်ရွက်မည်။

(ဂ) ပြည်သူလူထုတစ်ရပ်လုံးကို ဖိနှိပ်သော ဥပဒေများကို ပြင်ဆင်ပယ်ဖျက်နိုင်ရန်၊ အခြေခံလူ့အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သော ဥပဒေကြမ်းများကို ရေးဆွဲအဆိုပြု၍ ကြားကာလဥပဒေပြုရေး အခန်း (၅) နှင့်အညီ အတည်ပြု ချက်ရယူပြီး ပြည်သူတို့၏ လုံခြုံရေး နှင့် တရားဥပဒေ စိုးမိုးရေးတို့ကို အကောင်အထည် ဖော်ဆောင်ရွက်မည်။

(ဃ) **အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement)** အပါအဝင် လူထုလှုပ်ရှားမှုများ စဉ်ဆက်မပြတ် ဆက်လက်ဖြစ်ပေါ်နေ စေရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှု၊ စည်းရုံးမှု၊ စုစည်းမှု၊ ညှိနှိုင်းမှု၊ စုပေါင်းခေါင်းဆောင်မှုများဖြင့် ဆက်လက် အကောင်အထည်ဖော်မည်။

(င) အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ယန္တရားကို အထောက်အပံ့ဖြစ်စေသည့် စီးပွားရေး နှင့် ဘဏ္ဍာရေး အရင်းအမြစ်များကို လျော့ပါးချိနဲ့စေရန် ပြည်တွင်းပြည်ပ ဖက်ဒရယ် ဒီမိုကရေစီအရေးလှုပ်ရှားမှုအား ထောက်ခံသော အဖွဲ့အစည်းများနှင့်အတူ ပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည်။

(စ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်များကို အလျင်အမြန်ရောက်ရှိရန် ဆောင်ရွက်သော မဟာဗျူဟာလုပ်ငန်းစဉ်အတွက် လိုအပ်သော စီးပွားရေးနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို ပြည်တွင်းပြည်ပရှိ မြန်မာ့ဖက်ဒရယ်ဒီမိုကရေစီအရေး လှုပ်ရှားမှုအား ထောက်ခံသော လူပုဂ္ဂိုလ်များနှင့်အတူ ပြည်သူများနှင့် ပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်မည်။

(ဆ) နိုင်ငံတကာဖိုရမ်များ၊ အစည်းအဝေးများအားလုံးတွင် စစ်အုပ်စုအား အသိအမှတ် မပြုရေးကို မြန်မာ့ဖက်ဒရယ်ဒီမိုကရေစီ အရေးလှုပ်ရှားမှုအား ထောက်ခံသော အဖွဲ့အစည်းများ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်မည်။

၂၄။ **နိုင်ငံခြားရေး**

(က) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတကာ အစိုးရ များမှ အသိအမှတ်ပြုရေး၊ ထောက်ခံရေးနှင့် ပူးပေါင်းဆောင်ရွက်လာရေး အတွက် ဆောင်ရွက်သွားမည်။

(ခ) နိုင်ငံခြားရေးမူဝါဒအရ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကြားကာလအမျိုး

သားညီညွတ်ရေးအစိုးရအား နိုင်ငံတကာအသိုက်အဝန်းက တရားဝင်အသိ အမှတ်ပြုလာစေရေး ဆောင်ရွက်မည်။

(ဂ) နိုင်ငံတကာဥပဒေများနှင့်အညီ ပြည်ထောင်စုနှင့် ပြည်ထောင်စုအတွင်းရှိ ပြည်သူလူထုအား အကာအကွယ်ပေးနိုင်မည့် နိုင်ငံတကာစာချုပ်စာတမ်း များအား လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်မည်။

(ဃ) ဖက်ဒရယ်ဒီမိုကရေစီအရေးလှုပ်ရှားမှုအား ထောက်ခံသော မိတ်ဖက်နိုင်ငံများ နှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ကို ပူးပေါင်း ဆောင်ရွက်မည်။

(င) အာဏာသိမ်းစစ်အုပ်စုအား နိုင်ငံတကာအသိုက်အဝန်းက ထိရောက်စွာ ပိတ်ဆို့အရေးယူနိုင်ရေးနှင့် နိုင်ငံတကာတရားရုံးများတွင် တရားစွဲဆိုအရေး ယူနိုင် ရေးအတွက် သံတမန်နည်းလမ်းများဖြင့် ဆောင်ရွက်မည်။

၂၅။ **စီးပွားရေး**

(က) အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို အထောက်အပံ့ဖြစ် စေသည့် စီးပွားရေးနှင့်ဘဏ္ဍာရေးအရင်းအမြစ်များကို လျော့ပါးချိနဲ့သွားစေ ရန် နိုင်ငံတကာ စံနှုန်းများ ကို လိုက်နာ၍ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုရှိသော ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း ဆောင်ရွက်မည်။

(ခ) ပြည်သူလူထု၏ အခြေခံစီးပွားရေးကောင်းမွန်လာစေရန်၊ ငွေကြေးစီးဆင်း လည်ပတ်မှု အဆင်ပြေချောမွေ့စေရန်နှင့် ငွေကြေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဆောင် ရွက်မည်။

(ဂ) အာဏာသိမ်းစစ်အုပ်စု၏ လုပ်ရပ်များကြောင့် ပြည်သူလူထုအပေါ်တွင် ဖြစ်ပေါ်လာမည့် စီးပွားရေးဝန်ထုပ်ဝန်ပိုးများကို အကာအကွယ်ပေးနိုင်ရေး နှင့် ဖြေလျှော့ပေး နိုင်ရေးတို့အတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(ဃ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကာလနှင့် ကိုက်ညီ သည့် စီးပွားရေး မူဝါဒရေးဆွဲရန် စတင်ဆောင်ရွက်မည်။

၂၆။ **လူမှုရေး**

(က) အာဏာရှင်စနစ်တိုက်ဖျက်ရေးတွင် ခေတ်အဆက်ဆက် ပါဝင်လာခဲ့ခြင်း သို့မဟုတ် အာဏာရှင်စနစ်၏ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးအရဖိနှိပ်ရက်စက် ခြင်းတို့ကြောင့်နိုင်ငံတကာတွင် ရွှေ့ပြောင်းနေထိုင်ရသည့် တိုင်းရင်းသားလူ မျိုးပေါင်းစုံတို့အား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားလိုပါက

အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးရမည်။ ထို့ပြင် မြန်မာနိုင်ငံတွင်း အမြဲတမ်းနေထိုင်ခွင့်ဆိုင်ရာ အစီအမံများကိုလည်း စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) အာဏာသိမ်းစစ်အုပ်စု၏ ဖိနှိပ်အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာရသူများ၊ လူမှုစီးပွားနှင့် ဘဝရပ်တည်မှု ထိခိုက်ရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပေးနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာအကူအညီ ပေးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(ဂ) လက်လုပ်လက်စား အခြေခံလူတန်းစားများ၏ စားဝတ်နေရေး အဆင်ပြေစေရေး အတွက် တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်မည်။

(ဃ) နိုင်ငံတကာသို့ ရောက်ရှိနေကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှုများအား ရယူနိုင်ရေး ဆောင်ရွက်ရမည်။

၂၇။ **လုံခြုံရေးနှင့် ကာကွယ်ရေး**

(က) ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီနှင့်ညှိနှိုင်း၍ ပြည်သူ့လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စု ကာကွယ်ရေးတို့အတွက် အမျိုးသားအဆင့် ကာကွယ်ရေး အစီအမံ များကို ရေးဆွဲအကောင်အထည်ဖော်ရမည်။

(ခ) ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လုံခြုံရေးကို အကာအကွယ်ပေးနိုင်ရေးအတွက် ပြည်သူ့ကာကွယ်ရေး အစီအမံကို အမြန်ဆုံး ချမှတ် ဆောင်ရွက်ရမည်။

(ဂ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် သက်ဆိုင်ရာ ပြည်နယ်အတွင်းရှိ ပြည်သူများအားကာကွယ်ရန် ပြည်သူ့ကာကွယ်ရေးအစီအမံကို ဆောင်ရွက်သည့်အခါ ပြည်နယ်အတွင်း အခြေစိုက်လှုပ်ရှားနေသည့် တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရင်း ညှိနှိုင်းဆောင်ရွက်ရမည်။

စါင်း(5)

လံပ်ပ္လဥပဒေ ခနားဖိုချိုင်

လံပ်ကိက်ပ္လဥပဒေကုင်ကပိုမ်ခဲ့တ်ဒရဲရ်

28. ကနာည်ခနားဖိုချိုင် အာဏာပ္လဥပဒေ ကုင်ကပိုမ်ခဲ့တ်ဒရဲရ်ဒီန် အုဲန်ဂေါည်လိုည်တကဲ အီကတူးရံရ်ုး တပ္လေါ်ည်ရံရ်ုးပါတီဂည်နဲ ဆန့်မ် 2020 ၊ အီမိုးကနာည်းကုဲန်ရံရ် ချုံန် ကုင်ကပိုမ် အီအာဝ်ကရောမ်ရေန်တောပ် ဖုင်ဆိုက်ဘြာန် အီကယာင်ဖေဝ်အီးကဖါ့ အာဏာကုင် ။

29. ဘုံပ်ခမိုပြုဝ်းဖုင် **ကာ်မ်မတီကနာည်းကုဲန်ရံရ်ကုင်ကပိုမ်** ဒါကဲအီဟောည့်ဘယ်ဒေး **တပ္လေါ်ည်ရံရ်ုးပါတီဂည်နဲ ဆန့်မ် 2020** ၊ အီဘ္လဆဖောဒေကရောမ်ရေန်အလိုးအနဲ ၊ အီရံပ်ရိုး**"ပဋိညာဉ်ခဲ့တါဒရဲရ်ဒီမိုကရေဆီ"** ကဲအီအာဝ်ကရောမ်တောပ် ဖုင်ဆိုက်ဘြာန် အီကယာင်ဖေဝ်အီး ကဖါ့အာဏာကုင်၊ ကဲအီမိုး ကနာည်းကုဲန်ရံရ် ပိုန်ဟည်ရံရ်ုး ချုံန်ကုင်ကပိုမ် ။

30. **ကာ်မ်မတီကနာည်းကုဲန်ရံရ်ကုင်ကပိုမ်** ဒီန် ယာမ်ရေန်ဇိုင်းကဒါ့လံပ်ပ္လဥပဒေ ခနားဖို ချိုင်ကုင်ကပိုမ်ခဲ့တ်ဒရဲရ်၊ ဘုံပ်ပ္လိုရ်ုးပျဌာန်းဒဲး ဥပဒေပိုန်လို တောပ်ဘည်မူဝါဒကာည်း မဟာဗျူဟာဇိုင်းကာန်ဒါင်း ပိုန်ပ္လအူန်း **ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း** ကနာည်မောကံပ်ဘယ်ရေန် ပိုန်ကကာမ်း၊ ပိုန်ကယေင် ၊ ဇိုင်းကာန်ယိုဝ်ဒေင် အရေးတိုင်ကုင် အီတောပ်ခေဲင် **"ပဋိညာဉ်ခဲ့တါဒရဲရ်ဒီမိုကရေဆီ"**။

31. **ကာ်မ်မတီကနာည်းကုဲန်ရံရ်ကုင်ကပိုမ်**ဒီန် တောပ်ဘည် ပဋိညာဉ်ခဲ့တ်ဒရဲရ်ဒီမိုကရေဆီ ဘုံပ်ဘြဲဆား ၊ ပျံတ်ဓိုန် ၊ ပ္လိုရ်ုးပျဌာန်း ဇိုင်းလံပ်ပ္လဥပဒေ ၊ ကမိုန်စီလာည်းပိုန်ဘ္လဆဖော ကဒါ့မူဝါဒ တောပ်ဘည်မဟာဗျူဟာမူဘောင်ဒါင်း အီမိုးပိုန်ကိက်ပ္လအူန်း **ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း** ။

32. တောပ်ဘည်ပဋိညာဉ်နီန် ကနာည်နံင်ရေန် ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင်ကာည်း မဟာဗျူဟာဇိုင်းကာန်ဒါင်း၊ ကနာည်ဘယ်ရေန်ဇိုင်းကာန်လံပ်ပ္လဥပဒေ ပိုန်လိုအုဲန်ဒီန် ဘိုန်းတော့ရေန်/ကမိုန် တကုဲန်ရံရ်ကုင်ကပိုမ် ။

33. ဘြဲဆား၊ ပျံတ်ဓိုန် အီမိုးဥပဒေ တကိုတ်ထိပ်ညွဲတိုအီးကုင်ပါဒို့ဒိုည့်၊ ဘုံပ်ကိက်ပျဌာန်း ဒဲးဥပဒေအီဘယ်ဒေဒံန်ခြဲတံင်ဇူးအခွါင်းအရေးတိုအီး။

အခန်း (၅)
ကြားကာလ ဥပဒေပြုရေး

ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုရေး

၂၈။ ကြားကာလအတွက် ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေပြုရေးအာဏာသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ခံရပြီး အကြမ်းဖက် အာဏာသိမ်း စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုသော ပြည်ထောင်စုအဆင့် လွှတ်တော် ကိုယ်စားလှယ်များ၌ တည်သည်။

၂၉။ ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး "ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်" ကို လက်ခံသဘောတူ၍ ပူးပေါင်း အကောင်အထည်ဖော်ရန် သဘောတူညီသော၊ အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုသော ပြည်ထောင်စုအဆင့် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ၏ ပါဝင်မှုဖြင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းရမည်။

၃၀။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် ဖက်ဒရယ်ပြည်ထောင်စု၏ ကြားကာလ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် "ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်" ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ နိုင်ငံရေးလမ်းပြ မြေပုံတို့နှင့်အညီ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ချမှတ်ထားသော မူဝါဒနှင့်မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်နိုင်ရေး အတွက် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းပေး ရမည်။

၃၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ဥပဒေပြုရေးကိစ္စရပ်များကို ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်အရ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ချမှတ်ရေးဆွဲထားသော မဟာဗျူဟာမူဘောင်များနှင့်အညီ မူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်းသဘောတူညီချက် ရယူ၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရမည်။

၃၂။ ဤပဋိညာဉ်နှင့်အညီ နိုင်ငံရေးလမ်းပြမြေပုံနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင် အထည်ဖော်ဆောင်ရန်အတွက် လိုအပ်သော ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု လွှတ်တော်ကို ခေါ်ယူကျင်းပနိုင်သည်။

၃၃။ ပြည်သူလူထုတစ်ရပ်လုံးကို ဖိနှိပ်သော ဥပဒေများအား ပြင်ဆင်၊ ပယ်ဖျက်၍ အခြေခံ လူ့အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရမည်။

ခါင်း(6)
လံပ်ဘြောင်ချာင် ခနားဇိုချိုင်

လံပ်ဘြောင်ချာင်ကုင်ကပိုမ်ခဲ့တ်ဒရဲရ်

34. ကနာည်ရေဲန်ဇိုင်းကာန် လံပ်ဘြောင်ချာင် ခနားဇချိုင် အလိုးအနဲ ၊ ဘိုပ်ခမိုပြိုဝ်ႏဖုင် **ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း** ။

35. ကဘ်မ်မတီကနာည်းကိုန်ရုံရ်ကုင်ကပိုမ်ဒီန် ယာမ်ပြိုဝ်ႏ ဘြောင်ချာင်ကုင်လံပ်ကရောမ် ခြိုဝ်း ၊ ဘိုပ်ခမိုပြိုဝ်ႏ ဒါပိုန်ကမိုန်ဘ္ဘဆဖော ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း။

36. **သမ္မတကုင်** ကာည်း **တာမ်သမ္မတဂါရ်** ကဲဒီန် ကဲမိုးအီဒါင်းကုင် မိုးကနာည်း ကိုန်ရုံရ်ကုင်ဟာဘ်ႇ ။

37. **တိုင်အွံရ်ကပ္လိုင်ကုင်ကပိုမ်ဒီန်** အ်ိုန်မိုးအီဒါင်း ဖုင်ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇိုချိုင်ဟာဘ်ႇ။

38. တိုင်အွံရ်ကပ္လိုင် ကုင်ကပိုမ် ကာည်း ဖုင်ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇို ချိုင်ဒီန် ဘိုပ်ရုံပ်ဇိုင်းကပ္လိုင် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ကာည်း ပါင်မိုန်ဒါင်းကုင်/ပါင်မိုန်ဒါင်းတိုအီးကုင် ။

39. ဒါပုဂ္ဂိုလ်တိုအီးရခြုမ်ဂဲနီန် ခမိုပြိုဝ်ႏဖုင်ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း ။
(က) သမ္မတကုင်
(ခ) ပုဂ္ဂိုလ်အွံရ်ဇိုင်းကုင်/ ကဝ်အွံရ်ဇိုင်းကုင်
(ဂ) တာမ်သမ္မတ(1)
(ဃ) တာမ်သမ္မတ(2)
(င) တိုင်အွံရ်ကပ္လိုင် ကုင်ကပိုမ်
(စ) တိုင်ကပ္လိုင်ဂဲ ကာည်း တာမ်တိုင်ကပ္လိုင်ကုင်ကပိုမ်
(ဆ) **တိုင်အွံရ်ကဖောည်ဥပဒေကုင်ကပိုမ်/ တိုင်အွံရ်ဥပဒေ**
(ဇ) တိုင်အွံရ်စေတ်မေန်းစြာင်း ကုင်ကပိုမ်

40. **ပုဂ္ဂိုလ်ကဝ်အွံ့ရဲ့ဇိုင်းကုင်ဒီန်** ကနာည်ဘယ်ရေနိဇိုင်းကာန်ယီဝ်ဒေဝ်အရေးတိုင်ကုင် ကာည်း ပုန်ကကာမ်းလံပ်အရေးတိုင်ကုင် ၊ ဘုံပ်ဒဲ့အကျုံမ်ပျာန် တဘြောင်ချောင်ကုင် လံပ်ကရောမ်ခြိုဝ်း တောပ်ဘည်မဟာဗျူဟာ အီမိုဲ့ပုန်ကိက်အူနီး ဘည်ပဋိညာဉ် ခဲ့တ်ဒရဲ့ ဒီမိုကရေဆီ ။

41. ဇိုချိုင်(အဆာက်)ရေနိဇိုင်းကာန် ပုဂ္ဂိုလ်ကဝ်အွံ့ရဲ့ဇိုင်းကုင်ဒီန် အုံနကနေ့ရဲ့တောပ် ဇိုချိုင် ဘြောင်ချောင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇိုချိုင်ဟာဲ့ ။

42. တိုင်အွံ့ရဲ့ကပ္လိုင်ကုင်ကပိုမ်ဒီန် ဘိုနီးအာပ်ဒဲ့ ဇိုင်းကပ္လိုင်ကာည်းပုန်ဘိုနီးရေနိတ ဖုင်အီမူဝ်ဲ့အာဏာ အူဖုင်အူဖုင် ပုန်ဟောည့်ကမိုန်တောပ် ကောင်ဆံရဲ့အွံ့ရဲ့ဇိုင်းလံပ် ကရောမ်ခြိုဝ်းဒီန်မာ်လ၊ တပုဂ္ဂိုလ်ဂဲ ၊ တပုဂ္ဂိုလ်အူကဝ်အူအီးမာ်လ ၊ ကနာည်ရေနိ ကိက်မူဝါဒကာည်း မဟာဗျူဟာဇိုင်းကာန်ဒါင်း ဘြောင်ချောင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇိုချိုင် ကာည်း ပုန်ကကာမ်း အီတောပ်ခေဲင်ပဋိညာဉ် ။

43. ဘြောင်ချောင်ကုင်လံပ်ကရောမ်ခြိုဝ်း ခနားဇိုချိုင်ဒီန် ကမိုန်ဟောည့် တောပ်ကောင် ဆံရဲ့အွံ့ရဲ့ဇိုင်းလံပ်ကရောမ်ခြိုဝ်း၊ ဘိုနီးကိက်ပ္လရီတ်မံင် ပျဉာန်း ပုန်ပ္လချောင် လံပ်ဘြောင် ချောင်ခနားဇိုချိုင် ချုံနကုင်ကပိုမ် ။

44. ကနာည်ရေနိ မူဝါဒကာည်းမဟာဗျူဟာဇိုင်းကာန်ဒါင်း ဘြောင်ချောင်ကုင်လံပ်ကရောမ် ခြိုဝ်းခနားဇိုချိုင် ၊ တောပ်ဘည်မူဝါဒ ကောင်ဆံရဲ့အွံ့ရဲ့ဇိုင်းလံပ်ကရောမ်ခြိုဝ်း အီလီပ်ဘောင်လီပ်ဘြား ပုန်ပ္လရီတ်မံင်ဒဲ့အူနီး တပါင်မိုန်ဒါင်းတိုအီးကုင် ၊ ဘုံပ်ခမိုပြိုဝ်ဲ့ ဖုင်ဘည်လိုအုံန် ဟောည့်ကရောမ်ကမိုန်ဒဲ့(Facilitate) တိုင်ကပ္လိုင်ဂဲအီကဆင် တောပ်ဘည်ကဏ္ဍမှောကဏ္ဍအုံန် ဒါကနာည်းကုံနရံရုံဂဲ၊ ကနာည်းကုံနရံရုံဖုင်ကောန် တိုင်ကုင် အီယူိဝ်ဲ့တိုက်ဗှိုန်းဂဲ၊ ပါတီအရေးတိုင်ကုင်ဂဲ ၊ ဖုင်ကပါင်တိုအီးအယာတ်ဂဲ ကာည်း ဒါဘိုးကဲဒါ့ကဲဟံရဲ့အီမှုမ်လီပ်တောပ် ။

45. သမ္မတကုင် ကုံနအာဝ်ဘယ်ဒေရံပ်ဇိုင်းကပ္လိုင်၊ တာမ်သမ္မတ(1) ဘုံပ်ရံပ်ဇိုင်းကပ္လိုင် ကနာည်းအုံန် ။ တာမ်သမ္မတ(1) ကုံနအာဝ်ဘယ်ဒေရံပ်ဇိုင်းကပ္လိုင် သမ္မတကုင် ၊ တာမ်သမ္မတ(2)ဘုံပ်ရံပ်ဇိုင်းကပ္လိုင်ပဲန်သမ္မတယာယီ။

အခန်း (၆)

ကြားကာလ အုပ်ချုပ်ရေး

ဖက်ဒရယ်ပြည်ထောင်စု အုပ်ချုပ်ရေး

၃၄။ ကြားကာလအုပ်ချုပ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အမျိုးသား ညီညွတ်ရေးအစိုးရကို ဖွဲ့စည်းရမည်။

၃၅။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် ကြားကာလအမျိုးသား ညီညွတ်ရေး အစိုးရကို ဖွဲ့စည်းရာတွင် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ ညှိနှိုင်းသဘော တူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၃၆။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုသော နိုင်ငံ့ဥသျှောင် အကြီးအကဲများဖြစ်သည်။

၃၇။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏ အကြီး အကဲဖြစ်သည်။

၃၈။ ပြည်ထောင်စုဝန်ကြီးချုပ်နှင့် ကြားကာလအမျိုးသား ညီညွတ်ရေးအစိုးရသည် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ပြည်သူ့ညီလာခံအား တာဝန်ခံရမည်။

၃၉။ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်။

(က) နိုင်ငံတော်သမ္မတ

(ခ) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

(ဂ) ဒုတိယသမ္မတ (၁)

(ဃ) ဒုတိယသမ္မတ (၂)

(င) ပြည်ထောင်စုဝန်ကြီးချုပ်

(စ) ပြည်ထောင်စုဝန်ကြီးများ နှင့် ဒုတိယဝန်ကြီးများ

(ဆ) ပြည်ထောင်စုရှေ့နေချုပ်

(ဇ) ပြည်ထောင်စုစာရင်းစစ်ချုပ်

၄၀။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ နိုင်ငံရေး လမ်းပြမြေပုံ နှင့် နိုင်ငံရေးရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့်အညီ ရေးဆွဲထားသော မဟာဗျူဟာအရ အမျိုးသားညီညွတ်ရေးအစိုးရကို အကြံပေးရမည်။

၄၁။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် ကြားကာလအမျိုးသား ညီညွတ်ရေး အစိုးရ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၄၂။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ပဋိညာဉ်ပါ ဦးတည်ချက်များနှင့် ကြားကာလ အမျိုးသား ညီညွတ်ရေးအစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းလျက် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်များအား လည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်နိုင်သည်။

၄၃။ ကြားကာလအမျိုးသားညီညွတ်ရေး အစိုးရသည် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီနှင့်ညှိနှိုင်း၍ ပြည်ထောင်စုအဆင့် ကြားကာလ အုပ်ချုပ်ရေး စီမံချက်ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်သည်။

၄၄။ ပြည်သူ့ညီလာခံက တရားဝင်အတည်ပြုပေးထားသည့် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ၏ မူဝါဒများနှင့်အညီ ကြားကာလ အမျိုးသားညီညွတ်ရေး အစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင် ရွက်ရန်အတွက် ကဏ္ဍ အလိုက် ကော်မတီနှင့် ကော်မရှင်များကို သက်ဆိုင်ရာ ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းပေးပြီး (Facilitate) လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သူများဖြင့် လိုအပ်သလို ဖွဲ့စည်းရမည်။

၄၅။ နိုင်ငံတော်သမ္မတသည် တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင် ဒုတိယသမ္မတ (၁) က နိုင်ငံတော် သမ္မတ ကိုယ်စား တာဝန်ထမ်းဆောင်ရမည်။ ဒုတိယသမ္မတ (၁) သည် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင် ဒုတိယသမ္မတ (၂) က ယာယီသမ္မတအဖြစ်တာဝန်ထမ်းဆောင်ရမည်။

ဗှါင်း(7)

လံပ်ဘ္ဂွံက်ချာင်တြား ခနားဗို့ချိုင်

46. တောပ်ဘည်ကဏ္ဍလံပ်ဘ္ဂွံက်ချာင်တြား ခေဲင်ခနားဗို့ချိုင် ၊ ဆနီတ်ဒေင်လံပ်ဘ္ဂွံက်ချာင်တြား အီမိုးတအိုမ်ဘြည်ကတာည်း ဖုင်ကောန်တိုင်ကုင်အီယှိုဝ်,တိုက်ဗှိုန်း အီမှိုဝ်း/ ဂေါည်အူန်း ခေဲင်ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဒီန် အုန်မိုးလှိုည်လံမ်ကဲ အီလီပ်ဘြာင်လီပ်တြား။

47. ဘည်အာဏာဘ္ဂွံက်ချာင်တြား ကုင်ကပိုမ်ဓဲ့တ်ဒရဲရ် ခေဲင်ခနားဗို့ချိုင်ဒီန်လူမ်တြား တိုအီးအယာတ် အီမိုးပိုန်ရံပ်ရိုးအူန်း “ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်း”မာ်လ၊ ဆနီတ်ဒေင်လံပ်ဘ္ဂွံက်ချာင်တြားတိုအီးအယာတ် အီဟည်ပြိုဝ်းမှိုဝ်းအူန်း ချွံန်မော ချွံန်အုန် ခေဲင်အိုမ်ဘြည်ကတာည်း ဖုင်ကောန်တိုင်ကုင်အီယှိုဝ်,တိုက်ဗှိုန်းဂဲမာ်လ အုန်ဘုပ်မှိုဝ်း ။ ဘှိုန်းဒါ လူမ်တြား ကာည်း ဆနီတ်ဒေင်လံပ်တြားဂဲဒီန် တအာဏာ ဘ္ဂွံက်ချာင်တြား၊ ဘုပ်မိုးဆနီတ်ဒေင်လံပ်ဘ္ဂွံက်ချာင်တြား လောတ်လာပ် အီတြားကဒှိုဝ်းအီမ်ဘာန်း။

48. တောပ်ဘည်လံပ်ဘ္ဂွံက်ချာင်တြား ခေဲင်**ကပိုန်/ဓဲ့တ်ဒရဲရ်ယူနီတ်**[A] ကနာည် ကုန်လို (ကုန်ဟျုံတ်ဒေလို)ကဘ္ဂာင်းပျဆနာ ပိုန်ကထင်ကကံန်းကြေား့ဒီန် ကောင်ဆံရ် အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ဘုပ်ခမိုပြိုဝ်းဒဲ့ဖုင် ဒါ **ကနာည်းကုန်ရံရ်အီဘှိုန်းဘ္ဂွံက်ချာင်တြားဂဲ** အီယှိုဝ်,အရာပ်ဆေအရာပ်အုန်တ **ကာ်မ်မတီလံပ်ကရောမ်ကမိုန်ကဒါ့ လံပ်တြား** ။

49. ဘ္ဂွံက်ချာင်တြား ဓဲ့တ်ဒရဲရ်ကပိုန် ကာည်း ဓဲ့တ်ဒရဲရ်ယူနီတ်ဂဲ အီလီပ်ဖုင် ကုင်ကပိုမ်ဓဲ့တ်ဒရဲရ်ဂဲဒီန် ကဲဘှိုန်းဘ္ဂွံက်ချာင်တြားလလမှူမ်မှူမ် ၊ ဘုပ်လှိုည်ရံပ်ဇိုင်း ကပ္လှိုင် အီမိုးတြားဥပဒေ။ ဥပဒေထုင်ရှိဘိုဇေန်အီအာဝ်ဆံင်ခံတ် တအခွါင်းအရေး တိုအီးမာ် ဘုပ်ရံပ်ရိုးဒါတောပ်။

50. ဆဲ့ဒါ့ပ္လွေဝ်ဥပဒေအူနဲ ဂေါ့ပိုန်တဂေန်း ပိုန်ကျာမ်အီရဲန်ဇေဝ်းမာ်လ၊ ဂေါ့အဂတိမာ်လ ၊ တောပ်ဘည်ပိုန်ဘ္ဂွံက် ကဒါ့လံပ်ဘ္ဂွံက်ချာင်တြားအုန်၊ ဘုပ်ဒဲ့အုန်လောတ်ဓဲ့ ဘည်စွည်တြားတိုဝ်းအရေး တဘ္ဂွံက်ချာင်တြား ခနားဗို့ချိုင် ။

51. အမိင်(ဆာ်အာဝ်မိုး)ပိုန်ဘ္ဂလူမ်တြားအူလူမ်ခနားဗို့ချိုင်ဒီန် အုန်ဘုပ်မှိုဝ်း**ဘည်ကတာ်န်း ရီတ်မံင်** တေါင်အီကဆင်ပါဒို့ဒိုည့် ကာည်း ယန္တရားလံပ်ဘြောင်ချာင် ပါဒို့ဒိုည့်။

[A] ကပိုန်ကာည်း အရာပ်တိုင်းဒါင်း အရာပ်မှောဒေါန်မှော တောပ်ဘည်အရေးတိုင်ကုင်၊ လံပ်ဘြောင်ချာင် ဘည်ဘာည်းကဇေန်းနီး ၊အူဒံင်ခနားဗို့ချိုင်နီန် အယ်တောဒါ့ကပိုန်/ဓဲ့တ်ဒရဲရ်ယူနီတ်။

အခန်း (၇)

ကြားကာလ တရားစီရင်ရေး

၄၆။ ကြားကာလအတွင်း တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စုတွင် ရှိရင်းစွဲ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေများတွင် ၎င်းတို့၏ တရားစီရင်ရေး စနစ်သည် တရားဝင်ဖြစ်သည်။

၄၇။ ကြားကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စု၏ တရားစီရင်မှုအာဏာသည် "အမျိုးသား ညီညွတ်ရေးအစိုးရ" က အသိအမှတ်ပြုထားသော အရပ်ဘက် တရားရုံးများတွင် လည်းကောင်း၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေများအတွင်း ဖွဲ့စည်းတည်ရှိထားရှိသည့် အဆင့်ဆင့်သော အရပ်ဘက် တရားစီရင်ရေးစနစ်တွင်လည်းကောင်း တည်ရှိရမည်။ တရားစီရင်ရေးအာဏာကို အဆိုပါ တရားရုံးများနှင့် တရားရေး စနစ်များတွင် ကျင့်သုံးပိုင်ခွင့်ရှိပြီး လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် ဖြစ်ရမည်။

၄၈။ ပြည်နယ်/ဖယ်ဒရယ်ယူနစ်များ[1]အတွင်း တရားစီရင်ရေးနှင့် ပတ်သက်ပြီး အငြင်းပွားမှု များအား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါက ဖြေရှင်းဆောင်ရွက်ရန်အတွက် အမျိုး သားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက တရားရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော် တီကို သက်ဆိုင်ရာဒေသများမှ တရားစီရင်ခွင့်အာဏာပိုင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေး ရမည်။

၄၉။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ဖက်ဒရယ်ပြည်နယ်များနှင့် ဖက်ဒရယ်ယူနစ်ရှိ တရားသူကြီး များသည် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိပြီး တရားဥပဒေကိုသာ တာဝန်ခံ ရမည်။ လူ့အခွင့်အရေးများနှင့် မဆန့်ကျင်သော ရိုးရာဓလေ့ထုံးတမ်း ဥပဒေများကိုလည်း လေးစား လိုက်နာကျင့်သုံးရမည်။

၅၀။ ကြားကာလ တရားသူကြီးများအား တင်ကူးကြံရွယ်ချက်ကြောင့်သော်လည်းကောင်း၊ အဂတိကြောင့်သော်လည်းကောင်း ဥပဒေချိုးဖောက်ခြင်းမှတစ်ပါး ၎င်းတို့၏ တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး အရေးယူ တရားစွဲဆိုခံ ရခြင်းမှ ကင်းလွတ်စေရမည်။

၅၁။ ကြားကာလအတွင်း တရားရုံးတစ်ခု၏ အမိန့်တစ်ရပ် (သို့) ဆုံးဖြတ်ချက်သည် သက်ဆိုင်သူ အားလုံးနှင့် အုပ်ချုပ်ရေးယန္တရားအားလုံးအပေါ် စည်းနှောင်မှုရှိရမည်။

---

[1] ယခုလက်ရှိဖြစ်တည်နေသော နိုင်ငံရေး၊ အုပ်ချုပ်ရေးအခြေအနေအရ ပြည်နယ်နှင့် တိုင်းဒေသကြီး အပိုင်းအခြားများကို ကြားကာလအတွင်းတွင် ပြည်နယ်/ဖက်ဒရယ်ယူနစ်ဟု ခေါ်ဆိုသည်။

ခါ်င်း (8)

လံပ်ဘြောင်ချာင် ၊ လံပ်ပ္လဥပဒေ ကာည်း လံပ်ဘ္လံက်ချာင်ဘြား ကပီုန်/ဓဲ့တ်ဒရဲရ်ယူနီတ်

52. တံင်ဖူးဒါ ဘည်ပျိုဝ်,ဓဲ့တ်ဒရဲရ် အီတောပ်တ ပဋိညာဉ်နီန် တောပ်ဘည်ဘိုန်းဘြောင်ချာင် ကပီုန်/ဓဲ့တ်ဒရဲရ်ယူနီတ်ဂဲ ရာင်ဆေရာင်အ်ုန်ဒီန် ဘုံပ်ခမိုပြိုဝ်ႇဟာဝ်းပွံတ် ဘည်လိုအ်ုန် ယန္တရားလံပ်ပ္လဥပဒေ၊ လံပ်ဘြောင်ချာင် ကာည်း လံပ်ဘ္လံက်ချာင်ဘြား ကပီုန်/ဓဲ့တ်ဒရဲရ်ယူနီတ်ဂဲ လံမ်ဆေလံမ်အ်ုန် ။

53. ဇီုင်းအရေး ကဒါ့,လံပ်ပ္လဥပဒေ၊ လံပ်ဘြောင်ချာင် ကာည်း လံပ်ဘ္လံက်ချာင်ဘြား ကဒည်ခနား ကုင်ကပိုမ် ကာည်း ကပီုန်/ဓဲ့တ်ဒရဲရ်ယူနီတ်ဂဲဒီန် ဘုံပ်ကမိုန်ရဲန် တ ကောင်ဆံရ်အွံရ်ဇီုင်းလံပ်ကရောမ်ခြိုဝ်း။

INTERNAL

အခန်း (၈)

ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး

၅၂။ ဤပဋိညာဉ်ပါ ဖက်ဒရယ်တည်ဆောက်မှု အခြေခံဖြင့် ပြည်နယ်/ဖက်ဒရယ်ယူနစ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ သက်ဆိုင်ရာပြည်နယ်/ဖက်ဒရယ် ယူနစ်များ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ယန္တရားများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရမည်။

၅၃။ ပြည်ထောင်စုနှင့် ပြည်နယ်/ဖက်ဒရယ်ယူနစ်များအကြား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အရေးကိစ္စများကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ တွင် ညှိနှိုင်းဆောင်ရွက်မည်။

ဓါင်း(9)
ပိုန်ပ္လချာင် ဘည်ဘြဲဆား အူဒံင်ခ္လါည်းရာင်ပိူင်

54. မိုးပွံတ်ခနားဖိုချိူင်နီန် ဘုိပ်ခမိုပြိုဝ်ႇဖုင် အာပ်ဒဲႇဇိုင်းကပ္လိုင် တ ဖုင်ကိက်ဘည်ခမိုတံင် ရျံရုံး ဥပဒေ အူဒံင်ခနားဖိုချိူင်ခ္လါည်းရာင်ပိူင် ။

55. ပံပ်ဂြိုမ် ဘည်ခမိုတံင်ရျံရုံးဥပဒေ အူဒံင်ဖိုချိူင်ခ္လါည်းရာင်ပိူင်ဒီန် ဟောည်ႉပ္လရိတ် မံင်အူန်း အိုရ်ဆိုင်ယာမ်ဖေဝ်း တကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း၊ နံင်ပြာင်း ဟိုက် ပ္လရိတ်မံင်အုံန် တပါင်မိုန်ဒါင်းကုင် ။

56. ကုိန်ဟောည်ႉခ္လေါ်ႇခနားဖိုချိူင် တောပ်**ဘည်ခမိုတံင်ရျံရုံးဥပဒေ အူဒံင်ခ္လါည်းရာင်ပိူင်**၊ ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်းကဲ ဘုိပ်ခမိုပြိုဝ်ႇဒဲႇ ဘြောင်ချာင်ကုင်လံပ် ကရောမ်ခြိုဝ်း အူဒံင်ခ္လါည်းရာင်ပိူင်(Transitional National Unity Government – TNUG) အီတောပ် ရဲင်ဘ္လောမ်တောန်ကဒါ, အီကလဲ့ကဒေါမ်တောန်ဒီ ။

57. ကတံက်ကဘားဟာဝ်းပွံတ် တောပ်ဘည်ခမိုတံင်ရျံရုံးဥပဒေအူဒံင်ခ္လါည်းရာင်ပိူင် ၊ **ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်းခနားဖိုချိူင်**ဒီန် ဘုိပ်အာပ်ဒဲႇဇိုင်းကပ္လိုင် ပိုန်ဘူိန်း ရေဲန် တ **ဘြောင်ချာင်ကုင်လံပ်ကရောမ်ခြိုဝ်းအူဒံင်ခ္လါည်းရာင်ပိူင်**။

58. ကုိန်ဟောည်ႉပ္လရိတ်မံင် ဆံင်ကိုပ် 56 ကာည်း 57 ပိုန်ကိက်ပ္လိုရုံးအူန်း တပါင်မိုန်ဒါင်း ကုင်အူစဲာ်န်းပွံတ် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ဘုိပ်ပ္လိုရုံးစေညာ ဘည်ဟာည် ပျံတ်တကြျံတ်ဆီမ်းဟောည်, ပိုန်ပ္လချာင် ဘည်ခမိုတံင်ရျံရုံးဥပဒေ ခနားဖိုချိူင် ပဋ္ဌိညာဥ်ဓဲတ်ဒရဲရ်ဒီမိုကရေဆီ ဒေါန်(2) ဒီန်။

အခန်း (၉)
အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှု အစီအမံများ

၅၄။ ကြားကာလမှာပင် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်း အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်မည်။

၅၅။ အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ တွင် ကနဦးအတည်ပြု၍ ပြည်သူ့ ညီလာခံသို့ တင်ပြ အတည်ပြုမည်။

၅၆။ ကြားကာလလွန်မြောက်သည်နှင့် အင်အားစုအသီးသီး ပိုမိုကျယ်ပြန့်စွာ ပါဝင်သော အသွင်ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရ (Transitional National Unity Government – TNUG) ကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပေး ရမည်။

၅၇။ တဆက်တည်းမှာပင် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရက အသွင်ကူးပြောင်း ရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းရေးကာလ အမျိုးသား ညီညွတ်ရေးအစိုးရကို လုပ်ပိုင်ခွင့် တာဝန်လွှဲပြောင်းအပ်နှင်းရမည်။

၅၈။ ဖော်ပြပါပုဒ်မ ၅၆ နှင့် ၅၇ ကို ပြည်သူ့ညီလာခံတွင် ဆောင်ရွက်ပြီးစီး အတည်ပြုပြီးသည်နှင့် တပြိုင်နက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂) ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံကို ဖျက်သိမ်းပြီးကြောင်း အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီက ကြေညာရမည်။

ဓါင်း(10)
ဘြဲဆားပနိုက် ပဋ္ဌိညာဥ်

59. တောပ်အီဘာည်းဒေဲ့ ဘည်မိုးဘည်ဘာည်း အရေးတိုင်ကုင် ၊ ကိုန်ဆိင်ဘြဲဆား ပိုန်ပ္လုချာင် ကဒါ့ဘည်ခမိုတံင်ရျုံရုံ့ဥပဒေ ခနားဇိုချီုင်နီန် တောပ်ဘည်ဘာည်းထုင် တဘာည်ရေဲန် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း ၊ ဘြဲဆားပနိုက်ပောည့် စီတိူဝ်နလာည်း ပိုန်ပ္လုရီတ်မံင် တပါင်မိုန်ဒါင်းကုင် ။

အခန်း (၁၀)
ပဋ္ဌိညာဉ်အား ပြင်ဆင်ဖြည့်စွက်ခြင်း

၅၉။ ဖြစ်ပေါ်တိုးတက်လာသော နိုင်ငံရေးအခြေအနေများနှင့်အညီ ဤကြားကာလဖွဲ့စည်းပုံ ဥပဒေဆိုင်ရာ အစီအမံအား ပြင်ဆင်လိုပါက အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပြီး ပြည်သူ့ညီလာခံသို့တင်သွင်းအတည်ပြုချက်ရယူရမည်။

ဗါင်း(11)

ပိုန်ကိက်ပ္လိုုရ်ုနှပျဍာန်းတောန်နဲ(General Provisions)

60. ဗိုချိုင်အဆာက် ဒေါန်(2) ပဋ္ဍိညာဥ်ဗဲ့တ်ဒရဲရ်ဒီမိုကရေဆီနိန် မောက်ံပ်ရောတ် ဗူးလီပ်အဆာက် ကိက်ပျဍာန်းဟောည်, ဘည်ခမိုတံင်ရျံရ်ုဥပဒေအူဒံင်ခ္လါည်းရာင်ပိုင် ။

61. ဘုိပ်ရှိုရ်ုပ္လါဘေဲ့အမိင် ဗူးပွံတ်ဆန့်မ် 2021 ကျံရ်အာရ် ဆည်း(1) ၊ ဥပဒေ ၊ ပိုန်ဆူည့်ပိုန်ဒါ့ ၊ ကာည်းအမိင် ပိုန်ရှိုရ်ုလေး ဖုင်ဆိုက်ဘြာန်အီကဖါ့အာဏာကုင် ပါဒို့ဒိုည့် ဘည်ဘာည်းအာဝ်လီပ်ဘောင်အာဝ်တြားဒီန် ။

62. အူဒံင်(ခနားဗိုချိုင်)ညံ့မ်ပ္လရီတ်မံင် ညံ့မ်ပ္လိုုရ်ုပျဍာန်း ပဋ္ဍိညာဥ်ဗဲ့တ်ဒရဲရ်ဒီမိုကရေဆီနိန် ဥပဒေ၊ အမိင် ၊ ပိုန်ဆူည့်ပိုန်ဒါ့ ၊ ပိုန်ကအံမ်(ပိုန်ဂြေါပ်) ပိုန်ရှိုရ်ုဒေဲ့ ကာ်မ်မတီ ကနာည်းကုိန်ရံရ်ကုင်ပိုမ်ဒီန် ကုိန်အာဝ်ဆံင်ခံတ်တပဋ္ဍိညာဥ်ဗဲ့တ်ဒရဲရ် ဒီမိုကရေဆီနိန် အုိန်မို့ အုိန်ရီတ်မံင်ဟာဝ်းပွံတ်ဟာ်,။ ကာ်မ်မတီကနာည်းကုိန်ရံရ်ကုင်ကပိုမ်ဒီန် ဘူန်းဘြဲဆား ၊ ဘူန်းပျံတ်ဗီန် ဥပဒေ၊ အမိင် ၊ ပိုန်ဆူည့်ပိုန်ဒါ့ ၊ ပိုန်ကအံမ် အီအာဝ် ကပျားတောပ် ပဋ္ဍိညာဥ်နိန် ဒါပိုန်ဘ္လဆဖော ကမိုန် ကဒါ့မူဝါဒ တောပ်ဘည်မဟာ ဗျူဟာမူဘောင်ဒါင်း အီမို့ပိုန်ကိက်ပ္လအူန်း ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိူဝ်း ။

63. ယာမ်ရေဲန် တောပ်ဘည်ပိုန်ကကာမ်း၊ ကခံပ်ကယည်မဟာဗျူဟာဇိုင်းကာန်ဒါင်း ခေဲင် ပဋ္ဍိညာဥ်နိန် ကုိန်ဟျံတ်ဒေလို(ကုိန်ပျားဒေလို) ကနာည်ပဘိုးပနိုက် ကရောမ်ပ္လ ဂေါ့အရေးတိုင်ကုင်ခ္လါည်း အီနံင်ပဲန်ဒေဲ့ ပိုန်အာဝ်ရေဲန်အာဝ်ဘူန်း ဇိုင်းကာန်ဒါင်းဒီန် ဒဲ့ ခမိုဖုင်အီကဆံင်ပိုန်အာပ်ဒဲ့အူန်းဇိုင်းကပ္လိုုင်ဂဲဒီန်ကိက်ဟောည့်၊ ကောင်ဆံရ်အွံရ်ဇိုင်း လံပ်ကရောမ်ခြိူဝ်း စီပ္လရီတ်မံင်အုိန် တပါင်မိုန်ဒါင်းကုင် ။

64. တောန်ကဲအီလီပ်ဖုင်ကပါင်း ၊ အီလီပ်ဖုင် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိူဝ်းဒီန်ကဲ ဘုိပ်ရံပ်လာည်းဇိုင်းကပ္လိုုင် ကောင်ဆံရ်အွံရ်ဇိုင်းလံပ်ကရောမ်ခြိူဝ်း။

အခန်း (၁၁)

အထွေထွေပြဋ္ဌာန်းချက်များ (General Provisions)

၆၀။ ဤဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂) ၏ သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီး စတင် အသက်ဝင်သည့် အချိန်အထိ ဖြစ်သည်။

၆၁။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ အာဏာသိမ်းစစ်အုပ်စုက ထုတ်ပြန်ခဲ့သော ဥပဒေ၊ ညွှန်ကြားချက် နှင့် အမိန့်များ အားလုံးသည် တရားဝင်ခြင်း မရှိကြောင်း အမိန့်ထုတ်ပြန်ရမည်။

၆၂။ ဤဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်ကို ပြဋ္ဌာန်းအတည်ပြုနိုင်ခြင်းမရှိသေးမီ ကာလအတွင်း–ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီမှ ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လက်စွဲများသည် ဤဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့် မဆန့်ကျင်ပါက အတည်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် ဤပဋိညာဉ်နှင့် ကိုက်ညီမှုမရှိသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လက်စွဲများကို အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ချမှတ်ရေးဆွဲထားသော မဟာဗျူဟာ မူဘောင်များ နှင့်အညီ မူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

၆၃။ ဤပဋိညာဉ်ပါ ဦးတည်ချက်၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နေချိန်တွင် ဖြစ်ပေါ်လာသော နိုင်ငံရေးအပြောင်းအလဲများကြောင့် မဟာဗျူဟာလုပ်ငန်း စဉ်များကို မဖြစ်မနေ ထပ်မံပေါင်းစပ်ချမှတ်ဖော်ဆောင်ရန် လိုအပ်လာပါက အမျိုး သားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ အစုအဖွဲ့ကို ရေးဆွဲစေပြီး ပြည်သူ့ညီလာခံတွင် အတည်ပြုသွားရန်ဖြစ်သည်။

၆၄။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ အဖွဲ့ဝင် အဖွဲ့အစည်းတိုင်းသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီကိုတာဝန်ခံရမည်။

ၑါင်း(12)

ကဒိဆေတ်စာ ကဒါ့လံပ်ပျိုဝ့်ကုင်ကပိုမ်ဓဲတ်ဒရဲရ်ဒီမိုကရေဆီ

ပိုန်ရဲန် ကောင်ဆံရ်အွဲရ်ဇိုင်းလံပ်ကရောမ်ခြိုဝ်း၊ ပိုန်ရဲန်ဘြောင်ချောင်ကုင်ခနားဇိုချိုင်၊ ဇိုင်းကဒါ့လံပ်ဘွံက်ချောင်တြား ၊ ဇိုင်းကဒါ့ လံပ်ပ္လဥပဒေ အီမိုးပိုန်ဒါခနားဇိုချိုင်ဂဲဒီန် ပိုန်က ကာမ်း၊ ပိုန်ကယေင်၊ ငေါ့ခံန်(စံ)၊ ဇိုင်းကာန်ယိုဝ်ဒေင်အရေးတိုင်ကုင် အီတောပ်ခဲင် ပဋိညာဉ်ဒေါန်(1) ကာည်း တောပ်ဘည်ပ္လိုရ်းပျဉာန်းအူန်း ဒါဘည်ကရောမ်အွဲရ်၊ ဘည်က ရောမ်ရံပ်ဇိုင်းကပ္လိုင် အီတောပ်ခဲင်ပဋိညာဉ်ဒေါန်(2)ဂဲဒီန်(ratify) ပ္လရိတ်မံင် ဆဖောရူမ် ဆဖောရား နံင်ရဲန်ဟာဝ်းပွံတ်အလှိုးအခ်ုဟာ် ။

ခမို ဖုင်ပါဒိုဒိုည့် အီပ္လရိတ်မံင် ဆဖောရူမ်ဆဖောရား တပဋိညာဉ်နီန် ယာမ်ရဲန်ဇိုင်း ကဒါ့ အရေးတိုင်ကုင်၊ လံပ်ငိုပ်မေန်ကဖောည်၊ လံပ်ကုင်ဟံရ် ၊ လံပ်ဒံန်ခြဲကာည်းလံပ်ကတ်ုမ် ဒီန် ခါမ်အူန်းကဒိဆေတ်စာ နံင်ရဲန်ဟာဝ်း အီမိူဝ်အကျိုး တကုင်ကပိုမ်ဓဲတ်ဒရဲရ် ကာည်း တ တိုအီးကုင်/ကူန်ရဝ်မာဂါင်ဂဲပါဒိုဒိုည့် ။

အခန်း (၁၂)

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ လုပ်ဆောင်ချက်များ၊ ကြားကာလ အစိုးရ၏ လုပ်ဆာင်ချက်များ၊ ကြားကာလတွင် ကျင့်သုံးဆောင်ရွက်သည့် ဥပဒေပြုရေး ဆိုင်ရာ ကိစ္စရပ်များ၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပဋိညာဉ် အစိတ်အပိုင်း(၁)ပါ ပြည်ထောင်စု မျှော်ရည်ချက်၊ စံတန်ဖိုး၊ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ နိုင်ငံရေး လမ်းပြမြေပုံများနှင့် ပဋိညာဉ်အစိတ်အပိုင်း(၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုပေါင်းခေါင်း ဆောင်မှု၊ စုပေါင်းတာဝန်ခံမှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်ဟု သဘောတူအတည်ပြု (ratify) ကြပါသည်။

ဤပဋိညာဉ်ကို သဘောတူအတည်ပြုထားကြသော အစုအဖွဲ့အားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး ဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။